The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 15, NO . 28 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 27 , 2015



# မြန်မာ့ကော်ဖီသမိုင်းသစ်ကို ဖွင့်လှစ်လိုက်ပြီ

| တင်မာကြည် |

၂၀



## ဧည့်သည်လာထား အိမ်ရှင်ကြိုးစား ကုန်သွယ်မှုမြင့်မား

၁၄

## ပုသိမ် ဆန်စပါးဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးနှုန်းကျဆင်း

၄

## ထိုင်းအကောက်ခွန်ဦးစီးဌာနမှ ကိုယ်ပိုင်ပစ္စည်းများအပေါ် ဘတ်နစ်သောင်းဖိုးအထိ အခွန်ကင်းလွတ်ခွင့်ပြု

၁၂

## လယ်ယာသီးနှံများ အာမခံအပ်နှံခြင်းနဲ့ အပ်နှံထားတဲ့ သီးနှံများအပေါ်တွင် ချေးငွေ ထုတ်ပေးခြင်းဆိုင်ရာကိစ္စအား ပြည်ကုန်စည်ဒိုင်တွင်ဆွေးနွေး

၃၃



GBS
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
Partner's
Brand Logos
ZOOMLION
JN
ADVANCE
VIET FARM
SUNCUE
ကူဘိုတာထွန်စက်အမျိုးမျိုး
လေးဘီးထွန်စက်အမျိုးမျိုး
ကူဘိုတာမြေတူးစက်အမျိုးမျိုး
ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်အမျိုးမျိုး
GBM 7-Plus
နှစ်လုံးထိုးဝန်တင်ထော်လာဂျီ
ဆီစက်အမျိုးမျိုး
နှစ်ဘီးထွန်စက်အမျိုးမျိုး
လက်တွန်းထွန်စက်အမျိုးမျိုး
ဝန်တင်ထော်လာဂျီအမျိုးမျိုး
DONGFENG MINI TRUCK
(BRAND NEW)
ကောက်စိုက်စက်အမျိုးမျိုး
လေးလုံးထိုးအင်ဂျင်အမျိုးမျိုး
ဂီယာဘောက်အမျိုးမျိုး
ဒိုင်နမိုအမျိုးမျိုး
တစ်လုံးထိုးအင်ဂျင်အမျိုးမျိုး
ရေပန့်အမျိုးမျိုး
ခြွေလှေ့စက်အမျိုးမျိုး
ကောက်ရိတ်စက်အမျိုးမျိုး
ဆန်စက်အမျိုးမျိုး
စပါးအခြောက်ခံစက်အမျိုးမျိုး
www. gbs.com.mm E-Mail : gbsygn.pr@gmail.com

# ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်လာခြင်းမရှိသည့် ကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ ဆွေးနွေး



ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်း မရှိသည့်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ဇူလိုင် ၂၀ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် ပို့ကုန်လိုင်စင်များ လျှောက်ထားရာတွင် ဘဏ်မှထုတ်ပေးသည့် Bank Credit ပေးမှသာ သဘောတင်ခွင့်ပေးသည့်အတွက်ကုန်သည်များအနေဖြင့် နှစ်ရင်းရင်းနေရသည်ကို ပြောကြားကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာရှနိုင်ငံများတွင် အဆိုပါစနစ်မရှိသဖြင့် ကုန်သည်လုပ်ငန်းရှင်များမှာ များစွာနစ်နာရပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများနှင်ညှိနှိုင်း၍ ၂၀၁၅ ခုနှစ် ဇွန်လ ၁၆ရက်နေ့မှ စတင်ကာ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ကြေညာလွှာ လျှောက်ထားရာမှာ Bank Credit ပူးတွဲပြရန်မလိုတော့ကြောင်း၊ သို့သော် Bank Credit ပြရန်မလိုတော့သဖြင့် ပို့ကုန်လုပ်ငန်းရှင်များသည် ပြည်တွင်းသို့ ပို့ကုန်ရငွေများကို ပြန်လည်ထည့်သွင်းခြင်း မပြုသည့်အတွက် ပို့ကုန်ရငွေမှာ ယခင်ကထက် သိသိသာသာ လျော့နည်းသွားခဲ့ကြောင်း။

နိုင်ငံခြားငွေကြေးသည် မြင့်ခြင်း နိမ့်ခြင်းဆိုသည်ထက် တည်ငြိမ်မှုရှိစေရန် အလွန်ပင်အရေးကြီးလှပါကြောင်း၊ ဗဟိုဘဏ်နှင့်တကွ အသင်းအဖွဲ့များပါ ဝိုင်းဝန်းလုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေကြေးများ ဈေးနှုန်းကြီးမြင့်နေမှုအပေါ် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက မှန်မှန်ကန်ကန်ပွင့်ပွင့်လင်းလင်းဆွေးနွေးကြပြီး ကောင်းမွန်သောအကြံပြုချက်များဖြင့် အဖြေရှာကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးဦးမင်းဟန်စိုးက ဗဟိုဘဏ်အနေဖြင့် နေပြည်တော်သို့ ပြောင်းရွှေ့သွားသည့်ကာလအတွင်းတွင် ရန်ကုန်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့နှင့် Network ချိတ်ဆက်ပျက်သွားသဖြင့် ပို့ကုန်လုပ်ငန်းရှင်များ၏ ပို့ကုန်ရငွေများ ဝင် မဝင်ကို မသိရှိရတော့ပါကြောင်း၊ နေပြည်တော်တွင် အဆိုပါ Network ချိတ်ဆက်ခြင်းလုပ်ငန်းသည် မကြာမီပြီးစီးမည်ဖြစ်၍ ပို့ကုန်ရငွေများ ဝင် မဝင်ကို သေချာစွာ သိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်နှင့် UMFCCI မှ တာဝန်ရှိသူများ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၄-၁၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဇူလိုင် ၂၄ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ညီလာခံခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် တက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အခမ်းအနားသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်၏ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ပင်ဖြစ်ပါကြောင်း၊ ယခုအခါတွင် MITS အနေဖြင့် စစ်ဆေးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိခြင်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများ စတင်နေခြင်း၊ CTQM နှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း အပါအဝင် ပြည်ပနိုင်ငံများနှင့်လည်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ MITS အနေဖြင့် ပြည်ပပို့ကုန်သွင်းကုန်စစ်ဆေးခြင်းလုပ်ငန်းများကို ရန်ကုန်ဆိပ်ကမ်းတွင် ဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့တွင် ဆောင်ရွက်ခြင်းများရှိနေသော်လည်း စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိစပ်နေသည့်သက်ဆိုင်ရာနိုင်ငံများ၏ စစ်ဆေးရေးမူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်နည်းပညာရပ်များကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စတင်ဆောင်ရွက်လျက်ရှိသည့် ဓာတ်ခွဲခန်းလုပ်ငန်းကိုလည်း စားအုန်းဆီစစ်ဆေးခြင်းအပြင် တခြားဓာတ်ခွဲစမ်းသပ်မှုများ လုပ်ဆောင်နိုင်ရန်အတွက် CTQM နှင့်ပေါင်းစပ်၍ လုပ်ကိုင်သင့်သည်များကိုလုပ်ကိုင်ပြီး ဝန်ကြီးဌာနအတွက် Central Lab တစ်ခုအဖြစ်မြှင့်တင်၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင်ပါဝင်နိုင်မည့် ထက်မြက်သည့်ဓာတ်ခွဲခန်းလုပ်ငန်းတစ်ခုအဖြစ် ကြိုးစားကြရန်လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက် ဥက္ကဋ္ဌ ဦးလှမော်ဦးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် ဒါရိုက်တာအဖွဲ့၏ ဆုကြေးများ၊ အမြတ်ဝေစုခွဲဝေမှုများကို အသီးသီးပေးအပ်ခဲ့ပြီး ဂုဏ်ပြုဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် ဥက္ကဋ္ဌ ဦးလှမော်ဦး၊ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်နှင့် တာဝန်ရှိသူများ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှအသင်းသူ အသင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မြန်မာ့ဆန်နဲ့ ဆန်ကွဲကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပိုမိုတင်ပို့

တရုတ်နိုင်ငံကို အဓိကဆန်တင်ပို့တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၇ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၇၅၀ သန်းဖိုး ရှိ ငစိန်ဆန် တန် ၁၉၀၀ နဲ့ ညှော်မထဆန် ၂၅၅၀ ကိုသာ တင်ပို့နိုင်ခဲ့တဲ့အတွက် ဆန်တင်ပို့မှုများစွာ လျော့ကျခဲ့ပါတယ်။

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၃၄၉ သန်းဖိုးရှိ ငစိန်ဆန် ၉၉၆ တန်သာ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်က တရုတ်နိုင်ငံကို ဆန်တင်ပို့ရာမှာ အကြွေးစနစ်နဲ့တင်ပို့ခဲ့တာကြောင့် အဖမ်းအဆီးများဖြစ်ပေါ်လာတဲ့အခါမှာ တရုတ်ကုန်သည်များကငွေပေးချေရန် ပျက်ကွက်ခဲ့ကြပါတယ်။ အဲဒီလို ငွေပေးငွေယူ ပြဿနာများကြောင့် ယခုအခါမှာ အကြွေးစနစ်နဲ့ရောင်းချခြင်းမပြုဘဲ လက်ငင်းငွေချေစနစ်နဲ့ ရောင်းချလျက်ရှိကြောင်း ဆန်ကုန်သည်များထံမှ သိရှိရပါတယ်။

“ယခင်သီတင်းပတ်က တရုတ်ကုန်သည်တွေက အဝယ်ရပ်သွားတော့ မူဆယ်မှာရှိတဲ့ ဂိုထောင်တွေမှာ ဆန်တွေပြည့်သွားတယ်။ ထားစရာ နေရာမရှိတော့ဘူး။ အခုအချိန်မှာ ဝယ်တယ်ဆိုပေမယ့်လည်း အများကြီး မသွားသေးဘူး။ အရင်က အကြွေးစနစ်နဲ့ဆိုတော့ အဖမ်းခံရရင် တရုတ်ကုန်သည်တွေက ငွေမပေးတော့ဘူး၊ လက်ငင်းစနစ်နဲ့ ရောင်းတော့ အဖမ်းခံရရင်လည်း တရုတ်ကုန်သည်တွေပဲ ခံရမှာဖြစ်လို့ ဈေးနှိမ်ချင်တဲ့သဘောရှိတယ်”လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။ ဒါ့အပြင် ယခုအချိန်ဟာ ဗီယက်နမ်နိုင်ငံမှာ နွေစပါးပေါ်ချိန်ဖြစ်ရာ ဗီယက်နမ်ဆန်ကိုလည်း တရုတ်ကုန်သည်တွေက ဝယ်ယူနေကြတဲ့အတွက် မြန်မာ့ဆန်ကို တရုတ်ကုန်သည်တွေ အဝယ်လျော့နည်းသွားခဲ့ရတယ်လို့ ဆိုပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုလျော့ကျသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှဆန်ရော ဆန်ကွဲပါပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ ဇူလိုင်လ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၃၅၅ သန်းဖိုးရှိပေါင်းဆန် ၈၁၅ တန်ကို ဘူလ်ဂေးရီးယား၊ ဂရိ၊ တရုတ်နဲ့ ကိုရီးယားနိုင်ငံများကို လည်းကောင်း၊ ကန်ဒေါ်လာ သုည ဒသမ ၈၆၅ သန်းဖိုးရှိ ဆန်ဖြူ ၂၄၇၃ တန်ကို အီးယူနိုင်ငံများနဲ့ တရုတ်၊ စင်ကာပူနိုင်ငံသို့လည်းကောင်း တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၁၂၂၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာလည်း ကန်ဒေါ်လာ ၁ ဒသမ ၀၂၈ သန်းဖိုးရှိ ဆန်ကွဲ တန် ၃၈၀၀ ကို ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ စင်ကာပူနဲ့ အီးယူနိုင်ငံများသို့ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် တန်ချိန် ၂၇၀၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၇-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၁၃ | ၄၀၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၄ | ၃၉၉ | ▽ | ၃၄၅ | ၃၄၅ | □ | ၃၇၅ | ၃၇၅ | □ | ၃၇၀ | ၃၇၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၈၆ | ၃၈၁ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၀ | ၃၃၀ | □ |
| ပေါင်းဆန် | ၄၀၅ | ၃၉၀ | ▽ | - | - | - | ၃၇၀ | ၃၈၀ | △ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၇-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၀ | ၄၇၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၄၅ | □ | - | - | - | - | - | - |

*Source: oryza.com*

# ပုသိမ် ဆန်စပါးဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးနှုန်းကျဆင်း

ပုသိမ်ဆန်၊ စပါးဈေးကွက်တွင် စပါးဈေးနှုန်း ကျဆင်းလာမှုနှင့်အတူ ဆန်ဈေးနှုန်းမှာလည်း လျော့ကျလျက်ရှိကြောင်း၊ ယခင်လအတွင်းက ဧရာဝတီ ပေါ်ဆန်းစပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ၁၀ သိန်းခွဲမှ ယခု ကျပ် ၁၀ သိန်း၊ ပေါ်ဆန်းရင် စပါး ၅၂ ပေါင်ခွဲ တင်း ၁၀၀ ကို ၉ သိန်းခွဲမှ ယခု ကျပ် ၉ သိန်း၊ ညှော်မထအုပ်စု မနော်သုခ၊ မီးကောက်၊ မျိုးပွား ပေါင် ၅၀ တင်း ၁၀၀ ကို ၅၃၀၀၀၀ကျပ်ဈေးမှ ယခု ၅၁၀၀၀၀ ကျပ်ဈေးနှုန်းနှင့် နွေသီးထပ်ရင် စပါး ပေါင် ၅၀၊ တင်း ၁၀၀ ကို ယခင် ၅၀၀၀၀၀ ကျပ်ဈေးမှ ယခု ၄၈၀၀၀၀ ကျပ်နှုန်း ကျဆင်းလျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

စပါးဈေးနှုန်းများ ကျဆင်းလာမှုနဲ့အတူ ဆန်ဈေးနှုန်းမှာလည်း ဇွန်လ ဒုတိယပတ်မှစ၍ ကျဆင်းလျက်ရှိရာ ယခုဇူလိုင်လ ဧရာဝတီပေါ်ဆန်း တစ်အိတ်ကို ယခင် ၄၀၀၀၀ ကျပ်-၄၁၀၀၀ ကျပ်မှ ယခု ၃၇၀၀၀ ကျပ်-၃၇၅၀၀ ကျပ်၊ ပေါ်ဆန်းရင် ယခင် တစ်အိတ်ကို ၃၈၀၀၀ ကျပ်-၃၉၀၀၀ ကျပ်မှ ယခု ၃၆၀၀၀ကျပ်-၃၆၅၀၀ကျပ်၊ ညှော်မထအုပ်စု၊ မီးကောက်၊ မနော်သုခ မျိုးပွားတစ်အိတ်ကို ယခင် ၂၀၀၀၀ ကျပ်-၂၁၀၀၀ ကျပ်မှ ယခု ၁၉၀၀၀ ကျပ်-၁၉၅၀၀ ကျပ်အထိ ဈေးနှုန်းကျဆင်းသွားပြီး နွေသီးထပ်ဆန်တစ်အိတ်ကို ၃၀၀၀ ကျပ်ဝန်းကျင်နှင့် ညှော်မထအုပ်စုဆန် တစ်အိတ်ကို ၁၀၀၀ ကျပ်ဝန်းကျင်ခန့်၊ သီးထပ်ဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်ဝန်းကျင်ခန့် ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

လက်ရှိဆန်၊ စပါးဈေးကွက်မှာ ဈေးနှုန်းများ ကျဆင်းချိန် ရောင်းချသူများဘက်မှ မိမိလက်ဝယ်ရှိ ဆန်များကို ထင်သလောက်မရောင်းချရဘဲ ဝယ်ယူသူမှာသလောက်သာ ရောင်းချရသည့်အတွက် ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ် အေးလျက်ရှိပြီး အရောင်းအဝယ်သွက်ချိန် ဈေးတန်းတစ်ခုတွင် မိမိပစ္စည်းရှိသလောက် ရောင်းချရသည့်အတွက် ပို၍တွက်ချေကိုက်ကြောင်း၊ လက်ရှိပုသိမ်ဆန်ဈေးကွက်မှာ ပြည်တွင်းစားသုံးမှု ပုံမှန်ရှိသော ပေါ်ဆန်း၊ ညှော်မထအုပ်စုဝင် ဆန်များသာ ရောင်းဝယ်မှုရှိ၍ မန္တလေး အထက်အညာဒေသသို့ အဓိက တင်ပို့နေသော နွေသီးထပ်ရင် ဆန်ဈေးကွက်မှာ ဝယ်လိုအားလျော့နည်းလျက်ရှိပြီး မူဆယ်မှ အဝယ်အေးလျှင် ပုသိမ်ဈေးကွက်မှာလည်း အရောင်းအဝယ်အေးသွားကြောင်း၊ ရန်ကုန်- ပြည်သို့ တင်ပို့မှုမှာလည်း ပွင့်လင်းရာသီထက် ပုံမှန်အောက် လျော့နည်းလျက်ရှိကြောင်း ပုသိမ်မြို့ရှိ ဆန်ကုန်သည်တစ်ဦးက ပြောပါတယ်။ **မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၇-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၁၈၅၀၀ | □ | ၈၉၆၀ | △ | ၄၀၀၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၂၁၀၀၀ | □ | ၇၄၄၇ | □ | ၃၆၅၀၀ | □ |
| ပဲခူး | ၄၅၅၀ | □ | ၁၉၀၀၀ | ▽ | ၇၀၀၀ | △ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၂၀၀၀၀ | □ | ၁၁၆၀၀ | △ | ၄၀၀၀၀ | △ |
| စစ်တွေ | ၄၈၀၀ | □ | ၁၉၀၀၀ | □ | ၇၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၅၀၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၄၁၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | □ | ၁၉၀၀၀ | △ | ၈၀၀၀ | △ | ၃၃၀၀၀ | △ |
| လွိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | ▽ | - | - | ၄၄၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနော်သုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ငွေလဲနှုန်းကြောင့် မူဆယ်ဆန်ဈေးကွက် ဈေးမာနေသလို ပြည်တွင်းဆန် ဈေးကွက်လည်း ဈေးခိုင်နေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဇူလိုင် ၂၄ ရက် ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ ထိပ်စ ၃၈၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ် ပေါ်ဆန်းလတ်စ ၃၉၀၀၀ ကျပ်၊ ထိပ်စ ၄၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းလတ်စ ၃၅၀၀၀ ကျပ်၊ ထိပ်စ ၃၆၅၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးပြောင်းလဲမှုမရှိသော်လည်း ရွှေဘို ပေါ်ဆန်း ထိပ်စ တစ်အိတ် ၄၄၅၀၀ ကျပ်မှ ၄၅၅၀၀ ကျပ်ဖြစ်ခဲ့လို့ တစ်အိတ် ၁၀၀၀ ကျပ်ဝန်းကျင်ဈေးမြင့်ခဲ့ပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ညှော်မထ လတ်စ တစ်အိတ် ၁၉၅၀၀ ကျပ်၊ ထိပ်စ ၂၀၈၀၀ ကျပ်၊ မိုးသုခ ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်၊ ဆင်းသွယ်လတ် ၂၂၀၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်၊ နွေဆန်ရှယ် တစ်အိတ် ၁၈၅၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ဖြစ်ခဲ့လို့ တစ်ပတ်အတွင်း ဈေးအနည်းငယ်ခိုင်လာခဲ့ပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ ဇူလိုင်လ ၂၄ ရက်ဈေးနှုန်းများအရ ညှော်မထ ၅ မှတ် မော်ဘီ ၁၂၈-၁၃၀ ယွမ်၊ နွေရှယ် တစ်အိတ် ၁၂၄-၁၂၇ ယွမ်ဖြစ်ပြီး အရောင်းအဝယ်သွက်နေတဲ့ ညှော်မထ ၁၅ မှတ် ၇၄၇ တစ်အိတ် ၁၂၇-၁၃၁ ယွမ်၊ ငစိန် ၅ မှတ် ၁၂၈-၁၃၀ ယွမ်ဖြစ်ခဲ့ပါတယ်။ မူဆယ်ရှိ ယွမ်ဈေးမှာ ဇူလိုင် ၁၇ ရက်က တစ်ယွမ် ၁၉၀ ကျပ်တက်ခဲ့ပြီး ယခုဇူလိုင် ၂၄ ရက်မှာ တစ်ယွမ် ၂၀၀ ကျပ်ဝန်းကျင်ဖြစ်နေတာကြောင့် ဆန်အဖမ်းအဆီးရှိလို့ အဝယ်အေးသလို ဆန်စုပုံနေတာကြောင့် ဈေးအေးနေပေမယ့် တရုတ်ယွမ်ငွေတန်ဖိုး တက်နေတာကြောင့် ဆန်တစ်အိတ်ဈေးနှုန်း သိပ်ကျမသွားဘူးလို့ သိရပါတယ်။

မြန်မာ့ဆန်၊ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁၇ ရက်ထိ တန်ချိန် ၅၈၁၅၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၁ သန်းကျော်ဖိုး တင်ပို့ထားပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၃၂၇၀၀ တန်ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၃ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။

**MIRT - YGN**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၇-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၇/၇ | ၂၄/၇ | ပြောင်းလဲမှု | ၁၇/၇ | ၂၄/၇ | ပြောင်းလဲမှု | ၁၇/၇ | ၂၄/၇ | ပြောင်းလဲမှု | ၁၇/၇ | ၂၄/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၃၁ | ၂၁၄၇ | ▼ | ၂၂၅၀ | ၂၁၃၃ | ▼ | ၂၁၅၀ | ၂၁၅၀ | ■ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၂၁၃ | ၂၂၂၂ | ▲ | - | ၂၁၆၇ | - | ၂၁၂၅ | ၂၁၀၀ | ▼ | ၂၀၀၀ | ၂၀၀၀ | ■ |
| ၃ | ပဲတီစိမ်း | ၁၉၁၅ | ၁၉၆၅ | ▲ | ၁၉၅၆ | ၁၉၅၆ | ■ | ၁၉၇၄ | - | - | ၁၈၉၅ | ၁၈၇၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၄၆၀ | ၁၄၈၀ | ▲ | - | - | - | - | - | - | ၁၂၉၀ | ၁၃၀၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၁၅ | ၁၂၃၀ | ▲ | ၁၀၈၃ | - | - | - | - | - | ၁၀၃၀ | ၁၀၅၃ | ▲ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၈၁၅ | ▲ | ၈၈၉ | ၈၅၃ | ▼ | ၇၃၇ | ၇၃၇ | ■ | ၇၁၀ | ၈၈၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၇-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၆/၇ | ၂၃/၇ | ပြောင်းလဲမှု | ၁၆/၇ | ၂၃/၇ | ပြောင်းလဲမှု | ၁၆/၇ | ၂၃/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၂၀ | ၁၀၇၀ | ▼ | ၁၂၂၂ | ၁၁၃၀ | ▼ | ၁၁၀၃ | ၁၁၄၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၉၀ | ၁၀၉၀ | ■ | ၁၁၅၀ | ၁၁၄၆ | ▼ | ၁၁၅၀ | ၁၁၅၀ | ■ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၀၃၂ | ၁၀၀၈ | ▼ | ၁၁၀၃ | ၁၀၀၅ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၂၅ | ၇၂၂ | ▼ | ၆၉၇ | ၇၀၆ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၁.၆.၁၅)ထိ | ယခုတစ်ပတ် (၁၈.၇.၁၅)ထိ | (၁.၄.၁၅) မှ (၁၈.၇.၁၅) ထိ |
| မတ်ပဲ | ၇၅၄၉ | ၁၂၅၂၆ | ၃၀၅၂၄၆ |
| ပဲတီစိမ်း | ၁၇၄၅ | ၁၇၈၄ | ၇၃၀၃၀ |
| ပဲစင်းငုံ | ၃၁၁၆ | ၃၄၃၅ | ၈၂၈၃၈ |
| ကုလားပဲ | ၁၈၄၀ | ၂၃၅၂ | ၁၅၇၃၈ |
| ပဲလွန်းဖြူ | ၇၆ | ၃၄၈ | ၉၀၅၃ |
| မြေထောက်ပဲ | ၂၅၄ | ၅၃၀ | ၉၄၀၃ |

## စစ်ကိုင်းပဲတီစိမ်း အရောင်းအဝယ်ပုံမှန်ရှိ

မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ မုံရွာမြို့နယ်၊ အမြင့်ကျေးရွာအုပ်စုနှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ကျေးရွာများမှ ပဲတီစိမ်း တင်း ၄၀၀၊ ၅၀၀ ခန့် ဝင်ရောက်ပါတယ်။

တရုတ်ဝယ်လက်အဆွဲရှိ၍ မန္တလေးဝယ်လက်ရှိကာ ဇူလိုင် လတတိယပတ်တွင် ပဲတီစိမ်းဈေးငြိမ်နေသော်လည်း တစ်ရက်လျှင် ပျမ်းမျှ တင်း ၅၀၀ မှ ၁၀၀၀ ကြား မုံရွာကုန်စည်ဒိုင်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်ပါတယ်။ ဇူလိုင်လအတွင်း ပဲတီစိမ်း တစ်တင်း၏အနိမ့်၊ အမြင့်ပေါက်ဈေးမှာ ၃၈၅၀၀ ကျပ်၊ ၃၉၀၀၀ ကျပ်ဈေးရှိပြီး ကာလတူပေါက်ဈေးမှာ ၃၆၀၀၀ ကျပ်၊ ၃၇၀၀၀ ကျပ်ဈေးရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ယခင်နှစ်ဈေးကိုမမီဘဲ ပြည်ပဲပုပ် ဈေးငြိမ်လျက်ရှိ

ယခုနှစ်အတွင်း ဈေးငြိမ်နေတဲ့ ပဲထဲမှာ ပဲပုပ်သီးနှံပါဝင်နေပြီး တစ်တင်း ၁၆၅၀၀ ကျပ်ဖြင့်သာ ယခင်ဇွန်လလယ်မှစ၍ ၎င်းဈေးအတိုင်း အခုချိန်ထိ အပြောင်းအလဲမဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ လက်လီသမားအဝယ်ရှိလို့ အိတ် ၁၅၊ ၂၀ ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်က ဇူလိုင်လအတွင်း ပဲပုပ်သီးနှံဈေးမှာ ၁၉၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး လကုန်ပတ်မှာ ၂၀၀၀၀ ကျပ်ထိ ဈေးမြင့်လာပေမယ့် ယခုနှစ်မှာတော့ ဇူလိုင်လဆန်းမှ ယခုလကုန်ခါနီးထိ ဈေးငြိမ်နေခဲ့ကာ ယခင်နှစ်ကဈေးကိုလည်း ယခုနှစ်မမီဘဲ ဈေးအေးခဲ့တဲ့သီးနှံဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် ဇူလိုင်တတိယပတ်ပဲဈေးကွက် ပဲအများစုဈေးတက်

မုံရွာကုန်စည်ဒိုင် ဇူလိုင်တတိယပတ် ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ရှိတဲ့ပဲတွေ ဆက်လက်ဈေးမာနေ သလို ပြည်တွင်းသုံးပဲတွေပါ ဈေးမာခဲ့တာတွေ့ရပါတယ်။ အထူးသဖြင့် ကုလားပဲမျိုးစုံဈေးကွက်မှာ ပြီးခဲ့တဲ့သီတင်းပတ်တွေကထက် ဈေးမြင့်တက်ခဲ့ရာ ထိုင်ဝမ်တစ်တင်း ၂၅၀၀၀ ကျပ်၊ V2 တစ်တင်း ၂၃၈၀၀ ကျပ်နဲ့ 929 တစ်တင်း ၂၅၀၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး၊ ကုန်သည်လက်ဝယ်မှာ ပစ္စည်းလျော့နည်းလာကာ ဝယ်လိုသူတွေ ပေါများခဲ့လို့ အခုလိုဈေးမြင့်တက်ခဲ့တာလို့ ကုန်သည်အသိုင်းအဝိုင်းကဆိုပါတယ်။

ဇူလိုင် ၂၃ ရက်နေ့ ဒိုင်ဈေးကွက်မှာ ကုလားပဲမျိုးစုံ တင်း ၃၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ရာ၊ ကုလားပဲဖြူလုံးကြီး တစ်မျိုးတည်း တင်း ၂၀၀၀ ခန့်ဖြစ်ခဲ့ပြီး၊ ဝယ်လက်အများစုမှာ ရန်ကုန်ဝယ်လက်ဖြစ်တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် စိမ်းကြီးဈေးကွက်အနေနဲ့ နယ်ကပဲအသစ်တွေ အဆက်မပြတ်ဝင်ရောက်ခဲ့ပြီး၊ တရုတ် ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်ပုံမှန်ဝယ်လိုအားကောင်းနေလို့ တစ်တင်း ၃၉၀၀၀ ကျပ်နဲ့ ၃၈၀၀၀ ကျပ်အတွင်း ဆက်လက်ဈေးမာလျက်ရှိကာ တစ်ရက်အိတ် ၂၀၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ငုံနီဈေးကွက်ကတော့ သိုသိပ်လျှို့ဝှက်တဲ့ အရောင်းအဝယ်ဆန်ဆန်သာဖြစ်ခဲ့ပြီး၊ ကုန်သည်လက်ဝယ်မှာ ပဲများများစားစား မရှိတော့ဘဲ၊ ဝယ်လက်တွေနဲ့ရောင်းလက်အချင်းချင်းချိတ်ဆက်ကာ ဝယ်လိုသူက ပဲရဖို့ ဒိုင်ပြင်ပ ဈေးကွက်အနေနဲ့ ဈေးပေးဝယ်ယူမှုရှိခဲ့လို့ ယခုတစ်ပတ်မှာ တစ်တင်း ၄၃၀၀၀ ကျပ်အထိ အမြင့်ဈေး ပေါက်ခဲ့တာ တွေ့ရပါတယ်။ ဈေးကွက်အနေနဲ့ ဒိုင်မှာနေ့စဉ် အရောင်းအဝယ်မဖြစ်ပေမယ့် ဒိုင်ပြင်ပပေါက်ဈေး အရတော့ တစ်ရက် အိတ် ၅၀၀ မှ ၁၀၀၀ ကြား ဖြစ်နိုင်တယ်လို့ မုံရွာဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

ဈေးမြောက်နေတဲ့ ပြည်ပပို့ကုန် ပဲတစ်မျိုးဖြစ်တဲ့ မတ်ပဲဈေးကွက်မှာလည်း ယခုတစ်ပတ်မှာ ဝယ်လိုအား ကောင်းနေပေမယ့် ကုန်သည်လက်ကျန်မှာ ပဲနည်းလို့ တစ်တင်း ၄၃၀၀၀ ကျပ်ထိ ဈေးမြောက်နေခဲ့ပြီး၊ တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပြည်တွင်းသုံးပဲကြီးဈေးကွက်အနေနဲ့ ပဲလက်ကျန်လျော့လာလို့ ရောင်းသူဈေးကွက်ဖြစ်ခဲ့ကာ ယခုတစ်ပတ်မှာ တစ်တင်း ၂၉၅၀၀ ကျပ်ထိ အမြင့်ဈေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၇၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

ပြည်တွင်းသုံးပဲတွေဖြစ်ကြတဲ့ ကသဲ၊ ပဲနီလုံးကြားနဲ့ ပုဂံပဲတွေလည်း ဒီတစ်ပတ်မှာ တက်ဈေးအသီးသီး ဖြစ်ပေါ်ခဲ့ရာ ကသဲပဲတစ်တင်း ၁၅၅၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၆၀၀၀ ကျပ်နဲ့ ပုဂံပဲတစ်တင်း ၁၈၀၀၀ ကျပ်ထိ ဈေးမြောက်ခဲ့တာတွေ့ရပါတယ်။အရောင်းအဝယ်အနေနဲ့ ကသဲပဲအိတ် ၇၅၀ ခန့်၊ ပဲနီလုံးကြား အိတ် ၃၀၀ ခန့်နဲ့ ပုဂံပဲအိတ် ၅၀ ခန့် နေ့စဉ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

CP ပြောင်း ဈေးကွက်မှာတော့ အသစ်မပေါ်သေးဘဲ ဝယ်လိုအားကောင်းနေလို့ ယခုတစ်ပတ်မှာ တစ်တင်း ၉၇၀၀ ကျပ်၊ တက်ဈေးမြောက်ခဲ့ပြီး တစ်ရက်အိတ် ၃၀၀ မှ ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းဈေးမြင့်ရပြီး ပဲစင်းငုံဈေးငြိမ်နေကာ မတ်ပဲဈေးပြန်အေးသွားခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ အဓိကအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲကြီးသီးနှံများအနက် ယခုတစ်ပတ်မှာ ပဲတီစိမ်းနှင့် ပဲကြီးတို့ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲဈေးမှာ ဈေးပြန်လျော့သွားသလို ပဲစင်းငုံသီးနှံမှာ ဈေးငြိမ်လျက် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။ အခြားပဲများကတော့ လက်လီသာ အရောင်းအဝယ်ဖြစ်သလို ဈေးလည်းငြိမ်နေကြပြီး အရောင်းအဝယ်လည်း အေးခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် မတ်ပဲသီးနှံမှာ ရန်ကုန်ဝယ်လက် အရောင်းအဝယ်ရှိသော်လည်း ပုံမှန်သာဖြစ်လို့ အိတ် ၃၀၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲအဝင်မရှိသလောက်ပါးခဲ့ပြီး လက်ကျန်ပဲများရှိလို့ ထုတ်ရောင်းချ နေခဲ့တယ်လို့ သိရပါတယ်။ တောင်သူများလက်ဝယ်တွင် ပဲလက်ကျန်မရှိတော့ဘဲ လှောင်သမားများထံမှာသာ ရှိခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်တင်း ၄၃၂၀၀ ကျပ်ထိ ဝယ်လိုအားကောင်းလို့ ဈေးမြင့်တက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တင်း ၄၁၅၀၀ ကျပ်ထိ ဈေးပြန်လျော့သွားပြီး အရောင်းအဝယ်ဖြစ်မှု ပမာဏကလည်းနည်းသွားခဲ့ပါတယ်။ ယခင်နှစ်က ဇူလိုင်လအတွင်းမှာတော့ ၂၇၀၀၀ ကျပ်နှင့် ၂၉၀၀၀ ကျပ်ကြားဈေးရရှိခဲ့ပြီး ယခုနှစ်ကတော့ ပဲဈေးနှုန်း စံချိန်တင်ခဲ့တဲ့ နှစ်ဖြစ်ခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း နေ့စဉ်အဝယ်မဖြစ်ဘဲ တစ်ခါတစ်ရံအရောင်းအဝယ်ဖြစ်ပေမယ့် ပဲဈေးနှုန်းမှာ မတ်ပဲနှင့်အပြိုင် ဈေးမြင့်တက်ခဲ့ပြီး ယခုတစ်ပတ်မှာ မတ်ပဲဈေးပြန်လျော့သွားပေမယ့် ပဲစင်းငုံဈေးကတော့ ယခင်တစ်ပတ်ဈေးအတိုင်း ဈေးကောင်းရလျက်ရှိခဲ့ပါတယ်။

ပဲစင်းငုံဈေးမှာ ယခင်နှစ်က ဇူလိုင်လအတွင်းတစ်တင်း ၂၁၀၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ်မှာတော့ ယခင်နှစ်ဈေးနှုန်းရဲ့ နှစ်ဆခန့်ရရှိခဲ့ပါတယ်။ ယခင်နှစ် ဈေးနှုန်းအရ ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲနှင့် ပဲစင်းငုံများအနက် မတ်ပဲက တစ်တင်း ၈၀၀၀ ကျပ်နီးပါးခန့် ဈေးပိုရပေမယ့် ယခုနှစ်ဈေးနှုန်းများကတော့ မတ်ပဲရော ပဲစင်းငုံပါ နှစ်မျိုးစလုံး ပဲဈေး တန်းတူနီးပါးလိုက်နေခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ယခုလအတွင်း နေ့စဉ်ပဲအဝင်မရှိတော့ဘဲ ရက်ခြားလောက်သာအဝင်ရှိခဲ့ကာ အိတ် ၃၀၀ ကျော်ခန့်သာ ဝင်ရောက်ခဲ့ကြပါတယ်။ သာယာဝတီခရိုင်ဘက်ရှိ မြို့နယ်အချို့နှင့် ပြည်ခရိုင်ဖက်ခြမ်းမှ ရွှေတောင်၊ ပန်းတောင်းအပြင်၊ မကွေးတိုင်း ကံမနှင့် မင်းတုန်းဖက်မှ ယခင်တစ်ပတ်အထိ နေ့စဉ်ဝင်ရောက်ခဲ့ပေမယ့် ယခုတစ်ပတ် မှာတော့ မြို့နယ်များမှာ ပဲလက်ကျန်များနည်းလာတဲ့အတွက် ရက်ခြားသာ ဝင်ရောက်ခဲ့ခြင်းဖြစ်တယ်လို့ သိရပါ တယ်။ ဈေးနှုန်းကတော့ တစ်တင်း ၂၆၆၀၀ ကျပ်ခန့်သာ ဈေးငြိမ်အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။

ပဲကြီးသီးနှံအနေဖြင့် လက်ပံတန်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်ဝင်ရောက်နေသော်လည်း ပဲအဝင် နည်းသွားလို့ တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ကြားသာ ဝင်ရောက်ခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများနှင့် လက်လီသမား များသာ ဝယ်ယူမှုများခဲ့တာကြောင့် အိတ် ၄၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းများမှာ ယခင်တစ်ပတ်ထက် ကျပ်တစ်ထောင်ခန့် ပိုရလာလို့ (ရွှေကျွန်း) တစ်တင်း ၂၈၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၆၅၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့ကြပါတယ်။ ပဲကြီးသီးနှံမှာ ယခင်နှစ်ဈေးနှင့် ယှဉ်ရင်တော့ မတ်ပဲ၊ ပဲစင်းငုံသီးနှံများကဲ့သို့ ဈေးသိသိသာသာပိုရခဲ့ခြင်းမျိုးမဟုတ်ပေမယ့် တစ်တင်း ကျပ် ၅၀၀၀ နီးပါးအထိတော့ ယခင်နှစ်ထက်ဈေးပိုရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ဇူလိုင်လ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) သို့ အနယ်နယ်မှ ကုန်သည်၊ ပွဲစား၊ စက်ပိုင်များ နေ့စဉ် (ဥပုသ်နေ့မှအပ) လာရောက်ပြီး မိမိတို့၏ ကုန်ပစ္စည်းများဖြစ်သော ပဲမျိုးစုံ၊ ပြောင်းမျိုးစုံနဲ့ နှမ်းမျိုးစုံများအပြင် အခြားဒေသထွက်ကုန်ပစ္စည်းများကိုလည်း အရောင်းအဝယ်ပြုလုပ်ကြောင်းသိရပါတယ်။ ဇူလိုင်လအတွင်းမှာ ပဲ၊ ပြောင်း၊ နှမ်းရဲ့ ဈေးနှုန်း အတက်အကျ၊ အနိမ့်အမြင့်နဲ့ အရောင်းအဝယ်ပြုလုပ် နေကြောင်း၊ တစ်လတာ ကာလအတွင်း မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများကို အပတ်စဉ် အလိုက်နှိုင်းယှဉ်ကြည့်ပါက-

**တစ်ပိဿာဈေး - ကျပ်**

| သီးနှံအမည် | ၅. ၇. ၁၅ မှ ၁၁. ၇. ၁၅ | | ၁၂. ၇. ၁၅ မှ ၁၈. ၇. ၁၅ | | ၁၉. ၇. ၁၅ မှ ၂၃. ၇. ၁၅ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၉၁၁ | ၂၁၃၃ | ၁၇၇၈ | ၂၀၉၈ | ၁၉၅၆ | ၂၀၉၈ |
| ပဲလွန်းဖြူ | ၁၀၈၃ | ၁၁၆၇ | ၁၀၀၀ | ၁၀၈၃ | ၁၀၈၃ | ၁၁၆၇ |
| ပဲကြီး | ၁၅၃၈ | ၁၆၂၉ | ၉၀၅ | ၉၅၉ | ၁၅၃၈ | ၁၆၈၃ |
| ပဲနီပြား | ၉၉၅ | ၁၀၈၆ | ၉၄၁ | ၁၀၈၆ | ၉၅၉ | ၉၉၅ |
| ပဲပုပ် (ရှမ်း) | ၇၈၉ | ၈၆၄ | ၇၅၁ | ၉၀၁ | ၈၂၆ | ၉၀၁ |
| ပဲပုပ် (ဗမာ) | ၉၂၀ | ၉၃၀ | ၉၂၀ | ၉၇၇ | ၉၃၉ | ၉၅၈ |
| ပဲယင်း | ၇၅၀ | ၇၅၈ | ၈၆၇ | ၈၈၃ | ၈၀၀ | ၈၃၃ |
| ထောပတ်ပဲ | ၈၈၉ | ၉၂၄ | ၈၈၉ | ၉၄၂ | ၈၅၃ | ၉၂၄ |
| နိုင်လွန်ပဲ | ၈၆၀ | ၈၇၈ | - | ၈၇၈ | ၉၁၁ | ၉၂၈ |
| မြေထောက်ပဲ | ၉၈၁ | ၁၁၁၁ | ၉၈၁ | ၁၁၄၈ | ၉၈၁ | ၁၁၆၇ |
| မတ်ပဲ | ၁၉၆၇ | ၂၁၆၇ | ၁၉၈၃ | ၂၂၅၀ | ၂၁၃၃ | ၂၂၅၀ |
| ပဲစင်းငုံနီ | - | - | - | ၂၁၃၃ | - | ၂၁၆၇ |
| ပဲစင်းငုံအဖြူ (ရွှေ) | - | - | - | ၂၁၃၃ | - | ၂၁၆၇ |
| ကုလားပဲဖြူကြီး | - | ၁၂၇၀ | - | ၁၁၈၈ | - | ၁၂၄၉ |
| ကုလားပဲထိုင်ဝမ် | - | ၁၂၇၁ | ၁၂၉၈ | ၁၃၁၆ | ၁၃၃၃ | ၁၃၄၂ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၅၀၀ | ၅၀၉ | ၅၀၀ | ၅၀၉ | ၅၀၉ | ၅၄၆ |
| ပြောင်းဖူးစေ့ (ဗမာ) | - | - | ၄၆၃ | ၄၇၂ | ၄၇၂ | ၄၈၁ |
| ပြောင်းဖူးစေ့ (စီပီ) | ၅၀၀ | ၅၀၉ | ၅၀၀ | ၅၀၉ | ၅၄၆ | ၅၅၆ |
| အထွက်တိုးပြောင်း | ၅၂၈ | ၅၂၈ | ၅၄၇ | ၅၅၇ | ၅၅၇ | ၅၆၆ |
| ဆန်ပြောင်း | ၄၇၃ | ၄၇၃ | ၄၇၃ | ၄၈၁ | ၄၈၁ | ၄၈၉ |
| နှမ်းဖြူ | ၂၁၁၁ | ၂၃၃၃ | ၂၁၁၁ | ၂၄၂၂ | ၁၉၃၃ | ၂၃၃၃ |
| နှမ်းညို | ၁၈၀၀ | ၁၈၂၂ | ၁၈၆၇ | ၁၈၈၉ | ၁၈၆၇ | ၁၈၇၈ |
| နှမ်းနက် | ၂၆၆၇ | ၃၃၃၃ | ၂၄၄၄ | ၃၃၃၃ | ၂၄၄၄ | ၃၅၅၆ |
| နှမ်းနက် (စမုံ) | ၁၈၈၉ | ၂၀၄၄ | ၂၀၄၄ | ၄၃၃၃ | ၄၄၄၄ | ၄၆၀၀ |
| ပန်းနှမ်း | - | ၂၁၁၁ | - | ၂၂၂၂ | ၂၄၄၄ | ၂၅၅၆ |
| မြေပဲဆန် S1 လုံးဆန် | ၂၉၀၀ | ၃၀၀၀ | ၃၀၅၀ | ၃၁၀၀ | ၃၂၅၀ | ၃၃၀၀ |

တရုတ်ဝယ်လက်မှ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းကြီးများမှာ ဈေးနှုန်းကွာဟမှုကြီးမားခြင်းမရှိပေမယ့် ယခင်လအရောင်းအဝယ်ဖြစ်မှု ပမာဏအောက် အနည်းငယ်လျော့နည်းကြောင်း သိရပါတယ်။ ယခုနှစ် ဇူလိုင်လ လဆန်းပိုင်းမှာ ပဲတီစိမ်း တစ်ပိဿာ ၂၁၃၃ကျပ်(တစ်တန် ၁၃၀၆၂၂၈ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၀၉၈ ကျပ် (တစ်တန် ၁၂၈၄၇၉၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ တစ် ပိဿာ ၃၅ ကျပ် (တစ်တန် ၂၁၄၃၄ ကျပ်)ဈေးအေးပေမယ့် နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်း အဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဇူလိုင်လ စတုတ္ထပတ်မှာ ပဲလွန်းဖြူ တစ်ပိဿာ ၁၁၆၇ ကျပ် (တစ်တန် ၇၁၄၆၅၉ ကျပ်)နဲ့ ယခင်တစ်ပတ်ဈေးထက်မြင့်ပြီး နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲကြီး တစ်ပိဿာ ၁၆၈၃ ကျပ် (တစ်တန် ၁၀၃၀၆၅၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ ၇၂၄ ကျပ် (တစ်တန် ၄၄၃၃၇၀ ကျပ်)ဈေးမြင့်တက်သွားပြီး နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၉၉၅ ကျပ် (တစ်တန် ၆၀၉၃၂၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ပဲနီပြား တစ်ပိဿာ ၉၁ ကျပ် (တစ်တန် ၅၅၇၂၇ ကျပ်) ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၀၁ ကျပ် (တစ်တန် ၅၅၁၇၆၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၅၈ ကျပ် (တစ်တန် ၅၈၆၆၇၀ ကျပ်)ရောင်းဝယ်ခဲ့တာကြောင့် ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ကွာဟမှုကျဉ်းမြောင်းပြီး နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲယင်းတစ်ပိဿာ ၈၈၃ ကျပ် (တစ်တန် ၅၄၀၇၄၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ကျော်၊ ထောပတ်ပဲ တစ်ပိဿာ ၉၂၄ ကျပ် (တစ်တန် ၅၆၅၈၄၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ခန့်၊ နိုင်လွန်ပဲ တစ်ပိဿာ ၉၂၈ ကျပ် (တစ်တန် ၅၆၈၂၉၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ မြေထောက်ပဲ တစ်ပိဿာ ၁၁၆၇ ကျပ်(တစ်တန် ၇၁၄၆၅၉ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုနှစ်မှာ အိန္ဒိယကပြန်ပြီး အဝယ်လိုက်နေတဲ့မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန် ၁၃၇၇၈၇၈ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၈၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထို့အတူ ပဲစင်းငုံနီ တစ်ပိဿာ ၂၁၆၇ ကျပ်၊ ပဲစင်းငုံ(ရွှေ) တစ်ပိဿာ ၂၁၆၇ ကျပ် (တစ်တန် ၁၃၂၇၀၄၉ ကျပ်) နဲ့ နေ့စဉ် နှစ်မျိုးပေါင်း သုံးတင်းအိတ် ၃၀၀ ခန့်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၁၂၄၉ ကျပ် (တစ်တန် ၇၆၄၈၇၅ ကျပ်)၊ ကုလားပဲ ထိုင်ဝမ် တစ်ပိဿာ ၁၃၄၂ ကျပ် (တစ်တန် ၈၂၁၈၂၇ ကျပ်) နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ဝယ်လိုအားကောင်းနေတဲ့ ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၅၄၆ ကျပ်(တစ်တန် ၃၃၄၃၆၅ ကျပ်) ၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၈၁ ကျပ် (တစ်တန် ၂၉၄၅၆၀ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၅၁၆ ကျပ် (တစ်တန် ၃၄၀၄၈၉ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၆၆ ကျပ် (တစ်တန် ၃၄၆၆၁၃ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၄၈၉ ကျပ် (တစ်တန် ၂၉၉၄၅၉ ကျပ်) ပြောင်းဖူးစေ့ ၅ မျိုး စုစုပေါင်း သုံးတင်းအိတ် ၂၀၀၀ ခန့် နေ့စဉ် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ဝယ်လိုအား ပုံမှန်ရှိနေတဲ့ ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ဒီတစ်ပတ်ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုများမှာ နှမ်းဖြူ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ၁၂၄၈၇၀၆ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၈၇၈ ကျပ် (တစ်တန် ၁၁၅၀၀၆၈ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၅၅၆ ကျပ် (တစ်တန် ၂၁၇၇၆၅၉ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၄၆၀၀ ကျပ် (တစ်တန် ၂၈၁၆၉၉၄ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ၁၅၆၅၂၆၉) ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး နှမ်းရောင်စုံ သုံးတင်းအိတ် ၃၀၀၀ ခန့်နေ့စဉ် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြေပဲဆန် (S1) လုံးဆန် တစ်ပိဿာ ၃၃၀၀ ကျပ် (တစ်တန် ၂၀၂၀၈၉ ကျပ်)နဲ့ သုံးတင်းအိတ် ၁၀၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

တရုတ်ကုန်သည်များက ဝယ်ယူလျက်ရှိတဲ့ ပဲအများစုဟာ ဈေးနှုန်းကွာဟမှုနည်းပါးသော်လည်း ပြည်တွင်း၊ ပြည်ပ(တရုတ်၊ အိန္ဒိယ)ဝယ်လိုအားရှိနေတဲ့ ပဲကြီးဈေးမှာတော့ ယခင်တစ်ပတ်ဈေးနဲ့ ယခုတစ်ပတ်ဈေးနှုန်းမှာ ကွာဟမှု ကြီးမားကြောင်း၊ မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)တွင် အရောင်းအဝယ်ပြုလုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများမှာ တရုတ်ဝယ်လက်ကို အဓိကအားပြုထားသလို၊ ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယဝယ်လက်ကိုလည်း အားပြုနေရကြောင်း၊ ပြည်တွင်းဝယ်လက်များအနက် ကုန်ပစ္စည်းများကို သိုလှောင်ထားနိုင်တဲ့ ငွေကြေးအင်အားကြီးမားသော ကုန်သည်ကြီးများက ဝယ်ယူသိုလှောင်ပြီးမှ အရောင်းအဝယ်ပြုလုပ်ကြောင်း၊ ဇွန်လအတွင်းက တရုတ်နိုင်ငံမှကုန်သည်များသည် ပြောင်းဖူးစေ့များကို အနည်းငယ်သာဝယ်ယူကြသော်လည်း ယခုလမှာတော့ အဝယ်ပြန်လိုက်လာတဲ့အတွက် ပြောင်းဖူးစေ့ဈေးနှုန်းများလည်း အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း၊ နှမ်းများကိုပုံမှန်အဝယ်ရှိတဲ့ တရုတ်ဝယ်လက်ကနေ့စဉ် ဝယ်ယူမှုရှိပေမယ့်ဈေးနှုန်းများ သိသိသာပြောင်းလဲလာခြင်းမရှိကြောင်း၊ ပန်းနှမ်းတစ်ခုတည်းသာ ဈေးနှုန်းတဖြည်းဖြည်းမြင့်တက်လာတာကြောင့် နှမ်းကြိတ်ခွဲတဲ့ ဆီစက်များအနေနဲ့ ဆက်လက်ကြိတ်ခွဲနိုင်ရန် အခက်အခဲရှိကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားပါတယ်။

ဇူလိုင်လ စတုတ္ထပတ်မှာ မန္တလေးမြို့အတွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ဖြတ်စာရင်းအရ မန္တလေးမြို့မှ မူဆယ်၊ ချင်းရွှေဟော်သို့ ပဲပြောင်းနှမ်းများ စီးထွက်မှု လျော့နည်းကြောင်း သိရပါတယ်။ လမ်းပန်းဆက်သွယ်မှု အခြေအနေအရလည်းကောင်း၊ ရာသီဥတုအနေအထားအရသော်လည်းကောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ခများနှင့်ကုန်ပစ္စည်းဈေးနှုန်းများအရသော်လည်းကောင်း၊ ရောင်းလိုအားဝယ်လိုအားအရသော် လည်းကောင်း ကုန်စည်စီးဆင်းမှုအနည်းငယ်လျော့ကျပေမယ့် (၁၆) မိုင် ဂိတ်ဖြတ် စာရင်းအရ တရုတ်သို့စီးထွက်သွား ပဲတီစိမ်းကြီးမှာ ဈေးနှုန်းတည်ငြိမ် (သင့်တင့်သောဈေး) သလို အရောင်းအဝယ် ပုံမှန်ရှိကြောင်း၊ ထို့အတူ ပဲလွန်းဖြူ ပဲကြီး၊ ပဲနီပြား၊ ပဲယင်း၊ ထောပတ်ပဲ၊ နိုင်လွန်ပဲ၊ မြေထောက်ပဲ၊ ကုလားပဲများ တင်ပို့မှုလျော့နည်းသော်လည်း သိသာစွာ ကျဆင်းခြင်းမဟုတ်ကြောင်း၊ ပြောင်းဖူးစေ့များမှာမူ ယခင်ကာလများထက် ဈေးစွာသလို အရောင်းအဝယ်သွက်လျက်ရှိလာကြောင်း၊ နှမ်းရောင်စုံများမှာ ဈေးငြိမ်သလို ပုံမှန်အရောင်းအဝယ်ရှိကြောင်း မြေပဲဆန် (S1)လုံးဆန်များမှာ ဈေးနှုန်းမြင့်တက်တာကြောင့် အရောင်းအဝယ် အနည်းငယ်အေးကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ထောပတ်ပဲ ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်ငြိမ်နဲ့ ပုံမှန်အဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ ထောပတ်ပဲသီးနှံအနေဖြင့် ပဲလက်ကျန်သာရှိလို့ လက်လီအရောင်းအဝယ်ဖြစ်ပေမယ့် ပဲဈေးနှုန်းကတော့ အတက်အကျမဖြစ်ဘဲ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့်သာ လဆန်းရက်မှ ယခုချိန်ထိ ဈေးငြိမ်နေလျက်ရှိခဲ့ပါတယ်။

မေလအတွင်းမှာ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့် တစ်လလုံး ဈေးငြိမ်ခဲ့ပြီး ဇွန်လဆန်းမှ လလယ်ထိ ၎င်းဈေးအတိုင်း အရောင်းအဝယ်ဆက်ဖြစ်ကာ နောက်ဆုံးပတ်မှာတော့ တစ်တင်း ၁၂၀၀၀ ကျပ်သို့ ဈေးလျော့နည်းသွားပြီး အရောင်းအဝယ်လည်း အေးသွားခဲ့ပါတယ်။ ယခုဇူလိုင်လမှာတော့ ယခင်လဆန်းဈေးကို ပြန်မီလာပြီး အရောင်းအဝယ်ဖြစ်မှုပမာဏမှာ တစ်ရက်အိတ် ၂၀ ခန့်သာ ဖြစ်ခဲ့ပြီး လက်လီသမား အနည်းငယ် ဝယ်ယူနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### မလေးရှားကို ချင်းတင်ပို့

ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်သီတင်းပတ်အတွင်း ချင်း ၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ မလေး ရှားနိုင်ငံကိုသာတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ ချင်း ၉ တန်ကျော်သာတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ ကျော်ပိုမိုတင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၁၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### မိုးများလာလို့ အောင်ပန်းဈေးကွက်သို့ ချင်းဥမအဝင်များလာ

အောင်ပန်းဈေးကွက်မှာ ချင်း (ဥမ) များ အဝင်များလာပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက အဝင်ပုံမှန်ရှိနေပေမယ့် ဒီတစ်ပတ်မှာတော့ မိုးများလာလို့ တောင်သူတွေအတော်များများကလည်း ဖော်လာကြ ပါတယ်။ မိုးများလာရင် ဥမတွေပုပ်တတ်တာကြောင့် ဖော်လာကြတာဖြစ်ပါတယ်။ ဥမက ချင်းတက်လို ကြာကြာအထားမခံတာကြောင့် တောင်သူတွေကလည်း ဖော်ပြီးတာနဲ့ အမြန်ဆုံးရောင်းကြပါတယ်။ ချင်း (ဥမ) ဖော်ချိန်မှာ ပြည်ပဝယ်လက်တွေလည်း အဝယ်ရှိလာလို့ အရောင်းကလည်း သွက်လာပါတယ်။ ဥမတွေကို အိန္ဒိယနဲ့ ပါကစ္စတန်ကို ပို့ဖို့အတွက် တောင်ကုတ်နဲ့စစ်တွေဝယ်လက်တွေက ဝယ်နေပါတယ်။ လမ်းခရီးအခြေအနေကို ကြည့်ပြီး ဝယ်နေကြတယ်လို့ သိရပါတယ်။ ပြည်ပတင်ပို့မှုရှိနေလို့ တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၄ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ ပေါက်ဈေးက တစ်ပိဿာကို ၇၀၀ ကျပ်မှ ၈၀၀ ကျပ်ဈေးရှိပြီး ချင်းခြောက်ကတစ်ပိဿာ ၂၄၀၀ ကျပ်မှ ၂၆၀၀ ကျပ်ဈေးရှိပါတယ်။

ဒီနှစ် ဟိုပုံးမှာ ချင်းတက်၊ ချင်းဥမ နှစ်မျိုးစလုံးအထွက်နည်းပါတယ်။ စိုက်ပြီးကာစမှာ နေပူမိခဲ့လို့ အချို့ အပင်တွေက မပေါက်နိုင်ဘဲ သေသွားတာကြောင့် မနှစ်ကထက်အထွက်နှုန်း နည်းတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်ဟိုပုံးဈေးကွက်မှာ အနီးအနား ပတ်ဝန်းကျင်က ချင်းတွေပါအဝင်ရှိနေလို့ ၅ ရက်တစ်ဈေးကို ပိဿာချိန် တစ်သောင်းကျော်ခန့် အဝင်ရှိနေတယ်လို့သိရပါတယ်။ ဟိုပုံးချင်း(ဥမ)ကိုတော့ နယ်စပ်စခန်းတွေမှတစ်ဆင့် တင်ပို့ဖို့အတွက် ဝယ်သလို၊ လက်လီရောင်းဖို့အတွက်လည်း ဝယ်ယူမှုရှိပါတယ်။ လက်လီသမားတွေက အခက်ကြီး လှတာတွေကိုဝယ်ပြီး၊ ပြည်ပဝယ်လက်တွေကတော့ အသေးတွေကို ဝယ်တယ်လို့သိရပါတယ်။ တစ်ပိဿာပေါက်ဈေးက အသေး ၈၀၀ ကျပ်၊ အကြီး ၈၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### အထွက်လှိုင်လို့ ချင်းဈေးချို

ချင်းစိုက်ပျိုးထွက်ရှိရာ အောင်ပန်းနဲ့တောင်ကြီးဈေးကွက်များမှာ ချင်း (ဥမ) များ လှိုင်လှိုင်ထွက်ပေါ်နေပါတယ်။ ယခင်က ချင်း (ဥမ)တစ်ပိဿာကို ၁၂၀၀ ကျပ်၊ ၁၄၀၀ ကျပ်ဈေးရှိပြီး၊ ယခုတစ်ပတ်မှာ ချင်းအထွက်လှိုင် လို့ ဈေးကျလာတဲ့အတွက် ပြည်ဈေးကွက်အတွင်းမှာလည်း တစ်ပိဿာကို ၁၀၀၀ ကျပ်၊ ၁၁၀၀ ကျပ်အထိ ဈေးအနည်းငယ်ကျလာပါတယ်။ ပစ္စည်းအရည်အသွေးကောင်းနေတဲ့အတွက် ပိဿာ ၃၀ ဝင် အိတ် ၂၀၀ ခန့် ကို ယခုတစ်ပတ်မှာ လက်လီ၊ လက်ကားရောင်းဝယ်သူများက ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကို တင်ပို့မှုအပါအဝင် ပိဿာချိန် ၆၀၀ ခန့်တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### နယ်စပ်များမှ ချင်းစို၊ ချင်းခြောက် တန်ချိန် ၄၀ နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်တာကာကာလအတွင်း ကန်ဒေါ်လာ ၅၀၆၅၅ တန်ဖိုးရှိ ချင်းခြောက်တန် ၃၀ ခွဲနဲ့ ကန်ဒေါ်လာ ၂၅၆၀ တန်ဖိုးရှိ ချင်းစို ၈ တန်ကိုလည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှကန်ဒေါ်လာ ၃၀၄၈၀ တန်ဖိုးရှိ ချင်းစို ၃၉ တန်ကိုလည်းကောင်းအသီးသီးတင်ပို့မှုရှိခဲ့ကြပါတယ်။မူဆယ် နယ်စပ်မှာ ချင်းခြောက် တစ်တန်ကို (ငွေလဲနှုန်းအရ) ၁၉၉၃၂၀၀ ကျပ်၊ ချင်းစိုတစ် တန်ကို ၃၈၈၈၀၀ ကျပ်ရှိပြီး စစ်တွေမှာတော့ ချင်းစိုတစ်တန်ကို ၈၅၅၀၀၀ ကျပ်ခန့် ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### မန်ကျည်းပြန်လည်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဇူလိုင်လ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၈၈ တန်ကို ပြည်ပဈေးကွက်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှု ပျောက်ခဲ့တဲ့မန်ကျည်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၂၁၇၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ကြက်သွန်



### တရုတ်နယ်စပ်ထက် ထိုင်းနယ်စပ်မှ ကြက်သွန်နီပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၂၆၃၃၂ တန်ဖိုးရှိ ကြက်သွန်နီ ၃၃၅ တန်ခွဲနဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၅၇၀၂ တန်ဖိုးရှိ ကြက်သွန်နီ တန် ၅၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ ၄၈၄၄၅ တန်ဖိုးရှိကြက်သွန်နီ ၁၇၇ တန်ခွဲသာ တင်ပို့မှုရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၇၂၁ တန်ခွဲနဲ့ မြဝတီမှ ၃၃၂ တန်ခွဲ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ကြက်သွန်နီ တင်ပို့မှုဟာ တရုတ်နယ်စပ်ထက် အပို့များခဲ့ပါတယ်။ မြဝတီမှာ ကြက်သွန်နီ တစ်တန်ကို လိုင်စင်ဈေးအရ ၃၇၀-၃၇၅ ဒေါ်လာဈေးရရှိပေမဲ့ မူဆယ်မှာတော့ တစ်တန်ကို ၂၇၅ ဒေါ်လာခန့်သာ ဈေးရရှိတယ်လို့ ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများအရ သိရပါတယ်။

**မော်မော်အောင်**

### တက်ဈေးမျှော်နေတဲ့ ကြက်သွန်နီ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်မှာ မြောက်ယမားချောင်းကို အမှီပြုပြီး ကြက်သွန်နီစိုက်ပျိုးတဲ့ တောင်သူတွေအများကြီးရှိပါတယ်။ ယမားချောင်းရေကျချိန်မှာ ချောင်းပတ်ဝန်းကျင်ရှိ ကျေးရွာများမှာ ကြက်သွန်စိုက်ပျိုးလိုတဲ့ တောင်သူများရဲ့စာရင်းကို ကောက်ယူ၍ ကျွန်းနုများအား ခွဲဝေသတ်မှတ်ပြီး စိုက်ပျိုးစေခဲ့ပါတယ်။ မြို့ကြီးကျေးရွာအုပ်စုမှ တောင်သူများက လယ်ယာမြေထဲမှာ အဓိကထားစိုက်ပျိုးကြပြီး နုံးကြီး ကျေးရွာမှာ တစ်ဧကနှင့်အထက်စိုက်ပျိုးတဲ့တောင်သူပေါင်း ၅၀ ကျော်ရှိပါတယ်။ ကျန်တဲ့ကျေးရွာမှ တောင်သူများကတော့ သဲသောင်ပြင်အနေအထားပေါ် မူတည်ပြီး ကြက်သွန်ကို စိုက်ပျိုးကြပါတယ်။

ကြက်သွန်နီစိုက်ပျိုးမှုတစ်ဧကရဲ့ ကုန်ကျစရိတ်ဟာ သွင်းအားစုနှင့် ရေရရှိမှုအပေါ် မူတည်ပြီး ကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိ ရှိသလို အထွက်နှုန်းမှာလည်း ၄၅၀၀ ပိဿာမှ ၅၀၀၀ ကျော်၊ ၆၀၀၀ အထိ ထွက်ရှိတယ်လို့ သိရပါတယ်။ ကြက်သွန်ပေါ်ချိန်မှ ဇွန်လဆန်းလောက်အထိ ကြက်သွန် တစ်ပိဿာကို ၃၅၀ ကျပ်နှင့် ဈေးငြိမ်နေပြီး ဇွန်လကုန်လောက်မှာတော့ ကျပ် ၅၀၀ ရှိခဲ့ပါတယ်။ ယခုလက်ရှိအချိန်မှာ ယင်းမာပင်မြို့တွင် လက်လီဈေး တစ်ပိဿာ ၈၀၀ ကျပ်၊ ယင်းမာပင်မြို့နှင့် ၁၇ မိုင်သာဝေးသော မုံရွာမြို့တွင် တစ်ပိဿာ ၁၀၀၀ ကျပ်ဈေး ပေါက်နေသဖြင့် ပွဲစားများမှ ကျပ် ၇၀၀ ပေးသော်လည်း တက်ဈေးကိုမျှော်၍ မရောင်းကြသေးကြောင်းနှင့် နုံးကြီးကျေး ရွာတွင် ကြက်သွန်ပိဿာချိန်ပေါင်း တစ်သောင်းကျော်ရှိနေသေးကြောင်း နုံးကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးအောင်ရဲ့ ပြောပြချက်အရ သိရပါတယ်။

**သန်းပို-ယင်းမာပင်**

### ပြည်ကြက်သွန်နီ အရောင်းအဝယ်အေးပြီး ဈေးတက်လာ

ဇူလိုင်လ (စတုတ္ထပတ်)မှာ ကြက်သွန်နီဈေးတွေ မြင့်တက်လာတာတွေ့ရပါတယ်။ ဈေးတက်လာပေမယ့် အရောင်းအဝယ်က အတော်လေးအေးနေပါတယ်။ ဈေးကစားလာတာကြောင့်လည်း တစ်ရက်ထက်တစ်ရက် အရောင်းအဝယ် ငြိမ်သက်မှုမရှိတာကို တွေ့ရပါတယ်။ ဆိပ်ဖြူ ပခုက္ကူအစများသာ အဝင်ရှိတာကြောင့် အရောင်းအဝယ်ဖြစ်မှုပေါ် မူတည်ပြီး ဈေးအတက်အကျမြန်နေတာဖြစ်တယ်လို့ ကြက်သွန်နီပွဲရုံပိုင်ရှင် တစ်ဦးကဆို ပါတယ်။

ယခုရက်ပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ကြက်သွန်နီဈေးနှုန်းများကတော့ တစ်ပိဿာကို (ကြီး) ၉၅၀ ကျပ် ၊ (လတ်) ၈၅၀ ကျပ်နဲ့ (သေး) ၇၅၀ ကျပ်တို့ဖြင့် ပွဲရုံများမှာ ရောင်းဝယ်လျက်ရှိနေပါတယ်။ ဒေသတွင်းဈေးကွက်များတွင် (ကြီး) ၁၀၀၀ ကျပ်၊ (လတ်) ၉၅၀ ကျပ်၊ (သေး) ၈၅၀ ကျပ်တို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ ပြည်ပွဲရုံများတွင် တစ်ရက်ကို အိတ် ၁၀၀၊ ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## နနွင်း

### စင်ကာပူနဲ့ တရုတ်ကိုနနွင်းတင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင် ၁၂ရက်မှ ၁၈ရက်ကာလအတွင်း နနွင်း ၄၁ ဒသမ ၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရောင်းချခဲ့တဲ့ နိုင်ငံနဲ့ တန်ချိန်မှာ စင်ကာပူနိုင်ငံကို ၃၆ ဒသမ ၅ တန်နဲ့ တရုတ်ကို ၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်မှာ ၅၆ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၅ တန်နီးပါး တင်ပို့မှုလျော့ခဲ့တယ်လို့သိရပါတယ်။ FOB ဈေးက တစ်တန်ကို ကန်ဒေါ်လာ ၆၂၂ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၆၁၂၈ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းနနွင်းဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်သာရှိနေ

ရှမ်းနနွင်းကတော့ အရောင်းအဝယ် ခပ်အေးအေးသာဖြစ်တယ်လို့ ဈေးကွက်မှ သိရပါတယ်။ အောင်ပန်းနနွင်းလည်း လက်လီနဲ့ ဈေးပတ်သမားတွေသာအဝယ်ရှိပါတယ်။ သင်္ကြန်ပြီးကာစမှာ ပြည်ပဝယ်လက်တွေ ဝယ်ယူမှုရှိပေမယ့် ဇွန်၊ ဇူလိုင်မှာတော့ ပြည်ပဝယ်လက်မရှိတော့ပါဘူး။ ပြည်တွင်းသုံးအတွက်သာရှိပြီး ဈေးပတ်သမားတွေသာ ပုံမှန်ဝယ်ယူနေကြပါတယ်။ ဒီတစ်ပတ်မှာလည်း ရန်ကုန်၊ စစ်တွေ၊ ပြည်ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် နနွင်းပိဿာချိန်ပေါင်း ရှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာ ပေါက်ဈေးကတော့ တောင်ပို့လစက ၁၂၀၀ ကျပ်မှ ၁၄၀၀ ကျပ်ဈေးရှိပြီး ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးနနွင်းလည်း ဒီတစ်ပတ်မှာ အရောင်းအဝယ်ပြန်အေးသွားပါတယ်။ ပြီး ခဲ့တဲ့ တစ်ပတ်ကတော့ ရန်ကုန်ဝယ်လက်တွေက ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပကိုတင်ပို့ဖို့အတွက် ဟိုပုံးနနွင်းပိဿာချိန် လေးသောင်းခွဲ ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ ဟိုပုံးနနွင်းကလည်း လက်ကျန်အတော်များများ ရှိနေပါသေးတယ်။ တောင်သူတွေက ကြိုက်ဈေးမရလို့ မရောင်းချင်ကြပါဘူး။ တောင်သူတွေက တစ်ပိဿာကို အနည်းဆုံး ၁၈၀၀ ကျပ်မှ ၂၀၀၀ ကျပ်ဈေးလိုချင်ပေမယ့် လောလောဆယ်ပေါက်ဈေးကတော့ တစ်ပိဿာ ၁၅၅၀ ကျပ်ဈေးသာ ရှိတယ်လို့သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**



Vol: 15, No.28 Monday July 27 2015




# လွတ်လပ်သောကုန်သွယ်မှုမှတစ်ဆင့် အာရှပေါင်းစည်း ဆောင်ရွက်ခြင်း

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ခေတ်တွင် အာရှကမ္ဘာကြီးသည် ယခုအခါခိုင်မာစွာရှိလာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုန် သွယ်မှုအဖွဲ့အစည်းသည် ရှိနှင့်ပြီးသဘောတူစာချုပ်၁၄၀ နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (FTAs) ၂၀၀ ကျော်ကို အသိအမှတ်ပြုထားသည်။ ထို့ပြင် ဦးစားပေးသဘောတူညီချက်များအောက်ရှိ ကုန်သွယ်မှုပမာဏသည် ကမ္ဘာ့စုစုပေါင်း၏ ထက်ဝက်ကျော်သို့မြင့်တက်လာခဲ့သည်။ FTAs များသည် တစ်ဟုန်ထိုးတိုးပွားလာခြင်းကြောင့်ယင်းဖြစ်စဉ်၏ လိုအင်ဆန္ဒပေါ်တွင် အငြင်းပွားမှုများကို လျော့ကျသက်သာစေခဲ့ပြီဖြစ်သည်။ FTAs များသည် စီးပွားရေးအုပ်စုများအတွက် အလားအလာရှိသော ရွေ့ပြေးများဖြစ်သောကြောင့် ယင်းတို့ကို သံသယရှိစွာရှုမြင်ခဲ့ ကြသည်။ ထို့ကြောင့် FTAs များကို ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့(WTO) အတွက် အတားအဆီးများအဖြစ် ရှုမြင်ခဲ့ကြသည်။ မျက်မှောက်ကာလတွင်မူ ယင်းသို့ရှုမြင်မည့်အစား နိုင်ငံတကာကုန်သွယ်မှုပေါ်လစီအတွက် မရှိမဖြစ်မောင်းနှင်အားအဖြစ် ရှုမြင်လာကြသည်။ ဘက်ပေါင်းစုံပါဝင်သော ကုန်သွယ်မှုစနစ်ကို ပြည့်စုံစေသည့် အထောက်အကူအဖြစ် ရှုမြင်လာကြသည်။ နှစ်ဦးနှစ်ဖက်ပါဝင်သော (သို့မဟုတ်) ဒေသဆိုင်ရာစီမံအုပ်ချုပ်မှု၏ ဆန်းသစ်ဖန်တီးထားသောနည်းလမ်းများအတွက် စမ်းသပ်မှုတစ်ခုကူညီပံ့ပိုးခြင်းအနေဖြင့် ရှုမြင်ကြသည်။

ဂလိုဘယ်လိုက်ဇေးရှင်းသည် ဈေးကွက်များကို ပိုမိုချိတ်ဆက်ထားပြီး အပြန်အလှန်အမှီသဟဲပြုမှုကို ပြုလုပ်ခဲ့ကြသောကြောင့် FTAs အနေဖြင့်အတွင်းသို့ကြည့်ခြင်းငှာ မတတ်စွမ်းနိုင်တော့ချေ။ FTAs တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုလျော့ပေါ့စေခြင်းအပေါ် အပြုသဘောဆောင်သော တစ်ပတ်လည်ဘီးအကျိုးသက်ရောက်မှုကို ရရှိနိုင်သည်ဟု သိသိသာသာ အသိအမှတ်ပြုထားသည်။ FTAs များသည် လက်တွဲဖော်နိုင်ငံအနည်းငယ်အကြား ဘောင်ခတ်ထားပြီး ယင်းနိုင်ငံအားလုံးအတွက် အဆင်ပြေနေသော အနေအထားတွင်ရှိသည်။ ယင်းတို့သည် နိုင်ငံစုံအဆင့်တွင် ပိုမိုကြီးမားသော နယ်နိမိတ်ဖြတ်ကျော်မှုအတွက် ထိရောက်အကျိုးရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် FTAs သည် WTO သဘောတူညီချက်အသစ်များကို စေ့စပ်ဆွေးနွေးညှိနှိုင်းရန် အပြုသဘောဆောင်သည့် လိုက်ဖက်သောဖိအားကို ပံ့ပိုးပေးနိုင်သည်။

ထို့ပြင် FTAs များသည် အာရှတွင်အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပျမ်းမျှအခွန်နှုန်းများသည် ဒေသရှိ တိုင်းပြည်များစွာတွင် မြင့်မြင့်မားမားတည်ရှိနေသည်။

ဝန်ဆောင်မှုလုပ်ငန်းများသည် ခေတ်မီစီးပွားရေး၏ အရေးပါသောအစိတ်အပိုင်းတစ်ခုကို ဖွဲ့စည်းထားသည့်အတွက် ကုန်သွယ်မှုတိုးချဲ့ခြင်းကို အချက်အချာကျသော ဝန်ဆောင်မှုအခန်းကဏ္ဍများတွင် နှစ်နိုင်ငံကြားလျှော့ပေါ့ပေးမှုမှ မျှော်လင့်နိုင်သည်။ လူများရွှေ့ပြောင်းမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြှင့်ခြင်းသည် FTAs လုပ်ဖော်ကိုင်ဖက်နိုင်ငံများအတွက် သိသာထင်ရှားစွာ ပါဝင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

FTAs ဖန်တီးခြင်းမှတစ်ဆင့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စီးပွားရေးလုပ်ငန်း အလေ့အထများ လိုက်ဖက်မှုရှိခြင်းနှင့် တူညီခြင်းတို့သည် ပုဂ္ဂလိက ကဏ္ဍအတွက် ပိုမိုကြီးမားသောအဆင်ပြေမှုနှင့် သေချာမှုကိုတတ်စွမ်းနိုင်သည်။ ယင်းကဏ္ဍတွင် အထူးသဖြင့် အီးကောမတ်စ်၊ အကောက်ခွန်ရှင်းလင်းရေး၊ ထုတ်ကုန်ပစ္စည်းစမ်းသပ်မှုနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ စီးပွားရေးအငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် ယှဉ်ပြိုင်မှုပေါ်လစီတို့နှင့်ဆက်စပ်နီးနွယ်သော လုပ်ထုံးလုပ်နည်းများနှင့်လိုက်ဖက်မှုရှိသော စည်းမျဉ်းစည်းကမ်းများကဲ့သို့သော နယ်ပယ်များပါဝင်သည်။ ယင်းတို့သည် နှစ်နိုင်ငံကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ကြီးမားစွာလွယ်ကူချောမွေ့စေသည်။

အပြန်အလှန်အသိအမှတ်ပြုခြင်း သဘောတူညီချက်များ စတင်ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံကြား ကုန်သွယ်မှုကိုလည်း တိုးမြှင့်နိုင်သည်။

WTO စည်းမျဉ်းများသည် FTAs စည်းမျဉ်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် အခြေခံအဆင့်တွင်ရှိနေဆဲ ဖြစ်သည်။ အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများ ဦးစားပေးသော ကုန်သွယ်မှု ကျွမ်းကျင်ပညာရှင်များသည် အေပက် (APEC) အဖွဲ့ဝင်နိုင်ငံများအကြား ၂၀၂၀ ပြည့်နှစ်မတိုင်ခင် ဒေသအတွင်း လွတ်လပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၏ Bogor Goals ဟု အမည်ပေးထားကာ ထိခိုက်နစ်နာမှု၊ အန္တရာယ်များကို အာရုံစူးစိုက်ရန် အစဉ်အမြဲရည်ရွယ်ထားသည်။ မည်သို့ပင်ဖြစ်စေ ယင်းတို့သည် FTAs ၏ ရှုထောင့်တစ်ခုသာဖြစ်သည်။ ၂၁ ရာစုရှိ FTAs၏ အရေးပါမှုနှင့် အခန်းကဏ္ဍများကို ကုန်သွယ်မှု ကျဉ်းမြောင်းသော မှတ်ကျောက်ဖြင့် အကဲဖြတ်၍မရနိုင်ချေ။

မကြာသေးမီကာလများက စီးပွားရေးပေါင်းစည်းဆောင်ရွက်မှု အစီအစဉ်များသည် ပြည်တွင်းစည်းမျဉ်းစည်းကမ်းများနှင့် အခြားပြည်တွင်းလှုပ်ရှားဆောင်ရွက်မှုများ ပါဝင်ရန် နယ်နိမိတ်ထိန်းချုပ်မှုများမှ ယင်းတို့၏ပါဝင်အကျုံးဝင်မှု ကျယ်ပြန့်လာခြင်းနှင့်အတူ ပိုမိုများပြားလာသည်။ လျှော့ပေါ့ပေးမှုက ဘဏ္ဍာရေးဈေးကွက်များရှိ ချိန်ဆမှုများကို မြင့်တက်လာစေသောကြောင့် တည်ငြိမ်မှုကို မြှင့်တင်ရန် ဆောင်ရွက်ဖို့လိုအပ်သော အရေးကြီးသည့် အဆင့်များကို ဘဏ္ဍာရေးကျွမ်းကျင်သူများက သတ်မှတ်လာခဲ့ကြသည်။

ကုန်သွယ်မှုနှင့် အခြားစီးပွားရေးလှုပ်ရှားဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံရှိ ပေါင်းစည်းထားသောပိုင်ဆိုင်မှုများသည် ဘဏ္ဍာရေးဈေးကွက်များ မတည်မငြိမ်မှုကြောင့် ရုတ်တရက် နောက်ဆုတ်သွားနိုင်သည်ကို အာရှ ငွေကြေးအကျပ်အတည်းက သက်သေပြခဲ့သည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများသည် ယင်းဒေသ၌ လွယ်ကူစွာနှင့် လျင်မြန်စွာအန္တရာယ်ပေးနိုင်သည်။ သို့သော် တစ်ဖက်တွင် အရင်းအနှီး၏ လွတ်လပ်သောဂလိုဘယ်လိုက်ဇေးရှင်းသည် ကြီးမားသော အကျိုးကျေးဇူးများကို သယ်ဆောင်ပေးခဲ့ သည်။

ထို့ပြင် အဆိုပါ ဂလိုဘယ်လိုက်ဇေးရှင်းသည် စီးပွားရေးများကို မတည်မငြိမ်ဖြစ်စေခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံကြား (သို့) ဒေသဆိုင်ရာ ဘဏ္ဍာရေးစနစ်များ ရှင်သန်အားကောင်းခြင်းသည် နိုင်ငံများအကြား ဖန်တီးထားသည့် FTAs များ၏ အရေးပါသော အရာပင်ဖြစ်သည်။

အာရှငွေကြေးအကျပ်အတည်းအတွေ့အကြုံများအရ အာရှနိုင်ငံများသည် ယင်းတို့၏ဘဏ္ဍာရေးဈေးကွက်များ၏ ဒဏ်ခံနိုင်မှုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများ အားကောင်းမောင်းသန်ဖြစ်သင့်သည်ဟု အကြံပြုထားသည်။ ဘဏ္ဍာရေးအခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံများ၏ ငွေကြေးဈေးကွက်များဆွဲဆောင်မှုကြီးထွားလာခြင်းကို ရည်ရွယ်ထားသင့်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများကို ရန်ပုံငွေမြှင့်တင်ခြင်း၊ အခြားနည်းလမ်းများဖြင့် ပံ့ပိုးပေးခြင်းကိုလည်း ရည်ရွယ်ထားသည်။ ထို့ကြောင့် ဒေသဆိုင်ရာဈေးကွက်များသည် ပိုမိုနက်ရှိုင်း လာသည်။ အရင်းအနှီးဈေးကွက် အခြေခံအဆောက်အအုံကိုမြှင့်တင် ရန်နှင့် ကြီးထွားလာသောဈေးကွက်ဖွံ့ဖြိုးမှုများကြောင့် ဖြစ်ပေါ်လာ သောစိန်ခေါ်မှုအသစ်များကိုရရှိရန် စည်းမျဉ်းစည်းကမ်းသစ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုအတွက် FTAs များက အတိုင်းအတာတစ်ခုအထိ ပံ့ပိုးကူညီပေးနိုင်သည်။

ဤနေရာတွင် ဥရောပအတွေ့အကြုံက အကူအညီပေးနိုင်သည်။ ဥရောပအဖွဲ့အစည်းသည် အကောက်ခွန်သမဂ္ဂကို ဖန်တီးခဲ့သောအခါ ယင်း၏အဖွဲ့ဝင်များအကြား ငွေကြေးလဲလှယ်မှုစနစ်တစ်

**FTAs ဖန်တီးခြင်းမှတစ်ဆင့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စီးပွားရေးလုပ်ငန်း အလေ့အထများ လိုက်ဖက်မှုရှိခြင်းနှင့် တူညီခြင်းတို့သည် ပုဂ္ဂလိက ကဏ္ဍအတွက် ပိုမိုကြီးမားသော အဆင်ပြေမှုနှင့် သေချာမှုကိုတတ်စွမ်းနိုင်သည်။**

ခုကို စတင်ထူထောင်ရန် လိုအပ်ခဲ့သည်။ ဤသို့ဖြင့် ပြင်ပကုန်သွယ်မှုလုပ်ဖော်ကိုင်ဖက်များနှင့်ဘုံသဘောဆောင်သော အခွန်နှုန်းများကို အသုံးချရန်ဖြစ်သည်။ တည်ငြိမ်သော ငွေလဲလှယ်နှုန်းများသည် ဒေသတွင်း ကုန်သွယ်မှုများကို အားပေးမြှင့်တင်ရန် မရှိလျှင်မဖြစ်ချေ။ ငွေလဲလှယ်နှုန်းမတည်ငြိမ်မှုကို စီမံခန့်ခွဲရန် ရေတို(သို့မဟုတ်) ရေရှည်ကြွေးမြီကိစ္စများနှင့် အဖွဲ့ဝင်နိုင်ငံများကို ကူညီပံ့ပိုးရန် ဥရောပငွေကြေးကော်ပိုရေးရှင်းရန်ပုံငွေကို ချမှတ်ခဲ့ပြီးဖြစ်သည်။ အီးစီအဖွဲ့ဝင်များသည် ငွေပေးချေမှု အခက်အခဲများချိန်ညှိမှုကို ရင်ဆိုင်ခဲ့ရသောအခါ အမျိုးမျိုးသော ကြွေးမြီပစ္စည်းများကို ရေတိုငွေကြေးထောက်ပံ့မှုမှ အလယ်အလတ်ကာလ ငွေကြေးကူညီမှုသို့ ရရှိနိုင်သော အတန်းအစားများကို ပြုလုပ်သည်။

အလားတူစွာပင် မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကို ဖော်ဆောင်ခဲ့ရာတွင် မြောက်အမေရိကန်ဘောင်အတိုင်းအတာ သဘောတူညီချက်ဟုခေါ်သော ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကို ၁၉၉၄ ခုနှစ်တွင် အဖွဲ့ဝင်သုံးနိုင်ငံက လက်မှတ်ရေးထိုးခဲ့သည်။ အာရှတွင်လည်း အာရှငွေကြေး အကျပ်အတည်းက ထိရောက်အကျိုးရှိသော ဒေသဆိုင်ရာ ဘဏ္ဍာရေးအခင်းအကျင်းတစ်ခု ထူထောင်ဆောင်ရွက်ခြင်း၏ အဓိကအရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။ ထို့ကြောင့် ယင်းဒေသရှိ စီးပွားရေးများသည် အာရှနိုင်ငံများ၏ လိုအင်ကို ပိုမိုထိရောက်အကျိုးရှိစွာ တုံ့ပြန်နိုင်သည်။ ဤစဉ်းစားတွေးခေါ်မှုသည် အရှေ့အာရှနိုင်ငံများ၏ လိုအင်ကို ပိုမိုထိရောက်အကျိုးရှိစွာ တုံ့ပြန်နိုင်သည်။ ဤစဉ်းစားတွေးခေါ်မှုသည် အရှေ့အာရှနိုင်ငံများ၏ ငွေကြေးအာဏာပိုင်များအား ချင်းမိုင် ကနဦးဆောင်ရွက်မှု Chaing Mai Initiative ကို ဖန်တီးရန် ဦးတည်စေခဲ့သည်။ ယင်းဆောင်ရွက်မှုသည် လက်ရှိ အာဆီယံနိုင်ငံများ၏ ကုန်ပစ္စည်းဖလှယ်မှုသဘောတူညီချက် တိုးချဲ့ခြင်းပင်ဖြစ်ပြီး အာဆီယံ၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများအကြား နိုင်ငံအချင်းချင်း ကုန်ပစ္စည်းဖလှယ်မှုသဘောတူညီမှုများ၏ ကွန်ရက်သစ်ကို ဖန်တီးခြင်းပင်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်။)**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၃၉၁ တန်ကျော်ဝင်

ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၃၂၅၇၂၈ တန်ဖိုးရှိ ဒီဇယ် ၂၅၄ ဒသမ ၁၅၂ တန်နဲ့ ကန်ဒေါ်လာ ၉၈၂၄၉၅၆ တန်ဖိုးရှိ ဓာတ်ဆီ ၁၃၆ ဒသမ ၈၉၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင် သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မှာ ဒီဇယ်အဝင်မရှိဘဲ ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါ တယ်။ ဓာတ် ဆီမှာ ယခင်တစ်ပတ် ၁၁၃ တန်ကျော်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် ၂၃ တန်ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာဇူလိုင် ၂၀ ရက်နေ့မှ ဇူလိုင် ၂၄ ရက်အတွင်းရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများကမော်လမြိုင်နဲ့ တောင်ကြီး ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၉၀ ကျပ်၊ အောက်တိန်း(92)၇၂၀ ကျပ်၊အောက်တိန်း(95) ၈၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၃၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဇူလိုင် ၂၀ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၃၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဇူလိုင် ၂၀ ရက်မှာ ဝယ်ဈေး ၁၃၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာမှ ဇူလိုင် ၂၃ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဓာတ်ဆီဈေး ရော ဒီဇယ်ဈေးပါ အနည်းငယ်ကျလာခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များမှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်ဈေးအနည်းငယ်ကျပြီး အဆင့်မြင့် ဒီဇယ်၊ ဓာတ်ဆီနဲ့ အောက်တိန်းမှာဈေးမြင့်လာတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း ၈၀၀ ကျပ်၊ ဒီဇယ် ၆၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဇူလိုင်လ ၂၀ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၃၇၀၀၀ ကျပ်၊ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာမှ ဇူလိုင် ၂၂ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျလာခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇူလိုင် ၂၀ ရက်နေ့ ဝယ်ဈေး ၁၄၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၂ ရက်နေ့မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၃၀၀ ကျပ်၊ ဓါတ်ဆီ ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၃၀၀ ကျပ်၊ ဒီဇယ် ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက် တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ် ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၃၀ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၄၀၀ ကျပ်၊ အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**သီတာဝင်း(DOT)**

## ပြည်တွင်း ငွေလဲနှုန်း တစ်ပတ်အတွင်း ကျပ် ၄၀နီးပါး ပြန်လည်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးမြင့်တက်ခဲ့သည့် မြန်မာ့ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့သည်။ သို့သော် တစ်ပတ်အတွင်း ကျပ် ၄၀ နီးပါးကျဆင်းခဲ့ပြီးအကျကြမ်းခဲ့သည့် မြန်မာ့ငွေလဲနှုန်းများသည် ဈေးကွက် နောက်ဆုံးရက်ဖြစ်သည်အထိ တည်ငြိမ်ခြင်းမရှိသေးဘဲ အတက်အကျကြမ်းကြမ်းဖြင့်သာ ရှိနေခဲ့သည်။ ရောင်းဈေး တစ်ဒေါ်လာလျှင် ကျပ်၁၃၀၀အထိ မြင့်တက်ခဲ့ပြီးနောက် တစ်ဒေါ်လာလျှင် ကျပ် ၁၂၅၅သို့ ပြန်လည်ကျဆင်းခဲ့သည်။

"ပြည်တွင်းငွေလဲနှုန်းတွေ အတက်အကျ ကြမ်းတယ်။ ပြီးခဲ့တဲ့တစ်ပတ်တုန်းကဆို တစ်နေ့တည်းမှာကိုကျပ် ၃၀ လောက်တက်ခဲ့တာ။ ဈေးကွက်ထဲမှာ အဝယ်ကိုပဲဦးစားပေးနေကြတယ်။ဒါပေမယ့် ဈေးကွက်ထဲမှာပြန်ပြီးကျမယ့်အရိပ်အယောင်တွေကို တွေ့နေရတယ်။ ဈေးတက်တုန်းက ဝယ်ထားတဲ့သူတွေက ဈေးအတက်ကို စောင့်နေပေမယ့် ဈေးပြန်ကျမယ့်အရိပ်အယောင်ကို တွေ့ရတဲ့အတွက် ပြန်ပြီး ရောင်းထုတ်လာကြတယ်။ အဲဒီလို ပြန်ရောင်းလာကြတဲ့အတွက် ဈေးကွက်ထဲမှာ ဈေးနည်းနည်းပြန်ကျလာတယ်။ ပြီးခဲ့တဲ့ရက် တွေတုန်းက ဗဟိုဘဏ်ကထုတ်ပြန်ခဲ့တဲ့ ရည်ညွှန်းငွေလဲနှုန်းမှာ တစ်ရက်ကို အနည်းဆုံး ငါးကျပ်လောက်တက်နေတဲ့အတွက် ဈေးကွက်ထဲမှာ ရုတ်တရက်ဆိုသလို ဈေးတွေမြင့်တက်လာတယ်။ ဒီတစ်ပတ်မှာတော့ ဗဟိုဘဏ်က သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို ကျပ် ၁၂၄၀ နဲ့ထားတဲ့အတွက် ဈေးငြိမ်နေတယ် လို့ပြောရမှာပါ။ အပြင်ဈေးကွက်မှာတော့ ရောင်းသူထက် ဝယ်သူကပိုများတယ်"ဟု ငွေလဲလုပ်ငန်းများကို လုပ်ကိုင်နေသူ ကိုဖြိုးဝေက ပြောကြားခဲ့သည်။

ဇူလိုင် ၂၀ရက်နေ့ ဈေးစတင်ဖွင့်လှစ်ချိန်တွင် ရောင်းဈေး ၁၃၂၀ကျပ်၊ ဝယ်ဈေး ၁၂၈၀ကျပ်ရှိခဲ့ပြီး ဈေးကွက် ပိတ်ချိန်တွင် ရောင်းဈေး ၁၂၈၅ကျပ်၊ ဝယ်ဈေး ၁၂၇၀ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ ဇူလိုင်လ ၂၃ရက်နေ့ ဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၂၆၂ကျပ်၊ ဝယ်ဈေး ၁၂၅၂ကျပ်ရှိခဲ့ပြီး ဈေးကွက်ပိတ်ချိန်တွင် ရောင်းဈေး ၁၂၅၅ကျပ်၊ ဝယ်ဈေး ၁၂၄၇ ကျပ်သို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

## တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်နှစ်သောင်းကျော်ပြန်လည်ကျဆင်း

ရက်အတော်များများ ဈေးမြင့်တက်လျက်ရှိသည့်မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဆက်တိုက်ကျဆင်းလာခဲ့ရာ တစ်ပတ်အတွင်း ကျပ်နှစ်သောင်းကျော် ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးသည် စံချိန်တင်လောက်အောင် ကျဆင်းခဲ့သဖြင့် မြန်မာ့ရွှေဈေးသည်လည်း လိုက်ပါကျဆင်းရခြင်းဖြစ်သည်ဟု ဆိုသည်။ ပြီးခဲ့သည့်ရက်များက ကမ္ဘာ့ရွှေဈေးသည် နေ့စဉ်ဆက်တိုက်ကျဆင်းခဲ့သော်လည်း ပြည်တွင်းငွေလဲနှုန်းများ နေ့စဉ်မြင့်တက်နေသဖြင့် မြန်မာ့ရွှေဈေးသည် ကမ္ဘာ့ရွှေဈေးအတိုင်းလိုက်ပါကျဆင်းခြင်းမရှိခဲ့ဘဲ ငွေလဲနှုန်းနှင့် အတူလိုက်ပါမြင့်တက်ခဲ့ရကြောင်း၊ ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းစပြုလာပြီဖြစ်သည့်အတွက် မြန်မာ့ရွှေဈေးသည်လည်း ပြန်လည်ကျဆင်းလာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"အမှန်တကယ်ဆို လွန်ခဲ့တဲ့နှစ်ပတ်လောက်ကတည်းက မြန်မာ့ရွှေဈေးက ကျလာရမှာ။ ဒါပေမယ့် ဒီမှာက ငွေလဲနှုန်းတွေ နေ့တိုင်းတက်နေတော့ ရွှေဈေးက ထင်သလို ကျမလာဘူး။ ပိုဆိုးတာက ငွေလဲနှုန်းကတစ်နေ့တစ်နေ့ မြင့်လာတာဆိုတော့ ငွေလဲနှုန်းကို ၁၄၀၀ လောက်အထိ မှန်းထားတဲ့သူတွေတောင်ရှိတယ်။ ဒါပေမယ့် ခုရက်ပိုင်းမှာ ငွေလဲနှုန်းက ပြန်ပြီးကျဆင်းလာတဲ့အရိပ်အယောင်ပြတဲ့တွက် ရွှေဈေးကလည်း လိုက်ပြီး ကျဆင်းလာပါတယ်။ ဒေါ်လာဈေးတက်နေတုန်းက ဆက်တက်လိမ့်မယ်အထင်နဲ့ ရွှေတွေဝယ်ထားတဲ့သူတွေ အခုအချိန်မှာ မျက်ဖြူဆိုက်နေလောက်ပြီထင်ပါတယ်။ သူတို့က ဒေါ်လာဈေးကို အမြင့်ကြီးမှန်းထားတဲ့အတွက် တကယ်တမ်းတက်လာပြီး ပြန်ကျသွားတဲ့အချိန်မှာ သူတို့ရဲ့လက်ထဲမှာ ပိုက်ဘောမိနေပြီ။ အဲဒါကြောင့် ဈေးကွက်ထဲမှာ နည်းနည်းတော့ ကမောက်ကမတွေ ဖြစ်ကုန်တယ်"ဟု ရွှေကုန်သည်ဦးစံလှက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဇူလိုင် ၂၀ ရက်က ၇၄၆၅၀၀ ဖြင့်ဈေးပိတ်ခဲ့သော်လည်း ဇူလိုင်၂၂ရက်တွင်ကျပ် ၇၃၅၀၀၀ သို့ ကျဆင်းခဲ့သည်။ ဇူလိုင် ၂၄ရက်နေ့တွင် ကျပ် ၇၂၉၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၂၀ ရက်တွင် ၁၁၀၇ ဒေါ်လာရှိခဲ့ပြီး ဇူလိုင် ၂၂ရက်တွင် ၁၀၉၃ဒေါ်လာသို့ကျဆင်းခဲ့ကာ ဇူလိုင် ၂၄ရက်နေ့တွင် ၁၀၈၃ဒေါ်လာသို့ ဆက်တိုက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

July 24, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 77.75 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.21 |
| EUR | Euro | 0.91 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.91 |
| IDR | Indonesia Rupiahs | 13452.98 |
| JPY | Japan Yen | 123.89 |
| MYR | Malaysia | 3.81 |
| PKR | Pakistan Rupees | 101.77 |
| PHP | Philippines Pesos | 45.51 |
| RUB | Russia Rubles | 58.07 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1168.14 |
| LKR | Sri Lanka Rupe | 133.73 |
| THB | Thailand Baht | 34.85 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 21815.01 |

*Source : xe.com*

## World Gold Price

July, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | 1106 | 1111 | 1106 |
| 21 | 1102 | 1102 | 1102 |
| 22 | 1092 | 1092 | 1092 |
| 23 | 1094 | 1095 | 1094 |
| 24 | 1083 | 1083 | 1083 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-7- 2015 | 746.50 | 745.90 |
| 21-7- 2015 | 743.00 | 741.00 |
| 22-7- 2015 | 735.00 | 733.70 |
| 23-7- 2015 | 732.00 | 732.30 |
| 24-7- 2015 | 729.00 | 729.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင် ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6 .21 | 34.33 | 78.09 | 63.55 |
| 21 | 6. 21 | 34.45 | 77.74 | 63.65 |
| 22 | 6 .21 | 34.70 | 77.72 | 63.63 |
| 23 | 6 .21 | 34.89 | 77.72 | 63.96 |
| 24 | 6.21 | 34.85 | 77.75 | 63.91 |

## Energy NYMEX

24-7-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.75 | 0.30 | 0.62 |
| Brent Crude Futr (USD/bbl) | 55.47 | 0.20 | 0.36 |
| Gasoline Rbob Fut (Cent/gal) | 186.16 | 0.95 | 0.51 |
| Natural Gas Futr (USD/MMBtu) | 2.80 | -0.01 | -0.46 |
| Heating Oil Futr (Cent/gal) | 166.03 | 0.57 | 0.34 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20-July | 14.60 | 2067.74 | 1678.43 | 5518.69 | 969.00 |
| 21-July | 14.76 | 2072.00 | 1667.91 | 5541.76 | 976.00 |
| 22-July | 14.84 | 2031.01 | 1638.11 | 5433.79 | 979.00 |
| 23-July | 14.82 | 2027.87 | 1638.11 | 5441.63 | 984.00 |
| 24-July | 14.60 | 2005.92 | 1622.43 | 5332.10 | 975.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၁၇၀၀၀ ကျော်သာဝင်



သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင်လ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၄၇၇၅၉၉ တန်ဖိုးရှိ ဘိလပ်မြေ ၁၇၈၀၅ ဒသမ ၀၈ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမှသာ တင်သွင်းခဲ့တာဖြစ်ပြီးမောင်းတိန်း ဘိလပ်မြေ ၅၀၉၀ ဒသမ ၈ တန်၊ ဆင်ဘိလပ်မြေတန်ချိန် ၆၆၀၀၊ TPI ဘိလပ်မြေ တန်ချိန် ၁၀၀၀၊ စိန်တံဆိပ် ဘိလပ်မြေ တန်ချိန် ၅၁၀၀ ဝင်လာခဲ့တယ် လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် နှစ်သောင်းနှစ် ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၉၆၀ ကျော် အဝင်လျော့ခဲ့ တယ်လို့ သိရပါတယ်။

### ရာသီအေးအေးနဲ့ ဈေးကွက်အေးနေဆဲဘိလပ်မြေ

ဇူလိုင်လ ၁၂ ရက်မှ ဇူလိုင်လ ၁၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ ၁၇၈၀၅ တန်ကျော် ဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်း ပတ်ဘိလပ်မြေအဝင်မှာ ၂၈၇၇၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၁၀၉၆၇ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၄၇၉၇ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၁၃၁၄၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၆၅၄ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** မိုးကာလဖြစ်နေတာကြောင့် ဒီတစ်ပတ်မှာလည်းအရောင်းအဝယ် အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း) နဲ့ စိန်က၅၀ ကျပ် ဈေးမြင့်ပြီး ကြံ့(မြို့ကလေး)က ၅၀ ကျပ် ဈေးကျလာ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၅၄၀၀ ကျပ်၊ ကြံ့ (မြို့ကလေး) ၅၀၅၀ ကျပ်၊ စိန် ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ပြည်တွင်းဘိလပ်မြေဈေးက ၁၀၀ ကျပ်ဝန်းကျင်ဈေးကျလာပြီး ထိုင်းပစ္စည်းက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ အေသုံးလုံး ၅၈၀၀ ကျပ်၊ မြန်မာဆင် ၅၀၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၉၀၀ ကျပ်၊ ကျားခေါင်း ၄၉၀၀ ကျပ်၊ မြင်း ခေါင်း ၄၉၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေပုံမှန်အရောင်းရှိပေမယ့် ဒီတစ်ပတ်မှာ ဘိလပ်မြေကဈေးနည်းနည်းကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း) ၇၀၀၀ကျပ်၊ စိန် (ထိုင်း) ၇၄၀၀ကျပ်၊ အပါချီ ၅၁၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါ တယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### နိုင်ငံစုံမှ မြေဆီများဝင်

ဇူလိုင်လ ၁၂ ရက်မှ ၁၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၀၂၃၃၃ တန်ဖိုးရှိ မြေဩဇာ ၃၉၉၇ ဒသမ ၆၅၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်တွင်းကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၇၈၄ ဒသမ ၇၂ တန်၊ ထိုင်းနိုင်ငံမှ ၁၇၁၆ ဒသမ ၆၅၂ တန်၊ မလေးရှားနိုင်ငံမှ ၂၀၂ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀၊ ရုရှားနိုင်ငံမှ ၁၀၈၄ ဒသမ ၂၈၅ တန် တင်သွင်းခဲ့ပါတယ်။ ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းပြီး ဒုတိယအများဆုံးတင်သွင်းခဲ့တဲ့နိုင်ငံမှာ ရုရှားနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် အနည်းငယ်သာအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မိုးကာလဖြစ်သော်လည်း ဈေးကွက်တချို့အရောင်းအဝယ်သွက်

ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၃၉၉၇ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၀၃၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၃ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၅၄၀၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၂၁၇၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၂၂၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးမြင့်ပြီး ရန်ကုန်ဈေးကွက်မှာ ဈေးအနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မိုးသီးနှံအတွက် မြေဩဇာအဝယ်လိုက်တယ်လို့ သိရပါတယ်။ ချောင်းဆုံဘက်ရော နီးစပ်ရာနယ်များ ကပါ အဝယ်ဆင်းလာတာကြောင့် အရောင်းအဝယ်ကောင်းသလို ဈေးလည်းနည်းနည်းတက်လာတယ်လို့သိရပါတယ်။ ပုလဲ အသေးက ၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၇၀၀ ကျပ်၊ တီစူပါ ၅၀၀ ကျပ်ဈေး မြင့်ပြီး ကွန်ပေါင်း(၁၆း၁၆း၈) က ၁၀၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၆၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာက ပုံမှန်ထက် နည်းနည်းသွက်လာ တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တီစူပါ ၁၂%နဲ့ ၁၆% က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ယူရီးယား (ပန်းဖူး) က ၃၀၀ ကျပ်၊ ကွန်ပေါင်း (၁၀း၁၀း၅) က ၁၃၀၀ ကျပ်ဈေးမြင့်ပြီး ယူရီးယား (ရွှေတောင်) က၄၀၀ ကျပ် ဈေးကျခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ(**GTSP** ၄၆%-တရုတ်) ၂၀၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲသာအရောင်းရှိပြီး ကျန်မြေဩဇာများက အရောင်းအေးပေမယ့်လည်း မြေဩဇာဈေး နည်းနည်းတက်လာတယ်လို့သိရပါတယ်။ ယူရီးယားက ၁၃၀၀ ကျပ်၊ တီစူပါ က ၆၀၀ ကျပ်၊ ဓာတ်ဆား က ၁၀၀၀ ကျပ်၊ ပိုတက် က ၂၇၀၀ ကျပ်နဲ့ မြားကမ္ဘာက ၇၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၄၇၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၁၄၀၀ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ(၁၀း၁၀း၅) (တရုတ်) ၁၆၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၇၀၀ ကျပ်၊ ယူရီး ယား (ယူအေအီး) ၂၁၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက အရောင်းအဝယ်အေးပေမယ့် ဈေးနည်းနည်းတက်လာခဲ့တယ်လို့ သိရပါတယ်။ မြားကမ္ဘာ ၃၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၂၀၀၀ ကျပ်၊ အာမို (၁၀း၁၀း၅)က ၁၀၀ ကျပ်၊ ယူရီးယားက ၅၀၀ ကျပ်၊ တောင်သူမက ၇၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ -တရုတ် (၁၂း၁၃) (အပြာ) ၁၆၀၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၅၅၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၆၆၀၀ ကျပ်၊ အာမို(၁၆း၁၆း၈) ၃၄၀၀၀ ကျပ်၊ အာမို၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၄၇၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား(ဗွီ-စူပါ) ၃၈၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၄၈၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ ၁၃ တန်နဲ့ နို့မှုန့် တန် ၉၀ ကျော်ဝင်

ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၆၅၆၄၀ တန်ဖိုးရှိနို့ဆီ ၁၃ ဒသမ ၂၀ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ နို့ဆီတန်ချိန် ငါးရာကျော်ထိဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်နို့ဆီအဝင် တော်တော်လေး လျော့နည်းခဲ့တာ တွေ့ရပါတယ်။ နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန် မှ ၅၁ ဒသမ ၂၀ တန်၊ ထိုင်းနိုင်ငံမှ ၂၅ ဒသမ ၆၀ တန်နဲ့ အင်ဒိုနီးရှားနိုင်ငံမှ ၁၃ ဒသမ ၇၇ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ၁၁၅ တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့မှုန့် ၁၅ တန်နီးပါး အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၁/၇ မှ ၁၇/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၄/၇ မှ ၁၀/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၀၉.၂၀ | ၂၀၅၇.၅၀ | (-) | ၃၄၈.၃၀ |
| ၂။ | လွယ်ဂျယ် | ၆၁၆.၀၀ | ၄၁၈.၀၀ | (+) | ၁၉၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၈.၇၅ | ၁၀၁.၇၅ | (-) | ၃၃.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၀၇၉.၅၀ | ၁၈၆၅.၅၀ | (+) | ၂၁၄.၀၀ |
| ၅။ | တာချီလိတ် | ၄၅၀၀.၀၀ | ၃၅၀၀.၀၀ | (+) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | ၂၅၇.၆၆ | ၃၀.၀၀ | (+) | ၂၂၇.၆၆ |
| ၇။ | ကော့သောင်း | ၅၃၆၆.၂၀ | ၃၁၂၀.၀၀ | (+) | ၂၂၄၆.၂၀ |
| ၈။ | မြိတ် | ၂၀၀.၀၀ | ၂၀၅၀.၀၀ | (-) | ၁၈၅၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၄၇၉၇.၃၁ | ၁၃၁၄၂.၇၅ | (+) | ၁၆၅၄.၅၆ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၁/၇ မှ ၁၇/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၄/၇ မှ ၁၀/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၆၈၆.၅၀၀ | ၁၁၆၁၃.၅၀၀ | (+) | ၃၀၇၃.၀၀၀ |
| ၂။ | လွယ်ဂျယ် | ၅၉.၀၀၀ | ၆၀.၀၀၀ | (-) | ၁.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၆၁.၀၀၀ | ၅၂.၀၀၀ | (+) | ၂၀၉.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၉၀.၁၀၀ | - | (+) | ၃၉၈.၁၀၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | | ၄၅၀.၀၀ | (-) | ၄၅၀.၀၀၀ |
| | စုစုပေါင်း | ၁၅၄၀၄.၆၀၀ | ၁၂၁၇၅.၅၀၀ | (+) | ၃၂၂၉.၁၀၀ |

တင်တင်ထွန်း MIRT (DCCA)

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# နှမ်းတင်ပို့မှု ဆက်လက်လျော့ကျ

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်တာကာလ အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၀၂ သန်းတန်ဖိုးရှိ နှမ်းဖြူ ၃၁ တန်၊ နှမ်းနက် ၁၇ တန်ခွဲနဲ့ နှမ်းဖြူ (အခွံချွတ်) ၇၁ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်မှ ကန်ဒေါ်လာ သုည ဒသမ ၁၅၀ သန်းတန်ဖိုးရှိ နှမ်းနက် တန် ၁၀၀ ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ နှမ်းဖြူ (အခွံချွတ်) ၅၄ တန်၊ နှမ်းညို၄၇ တန်ခွဲနဲ့ ချင်းရွှေဟော်မှ နှမ်းဖြူ ၇၂ တန်၊ နှမ်းနက် ၁၄၄ တန်ထိတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာလည်း နှမ်းတင်ပို့မှု ဆက်လက်လျော့ကျနေတာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၇၂၄၇၅၉ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၀၁၃၇၇၆ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၇၅၈၆၄၄ ကျပ်နဲ့ နှမ်းနက်ဈေး ၂၀၅၃၃၄၀ ကျပ်သို့ ဈေးပြန်လည်မြင့်တက်လာခဲ့ပါတယ်။ "ကုန်စည်ဒိုင်ဈေးကွက်ကို တရုတ်တွေစိတ်ကြိုက်ကစားပြီး ဈေးကွက်က သူတို့တက်ဆိုတက်၊ ကျဆိုကျဖြစ်နေတာ"လို့ကုန်သည်အချို့က ပြောဆိုနေကြပါတယ်။

# မိုးကြိုနှမ်းကြောင့် ပြည်နှမ်းဈေးကွက် လှုပ်ခတ်လာ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ မိုးကြိုနှမ်းအသစ်များ အနည်းငယ် ဝင်ရောက်လာသဖြင့် နှမ်းဈေးအနည်းငယ် လှုပ်လာသလို မြေပဲဆန်ဈေးမှာလည်း ယခင်တစ်ပတ်က အတိုင်း ပုံမှန်ဖြစ်လျက်ရှိပါတယ်။

ယခုအချိန်နှမ်းမှာ တောင်သူများအနေနဲ့ နှမ်းကို ဈေးကောင်းမီအောင် စောစောစိုက်ခဲ့တဲ့အတွက် အထွက်မှာ မိုးနှမ်း လောက်မများတာ တွေ့ရပါတယ်။ ဈေးကွက်သို့ အနည်းငယ်သာ အဝင်ရှိသဖြင့် အရောင်းအဝယ် အနည်းငယ်သာဖြစ်လျက်ရှိပါတယ်။

နှမ်းဈေးမှာ နှမ်းနီတစ်တင်းကို ၂၈၀၀၀ ကျပ်၊ ရိုးရိုးနှမ်းနက် တစ်တင်း ကို ၄၀၀၀၀ ကျပ်ဈေးဖြင့် အဝယ်လိုက်၍ ဈေးအနည်းငယ် မြင့်လာသော်လည်း စမုံနက်နှမ်းတစ်တင်းကို ၆၀၀၀၀ ကျပ်ဈေးဖြင့်ဈေးမှန်နေတာ တွေ့ရပါတယ်။

မြေပဲဆန်မှာလည်း အဝင်မရှိပေမယ့် လှောင်မြေပဲများကြောင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ အရောင်းအဝယ်ဖြစ်သော်လည်း အတက်ဈေးနဲ့ တန်းနေတာ တွေ့ရပါတယ်။ မြေပဲဆီဆန်တစ်ပိဿာကို ၂၅၀၀ ကျပ်၊ လုံးဆန် အဖြူ တစ်ပိဿာ ၂၈၀၀ ကျပ်နှင့် လုံးဆန်အနီ တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# ရက်သတ္တပတ်အတွင်း အမြင့်ဆုံးနှုန်းမှ စားအုန်းဆီဈေးပြန်လည်ကျဆင်း

ဇူလိုင်လအတွင်း မလေးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှုကျဆင်းခဲ့သဖြင့် စားအုန်းဆီဈေးများ မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် တတိယသုံးလပတ်အတွင်းက ထုတ်လုပ်မှုမြင့်မားခဲ့သဖြင့် လက်ကျန်စားအုန်းဆီများ ဈေးကွက်ထဲသို့ ပြန်ဝင်လာခဲ့တာကြောင့် တစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့တဲ့ မလေးရှား စားအုန်းဆီဈေးက ဇူလိုင်လ ၂၂ ရက်မှာ ပြန်လည်ကျဆင်းခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်ရဲ့ ညနေပိုင်းဈေးပိတ်ချိန်မှာ အောက်တိုဘာအတွက်ချုပ်ဆိုတဲ့ စားအုန်းဆီစာချုပ်ဈေးက သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၂၀၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၈၂ ဒသမ ၂၅) ရှိခဲ့ပါတယ်။ ဇူလိုင်လအတွင်း စားအုန်းဆီထုတ်လုပ်မှုတွေ ကျဆင်းလိမ့်မယ်ဆိုတဲ့ အရိပ်အယောင်တွေ တွေ့ရတဲ့အတွက် စားအုန်းဆီဈေးနှုန်းက ဇူလိုင်လ ၂၁ ရက်မှာ တစ်တန်ကို ၂၂၂၃ ရင်းဂစ်နှုန်းထိ ရောက်ရှိခဲ့ရာ ဇူလိုင်လ ၁၄ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

"အသစ်ထပ်ပြီး ဝယ်ယူဖို့အတွက်ဝယ်လက်တွေ စဉ်းစားရမယ့်ကိစ္စဖြစ်နေပါတယ်။ ဇူလိုင်လမှာ ထုတ်လုပ်မှုကျဆင်းတယ်ဆိုပေမယ့် တတိယသုံးလပတ် အတွင်းက ထုတ်လုပ်မှုပိုလျှံခဲ့တာကြောင့် အခုဖြစ်ရပ်ကို ကာမိ စေခဲ့ပါတယ်"လို့ ကွာလာလမ်ပူရှိ ပြည်တွင်းကုန်စည်အကျိုးဆောင်လုပ်ငန်း ဆောင်ရွက်နေသူ ကုန်သည်တစ်ဦးကပြောပါတယ်။

မလေးရှားစားအုန်းဆီ ပို့ကုန်စာရင်းအင်းများနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းတွေကို ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်တဲ့ Intertek Testing Services က ဇူလိုင် ၂၀ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ခဲ့တဲ့ နောက်ဆုံးစာရင်းအရ ဇူလိုင် ၁ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီထုတ်လုပ်မှုက ယခင်လကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၅၀၇၅၇၄ အထိ ရောက်ရှိခဲ့ပါတယ်။

အလားတူ ကာလအတွင်းမှာ မလေးရှားစားအုန်းဆီတင်ပို့မှုက ၁၆ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အခြား



ကုန်စည် စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်တဲ့ Societa Generale de Surveillance မှာ ဖော်ပြထားပါတယ်။

ဇူလိုင် ၂၂ ရက်က တင်ပို့ခဲ့တဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိအတွဲ ၂၉၉၉၈ တွဲရှိခဲ့တဲ့အတွက် တစ်ရက်အတွင်း ပျမ်းမျှတင်ပို့မှုဖြစ်တဲ့ အတွဲ ၃၅၀၀၀ အောက်ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေရဲ့ မွတ်ဆလင်ဥပုသ်ရက် အားလပ်ရက်တွေကြောင့်လည်း စားအုန်းဆီ ထုတ်လုပ်မှုကျဆင်းခဲ့ပုံရကြောင်း အခြားကုန်သည်တစ်ဦးကပြောပါတယ်။

စားအုန်းဆီအမြင့်ဆုံးဈေးက တစ်တန်ကို ၂၂၂၇ ရင်းဂစ်နှုန်းကို မကျော်တဲ့အတွက် စားအုန်းဆီဈေးက တစ်တန်ကို ၂၁၉၀ ရင်းဂစ်ထိ ကျဆင်းနိုင်တယ်လို့ ရိုက်တာသတင်းဌာနရဲ့ ကုန်စည်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။ ကမ္ဘာ့ထိပ်တန်း စားအုန်းဆီ ထုတ်လုပ်တဲ့နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံက ယခင်ရက်သတ္တပတ်ကစပြီး စားအုန်းဆီတင်ပို့ခွန်ကို စတင်ကောက်ခံတော့မှာဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ဇူလိုင်လ ၂၂ ရက်က ပြောပါတယ်။ အဓိကအားဖြင့် ယခုနှစ်အတွင်း နိုင်ငံတော်ဘတ်ဂျက်မှာ ရူပြား ၄ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၃၆ သန်း) ထိ ဝင်ငွေရရှိဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဩဂုတ်လအတွက် ပဲပုပ်ဆီဈေးက သုည ဒသမ ၃၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၇-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၄၂၀၀ | ၄၀၀၀ | ▽ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၅၇၀၀ | ၅၇၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၇၀ | ၁၄၈၅ | △ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၅၀၀ | ၃၈၀၀ | △ | ၁၅၃၀ | ၁၆၁၀ | △ |
| ပဲခူး | ၃၁၀၀ | ၃၁၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၁၅၂၀ | ၁၅၇၀ | △ |
| မကွေး | ၅၀၀၀ | ၅၃၀၀ | △ | ၃၇၀၀ | ၃၈၀၀ | △ | ၁၆၀၀ | ၁၆၇၅ | △ |
| မုံရွာ | ၅၆၀၀ | ၅၈၀၀ | △ | ၃၇၀၀ | ၃၇၀၀ | □ | ၁၆၀၀ | ၁၆၅၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၂၀-၇-၂၀၁၅ မှ ၂၄-၇-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၀-၇-၂၀၁၅ | ၆၇၀ |
| (၂) | ၂၁-၇-၂၀၁၅ | ၆၆၅ |
| (၃) | ၂၃-၇-၂၀၁၅ | ၆၆၅ |
| (၄) | ၂၄-၇-၂၀၁၅ | ၆၆၃ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၇-၂၀၁၅ US$/Ton

| အမျိုးအစား | ဇူလိုင်လတတိယပတ် | ဇူလိုင်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၆.၀၀ | ၅၉၈.၀၀ | △ |
| RBD P.Olein | ၆၀၈.၀၀ | ၆၀၇.၀၀ | ▽ |
| RBD P.Strarin | ၅၂၃.၅၀ | ၅၂၂.၀၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄-၇-၂၀၁၅)နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၄၃.၃၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၇.၅၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၇.၉၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၈၈.၁၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ၂၄-၇-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၃ဒေါ်လာ၊ FOB ၆၃၈ ဒေါ်လာနှင့် USD ဈေး ၁၂၄၀ ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၄-၇-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၄၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ရော်ဘာအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွင် ဗီယက်နမ်နိုင်ငံ ပါဝင်လာရန် ထိုင်းနိုင်ငံစည်းရုံးမည်

ထိုင်းနိုင်ငံသည် လာမည့်ရက်သတ္တပတ်တွင် ဗန်ကောက်မြို့၌ ကျင်းပမည့် ပူးတွဲကုန်သွယ်ရေး အစည်းအဝေး၌ ဗီယက်နမ်အား International Rubber Consortium Ltd. (IRCo) တွင် ပါဝင်ရန် စည်းရုံးမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့်ကုန်သွယ်မှု ပမာဏကို လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထိုင်းနှင့်ဗီယက်နမ်တို့၏ ဒုတိယအကြိမ်မြောက် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်နှင့်အဆင်ပြေချောမွေ့စေရန် နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာချတ်ချိုင်း ကပြောကြားခဲ့ပါသည်။

ထိုင်းနှင့် ဗီယက်နမ်နှစ်နိုင်ငံအစိုးရတို့အနေဖြင့် ဆန်၊ ရော်ဘာဈေးနှုန်းများ တည်ငြိမ်စေရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ စသည်တို့တွင် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံအစိုးရသည် ဗီယက်နမ်အား IRCo ၏ အဖွဲ့ဝင်သစ်ဖြစ်လာစေရန် စည်းရုံးမည်ဖြစ်ကြောင်း မစ္စတာချတ်ချိုင်းကပြောကြားခဲ့ပါသည်။

IRCo ကို ၂၀၁၄ ခုနှစ်၌ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့မှ ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂၂၅ သန်းဖြင့် ဖွဲ့စည်းခဲ့ပြီး တရားဝင်မှတ်ပုံတင်ခဲ့ပါသည်။ ကမ္ဘာ့ရော်ဘာထုတ်လုပ်မှု တန်ချိန် ၁၂ ဒသမ ၀၇ သန်းအနက်တန်ချိန် ၈ ဒသမ ၁၄ သန်းကို အဆိုပါသုံးနိုင်ငံမှ ထုတ်လုပ်ကြပြီး ထိုင်းနိုင်ငံမှ တန်ချိန် ၄ ဒသမ ၃၂ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၃ ဒသမ ၁၅ သန်း၊ မလေးရှားနိုင်ငံမှ တန်ချိန် ၆၆၉,၀၀၀ အသီးသီးထုတ်လုပ်ကြပါသည်။

ဗီယက်နမ်၏ ရော်ဘာစိမ်း ထုတ်လုပ်မှုသည် တန်ချိန် ၉၅၃,၇၀၀ ဖြစ်ကြောင်း၊ ကမ္ဘာ့ရော်ဘာစိမ်း ဝယ်လိုအားသည် ပိုမိုတိုးတက်လျက်ရှိရာ ဗီယက်နမ်အနေဖြင့် ရော်ဘာပိုမိုတင်ပို့နိုင်ရန်အတွက် ရော်ဘာစိုက်ပျိုးမှု တိုးချဲ့ရန် တွန်းအားပေးလျက်ရှိကြောင်း၊ ဗီယက်နမ်အစိုးရသည် ရော်ဘာစိုက်ပျိုးဧရိယာ ၈၀၀,၀၀၀ ဟက်တာအထိ တိုးချဲ့ပြီး၊ ရော်ဘာစိမ်း တန်ချိန် ၁ ဒသမ ၁ သန်းမှ ၁ ဒသမ ၂ သန်းအထိ ထုတ်လုပ်ရန် စီမံကိန်းများ ရေးဆွဲပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ထိုင်းနိုင်ငံအစိုးရသည် ထိုင်းကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ရာတွင် အဆင်ပြေစေရေးအတွက် ဗီယက်နမ်နိုင်ငံ၌ ကူညီဆောင်ရွက်ပေးရန် ဗီယက်နမ်အား မေတ္တာရပ်ခံမည်ဖြစ်ကြောင်း မစ္စတာချတ်ချိုင်းကပြောကြားခဲ့ပါသည်။

ထိုင်း-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၁၄ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၂ ဘီလီယံရှိပြီး၊ ထိုင်းနိုင်ငံမှ ဗီယက်နမ်သို့ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၈ ဘီလီယံရှိကြောင်း၊ ထိုင်းနိုင်ငံသည် ဗီယက်နမ်၌ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လယ်ယာထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း၊ ပလတ်စတစ်၊ ကားအစိတ်အပိုင်းများစသည့် ကဏ္ဍများတွင် အများဆုံး ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ထိုင်းအကောက်ခွန်ဦးစီးဌာနမှ ကိုယ်ပိုင်ပစ္စည်းများအပေါ် ဘတ်နှစ်သောင်းဖိုးအထိ အခွန်ကင်းလွတ်ခွင့်ပြု

ထိုင်းနိုင်ငံ အကောက်ခွန်ဦးစီး ဌာနမှ ကိုယ်ပိုင်ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် အခွန် ဖြေလျှော့ပေးခြင်း (tax break) ကို နှစ်ဆမြှင့်တင်၍ ဘတ် ၂၀,၀၀၀ ဖိုး အထိ ယူဆောင်ခွင့်ပြုလိုက်ပြီးဖြစ်ရာ ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ခရီးသည်များသည် လက်ဆောင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် နာမည်ကျော် အမှတ်တံဆိပ်ကုန်ပစ္စည်းများကို ယူဆောင်လာနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြောင်းလဲမှုသည် ဘတ် ငွေတန်ဖိုးကျဆင်းခြင်းနှင့်ထိုင်းလူမျိုး များ ပြည်ပသို့ ဈေးဝယ်ထွက်ခြင်း စသည်တို့ကို တုံ့ပြန်သည့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Somchai က ပြောကြားခဲ့ပါသည်။

အဆိုပါအခွန်ကင်းလွတ်ခွင့်ပြု ခြင်းသည် လေဆိပ်သို့ရောက်ရှိပြီး အခွန်လွတ်အရောင်းဆိုင်များတွင် ဈေးဝယ်သော (ထိုင်းနိုင်ငံသို့ လာသည့်) ခရီးသည်များအတွက် ခွင့်ပြုပေးထား ခြင်းနှင့်ကိုက်ညီကြောင်း သိရှိရပါသည်။ ယူဆောင်လာသော ပစ္စည်းများသည် သတ်မှတ်ချက်ထက် ကျော်လွန်နေပါက (အကောက်ခွန်အရာရှိထံ၌) ကြေညာရမည်ဖြစ်ပြီး အခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။ အကောက်ခွန် ကြေညာခြင်းမရှိသော(ကြေညာရန် ပျက်ကွက်သော) ပစ္စည်းများကို ဖမ်းဆီး အရေးယူမည်ဖြစ်ပါသည်။ ပစ္စည်း ပိုင်ရှင်များသည် ပစ္စည်းတန်ဖိုး၏ လေးဆရှိသော ငွေပမာဏနှင့်အခွန် ပေးဆောင်ရမည်ဖြစ်ပါသည်။

အခြားသော ကုန်စည်အမျိုး အစားများအပေါ် ဖြေလျှော့ပေးသော်လည်း ဆေးလိပ်နှင့်အရက်အပေါ် ကန့် သတ်ချက်သည် ပြောင်းလဲခြင်းမရှိကြောင်း၊ ခရီးသည်များအနေဖြင့် ကိုယ်တိုင်သုံးအတွက် အရက်တစ်လီတာနှင့် စီးကရက်အလိပ် ၂၀၀ သို့မဟုတ် စီးကရက်၊ ဆေးပြင်းလိပ်နှင့်သို့မဟုတ် ဆေးလိပ် (tobacco) စုစုပေါင်း ၂၅၀ ဂရမ်သာ ယူဆောင်လာခွင့်ရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဂရိဘဏ္ဍာရေးပြဿနာနှင့်စပ်လျဉ်းသော အရေးပေါ် ထိပ်သီးအစည်းအဝေး ကျင်းပ

ဂရိဘဏ္ဍာရေးပြဿနာနှင့် စပ်လျဉ်းသော အရေးပေါ်ထိပ်သီး အစည်းအဝေး တစ်ရပ်အား ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ ဇူလိုင်လ ၁၂ ရက်တွင် ထပ်မံကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ယူရိုဇုန် အကြီးအကဲများက ဂရိနိုင်ငံသို့ ဘဏ္ဍာငွေအကူအညီပေးရေးကိစ္စရပ်များအား ၁၇ နာရီကြာ ဆွေးနွေးခဲ့ကြပြီးနောက် ဂရိနိုင်ငံအား ဘဏ္ဍာငွေအကူအညီပေးရန်နှင့်အပြန်အလှန်အားဖြင့် ဂရိစီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များအား ဂရိအစိုးရက အတည်ပြုလိုက်နာဆောင်ရွက်ရန် စသည်တို့ကို သဘောတူညီခဲ့ကြပါသည်။

ယူရိုဇုန်ခေါင်းဆောင်များ လိုလားသည့် ဂရိစီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များတွင် အခွန်များတိုးမြှင့်ကောက်ခံရန်၊ ပင်စင်လစာလျှော့ချရန်၊ အလုပ်သမားဥပဒေများ ပြင်ဆင်ရန်နှင့်အစိုးရဘတ်ဂျက် ဖြတ်တောက်ရန်စသည်တို့ပါဝင်ပါသည်။ ဂရိနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ပြိုလဲမသွားစေရန် ကူညီထောက်ပံ့ငွေယူရို ၈၂ ဘီလီယံမှ ယူရို ၈၆ ဘီလီယံအထိ လိုအပ်နိုင်ကြောင်း နိုင်ငံတကာမြီရှင်များက ခန့်မှန်းထားပါသည်။

ဂရိနိုင်ငံအပေါ် ဘဏ္ဍာရေးဆိုင်ရာ ကယ်ဆယ်ကူညီရေးအစီအစဉ်သစ်အရ ယူရိုဇုန်အစိုးရများသည် ဂရိနိုင်ငံအား သုံးနှစ်တာကာလအတွင်း ယူရို ၄၀ ဘီလီယံနှင့် ယူရို ၅၀ ဘီလီယံ အကြား ဘဏ္ဍာငွေထောက်ပံ့မှုပေးရန် ရည်မှန်းထားပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# တောင်ကိုရီးယားသမ္မတနိုင်ငံသည် AIIB ၏ ပဉ္စမမြောက်အကြီးဆုံးရှယ်ယာဝင်ဖြစ်လာ

တရုတ်နိုင်ငံက ဦးဆောင်သည့် Asian Infrastructure Investment Bank (AIIB)တွင် ကိုရီးယားနိုင်ငံမှ ရှယ်ယာ ၃ ဒသမ ၈၁ ရာခိုင်နှုန်း ပါဝင်ခဲ့သဖြင့် ပဉ္စမမြောက်အကြီးဆုံး ရှယ်ယာရှင်ဖြစ်ပြီး မဲပေးနိုင်မှု ရာခိုင်နှုန်း (voting bloc) ၃ ဒသမ ၅ ရာခိုင်နှုန်းရရှိမည်လည်းဖြစ်သည်။ အာရှတိုက်အတွင်း စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ တိုးတက်စေရန် အထောက်အကူပေးခြင်းနှင့်အခြေခံ အဆောက်အအုံပိုင်းဆိုင်ရာ ရင်းနှီး မြှုပ်နှံမှုကို တွန်းအားပေးမည့် AIIB ၏ Articles of Agreement ကို အခြား အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ကိုရီးယား ဘဏ္ဍာရေးဝန်ကြီး ချိုင်ကျွန်ဝှန်က လွန်ခဲ့သည့် ဇူလိုင်လ ၆ ရက်နေ့က ဘေဂျင်းတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

စတင်ထူထောင်ခဲ့သည့် အဖွဲ့ဝင်ပေါင်း ၅၇ ဦးလက်မှတ်ရေးထိုးခဲ့ကြသည့် သဘောတူညီချက်အရ AIIB ၏ ထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံငွေ (paid-up capital) သည်ဒေါ်လာ ၂၀ ဘီလီယံ ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံရန် လျာထားငွေ (authorized capital) သည် ဒေါ်လာ ဘီလီယံ ၁၀၀ ဖြစ်သည်။ အာရှတိုက်မှ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ကိုရီးယားသည် စတုတ္ထအကြီးဆုံး ရှယ်ယာရှင်နိုင်ငံဖြစ်ပြီး World Bank နှင့် Inter American Development Bank တွင် ပါဝင်ထားသည့် ရှယ်ယာပမာဏ ထက် AIIB တွင် ပါဝင်ထားသည့် ရှယ်ယာပမာဏက ပိုမိုများပြားသည်။ ၎င်းအပြင် တောင်ကိုရီးယားနှင့် GDP တူညီသော အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့ ပါဝင်သည့်ရှယ်ယာပမာဏထက်လည်း ပိုမိုသာလွန်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် AIIB ဘဏ်တွင် ကိုရီးယားအနေဖြင့် ပြောရေးဆိုခွင့်များစွာ ရှိနေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ရှယ်ယာအများဆုံး ထည့်ဝင်ပိုင်ဆိုင်ပြီး၊ ၃၀ ဒသမ ၃၄ ရာခိုင်နှုန်းရှိကာ ၎င်းနောက်တွင် အိန္ဒိယက ၈ ဒသမ ၅၂ ရာခိုင်နှုန်း၊ ရုရှားက ၆ ဒသမ ၆၆ ရာခိုင်နှုန်းနှင့် ဂျာမနီက ၄ ဒသမ ၅၇ ရာခိုင်နှုန်းတို့ အသီးသီးပါဝင်ကြသည်။ AIIB သည် အာရှတိုက်၏ အခြေခံအဆောက်အအုံပိုင်းတွင် စီမံကိန်းများစွာ ဖန်တီးနိုင်မည်ဟု ကိုရီးယားအစိုးရက မျှော်လင့်ထားပြီး၊ ကိုရီးယားကုမ္ပဏီများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိနိုင်မည်ဖြစ်သည်။

နှစ်စဉ် အာရှတိုက်ရှိ အခြေခံအဆောက်အအုံပိုင်းတွင် စီမံကိန်းများ၏ တန်ဖိုးသည် ဒေါ်လာ ဘီလီယံ ၇၀၀ ကျော်ရှိပြီး၊ ဘဏ္ဍာငွေထောက်ပံ့နိုင်မှုမှာ ဒေါ်လာဘီလီယံ ၃၀၀ ခန့်သာရှိနေကြောင်း ဘဏ္ဍာရေးဝန်ကြီးက ဆိုသည်။ ကိုရီးယား၏ မဟာမိတ်ဖြစ်သော အမေရိကန် လွှမ်းမိုးထားသည့် ကမ္ဘာ့ဘဏ်နှင့်အပြိုင်ဖြစ်လာနိုင်သည့် AIIB တွင် ကိုရီးယားပါဝင်ပတ်သက်မှုသည် တရုတ်နှင့် စီးပွားရေးအရများစွာ ဆက်စပ်ပတ်သက်မှုနှင့်အာရှတိုက်၏ အခြေခံအဆောက်အအုံ ဈေးကွက်ကို လျစ်လျူရှုမထားနိုင်ခြင်းက အဓိကအကြောင်းအရင်းဖြစ်သည်။ တရုတ်နိုင်ငံသည် အနောက်တောင်အာရှ၊ ဗဟိုအာရှနှင့်အရှေ့အလယ်ပိုင်းဒေသတို့ကို ဆက်သွယ်ပေးသည့် ပိုးလမ်းမသစ်ကြီး တည်ဆောက်ရန် ရည်ရွယ်ထားသည်။

ကိုရီးယားကုမ္ပဏီများသည် အခြေခံအဆောက်အအုံကဏ္ဍတွင် ကမ္ဘာ့အဆင့်မီ နည်းပညာများကို ပိုင်ဆိုင်ထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် IBRD (International Bank for Reconstruction and Development) ၏ အဖွဲ့ဝင်နိုင်ငံတစ် နိုင်ငံမဟုတ်သဖြင့် AIIB တွင်ပါဝင်ခွင့် မရရှိခဲ့ပေ။ သို့သော် တောင်ကိုရီးယားအနေဖြင့် AIIB အဖွဲ့ဝင်နိုင်ငံ မဟုတ်သော မြောက်ကိုရီးယားကို AIIB ၏ သဘောတူညီချက်ဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးကပြောဆိုခဲ့သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ရေနံဈေးနှုန်းနှင့်ယန်းငွေတန်ဖိုးကျဆင်းမှုကြောင့် ကိုရီးယားပို့ကုန် ၁၀ ဒသမ ၉ ရာခိုင်နှုန်းကျဆင်း

ပြည်ပပို့ကုန်အပေါ် အဓိကထားသည့် တောင်ကိုရီးယားစီးပွားရေးအခြေအနေ ကျဆင်းလာခြင်းကြောင့် ပို့ကုန်ပမာဏသည် ခြောက်နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့သည်။ ရေနံဈေးနှုန်းကျဆင်းခြင်းသည် ပို့ကုန်ကျဆင်းခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပြီး ကုန်ထုတ်လုပ်သူများသာမက ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ သံမဏိလုပ်ငန်းများနှင့်အိမ်သုံးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများတွင်လည်း ပို့ကုန်ပမာဏများ ကျဆင်းလျက်ရှိသည်။ ယခုနှစ်အတွင်း ပို့ကုန်သာမက သွင်းကုန်ပမာဏလည်း ငါးလဆက်တိုက်ကျဆင်းလျက်ရှိရာ နှစ်အလိုက်ပို့ကုန်ပမာဏကျဆင်းမှုသည် မေလတွင် ၁၀ ဒသမ ၉ ရာခိုင်နှုန်း (ဒေါ်လာ ၄၂ ဒသမ ၄ ဘီလီယံ) ရှိခဲ့သည်။ သွင်းကုန်ပမာဏသည်လည်း ၁၅ ဒသမ ၃ ရာခိုင်နှုန်း (ဒေါ်လာ ၃၆ ဒသမ ၁ ဘီလီယံ) ကျဆင်းခဲ့သည်။ သို့သော် သွင်းကုန်ကျဆင်းမှုသည် ပို့ကုန်ကျဆင်းနှုန်းထက် များနေသေးသဖြင့် ကိုရီးယားသည် ကုန်သွယ်မှုပိုငွေရှိနေဆဲဖြစ်သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ဘယ်လ်ဂျီယံနိုင်ငံရှိ ကြော်ငြာနှင့် အွန်လိုင်းရုံးအား Microsoft က ပိတ်သိမ်း

ဘယ်လ်ဂျီယံနိုင်ငံ၊ Zaventem တွင် လုပ်ငန်းများဆောင်ရွက်နေသော Microsoft ၏ ဘယ်လ်ဂျီယံ-လူဇင်ဘတ် ရုံးခွဲသည် ၎င်း၏ ကြော်ငြာ နှင့် အွန်လိုင်းရုံးအား ပိတ်သိမ်းလိုက်သဖြင့် အလုပ်အကိုင် ၁၁ ခုခန့် ဆုံးရှုံးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုအခါတွင် Microsoft သည် ၎င်း၏ ကြော်ငြာလုပ်ငန်းအား AOL နှင့် AppNexus သို့ရောင်းချခဲ့ပြီး ဖြစ်ပါ သည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ကိုရီးယားစုစုပေါင်းအမျိုးသားဝင်ငွေကို မြင့်တက်စေခဲ့

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့်နိုင်ငံ၏ ဝယ်နိုင်စွမ်းအားကို အဓိကထင်ဟပ်ပြသနေသည့် စုစုပေါင်း အမျိုးသားဝင်ငွေ (Gross National Income-GNI) ကို ၄ ဒသမ ၂ ရာခိုင်နှုန်းအထိ ပထမသုံးလပတ်အတွင်း မြင့်တက်စေခဲ့ကြောင်း ကိုရီးယားဗဟိုဘဏ်က ဆိုခဲ့သည်။ ယင်း GNI တိုးတက်မှုနှုန်းသည် ခြောက်နှစ်အတွင်း အမြန်ဆုံးမြင့်တက်ခဲ့သည့် စံချိန်တင်နှုန်းထားပင်ဖြစ်သည်။ ရေနံဈေးနှုန်းကျဆင်းမှုကြောင့် သွင်းကုန်တန်ဖိုးများကျဆင်းပြီး GNI တိုးတက်နှုန်းကလည်း ကုန်သွယ်မှုကို တိုးတက်စေခဲ့သည်။ သို့သော် ကိုရီးယားဗဟိုဘဏ်က စီးပွားရေးကို ဖိအားပေးလာနိုင်သည့် အခြားစီးပွားရေး ညွှန်းကိန်းများကိုလည်း ဂရုစိုက်စောင့်ကြည့်နေသည်။

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းလာသဖြင့် ကိုရီးယားနိုင်ငံတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်းကြောင့်လည်း GNI တက်ရခြင်းဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ GNI သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပြီး ယခုနှစ် GNI သည် ၇ ဒသမ ၁ ရာခိုင်နှုန်းသို့ ခုန်တက်ခဲ့သည်။ ကိုရီးယား GDP သည်လည်း ယခုနှစ်ပထမသုံးလပတ်တွင် ယခင်နှစ်အလားတူကာလထက်စာလျှင် သုည ဒသမ ၈ ရာခိုင်နှုန်းတက်ခဲ့သည်။ ပထမသုံးလပတ်အတွင်း GDP တက်လာခြင်းသည် ပို့ကုန်တိုးလာသည်ထက် ပြည်တွင်းစားသုံးမှုတိုးလာခြင်းကြောင့်ဖြစ်သည်။ အစိုးရ၏ စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်က ဖေးမ၍ပြည်တွင်းငွေပေးငွေယူ တိုးတက်လာခြင်းနှင့်ဆောက်လုပ်ရေးကဏ္ဍတွင် ပိုမိုတိုးတက်လာခြင်းတို့သည်လည်း ပထမသုံးလပတ် GDP တိုးလာခြင်းကိုဖြစ်စေသည်ဟု ပညာရှင်များက သုံးသပ်ခဲ့ကြသည်။ ပထမသုံးလပတ်တွင် ဆောက်လုပ်ရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် တစ်နှစ်ထက်တစ်နှစ်သုည ဒသမ ၆ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုတိုးလာခြင်း၊ မော်တော်ကားထုတ်လုပ်မှုတိုးလာခြင်းတို့ကြောင့် Facilities Investment တွင်လည်း ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ကိုရီးယားဗဟိုဘဏ်၏ စီးပွားရေးစာရင်းအင်းဌာနခွဲမှ ထုတ်ဖော်ပြောကြားခဲ့သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## EIB နှင့် ING Belgium တို့ နှစ်ဖက်သဘောတူစာချုပ်အား လက်မှတ်ရေးထိုး

ဘယ်လ်ဂျီယံနိုင်ငံတွင် ဆန်းသစ်တီထွင်မှုနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ၏ ချေးငွေရရှိမှု များပြားလာစေရန်နှင့် ချေးငွေရရှိအောင်ဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရန် ရည်ရွယ်လျက် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် (European Investment Bank -EIB) နှင့် ING Belgium တို့သည် နှစ် ဦးနှစ်ဖက်သဘောတူစာချုပ်တစ်ရပ်အား ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် လက်မှတ် ရေးထိုးခဲ့ပါသည်။

အဆိုပါ သဘောတူစာချုပ်အရ ING Belgium အနေဖြင့် ဆန်းသစ်တီထွင်မှုနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအား စုစုပေါင်း ယူရိုသန်း ၃၀၀အထိ ဘဏ္ဍာငွေကူညီထောက်ပံ့မှုပေးနိုင်ရန်အတွက် EIB ကအများဆုံး ယူရိုသန်း ၁၅၀ အထိ အာမခံပေးမည်ဖြစ်ပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## လေးနှစ်တာကာလအတွင်း ယူရိုဇုန်၏ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဇွန်လတွင် အမြင့်ဆုံးရောက်ရှိ

ယူရိုဇုန်၏ ပေါင်းစပ်ထားသော အဝယ်တော်မန်နေဂျာများ၏ ညွှန်းကိန်း (Purchasing Managers' Index-PMI) သည် ၂၀၁၅ ခုနှစ်၊ မေလတွင် ၅၃ ဒသမ ၆ ရှိခဲ့ရာမှ ဇွန်လတွင် ၅၄ ဒသမ ၂ သို့မြင့်တက်ခဲ့ပါသည်။ သို့ဖြစ်၍ ဇွန်လတွင် ယူရိုဇုန်၌ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် လေးနှစ်တာကာလတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်ဟု ခန့်မှန်းရကြောင်း Markit Economics က ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

အဆိုပါညွှန်းကိန်း ၅၀ ထက်ကျော်လွန်ပါက စီးပွားရေးလုပ်ဆောင်မှုများ တိုးတက်လာသည်ဟု မှတ်ယူနိုင်ပြီး ညွှန်းကိန်း ၅၀ အောက်ဖြစ်ပါက စီးပွားရေးလုပ်ဆောင်မှုများ နှေးကွေးသွားသည်ဟု မှတ်ယူနိုင်ပါသည်။

ထို့ကြောင့် ဂရိနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာပြဿနာရပ်များ ရှိနေသော်လည်း ဝယ်ယူသူမန်နေဂျာများ၏ ညွှန်းကိန်း မြင့်တက်လာခြင်းကြောင့် ဂရိပြဿနာသည် ယူရိုဇုန်၏ ပကတိစီးပွားရေးအခြေအနေအပေါ် အကန့်အသတ်ဖြင့်သာ သက်ရောက်မှုရှိကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

## ထိုင်းနိုင်ငံရှိ စာသင်ကျောင်းအနီးနှင့် ပတ်ဝန်းကျင်တွင် အရက်ရောင်းချမှုအား တားမြစ်

ထိုင်းနိုင်ငံ၏ National Alcoholic Beverage Policy Commission သည် ပညာရေးအဖွဲ့ အစည်းများ/ကျောင်းနှင့်တက္ကသိုလ်များ၏ မီတာ ၃၀၀ ပတ်လည်တွင် အရက်၊ ဘီယာနှင့် အဖျော်ယမကာများ ရောင်းချမှု ရပ်ဆိုင်းရန် ကြေညာချက်မူကြမ်းကို ဇူလိုင်လ ၁၀ ရက်နေ့၌ အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။



အဆိုပါအမိန့်ကြေညာချက်သည် လူငယ်များ အရက်သောက်ခြင်း ကိုတားမြစ်ရန် ရည်ရွယ်ခြင်းပင်ဖြစ်သည်။ ယင်းအမိန့်အရ ကျောင်းများ အနီးတွင် အရက်ရောင်းချလျက်ရှိသော စတိုးဆိုင်များနှင့်ကုန်စုံဆိုင်များသည် အရက်ရောင်းချမှု ရပ်တန့်ရန် (အရောင်းဆိုင်မှအရက်များ ရှင်းထုတ် ရန်) ရက်ပေါင်း ၃၀ ရရှိမည်ဖြစ်ပါ သည်။

အဆိုပါ တားမြစ်ချက်/ကန့်သတ်မှုမှ ကင်းလွတ်ခွင့် ရသူများမှာ ကျောင်းဝန်းကျင်ရှိလက်ကားရောင်းသူများ (ဖောက်သည်များသည် ကျောင်းသားများ မဟုတ်သော) ဟိုတယ်များ၊ Silom လမ်းရှိ ပက်ပုန်းဖျော်ဖြေရေးဇုန်ရှိ ဆိုင်များ စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။

တားမြစ်ချက်၏ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်လေ့လာရန်နှင့် ကျောင်းသားများ အရက်သောက်ခြင်းကို ထိရောက်စွာ တားမြစ်နိုင်ခြင်းရှိ/မရှိ အကဲဖြတ်ရန် သက်ဆိုင်ရာ အာဏာပိုင်များအား ညွှန်ကြားထားပြီးဖြစ်ပါသည်။

အစိုးရအနေဖြင့် အစီအစဉ်များကို ထပ်မံရေးဆွဲလျက်ရှိရာ ယခုတားမြစ်ချက်အပေါ် တုံ့ပြန်မှုကိုလည်း ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။ ကျောင်းဝန်းကျင်မှ မီတာ ၅၀၀၊ တစ်ကီလိုမီတာ၊ သုံးကီလိုမီတာပတ်လည်အတွင်း အရက်ရောင်းချခြင်းအား တားမြစ်ရန် တင်ပြချက်များကို ရရှိထားကြောင်း ဒုတိယဝန်ကြီးချုပ် မစ္စတာယောင်ယွတ်ကပြောကြားခဲ့ပါသည်။

ယခုတားမြစ်ချက်သည် ထိုင်းအစိုးရအနေဖြင့် လူငယ်များအား အရက်သောက်သုံးခြင်းမှ တားမြစ်ရန် စတင်လုပ်ဆောင်ခြင်းဖြစ်ပြီး မီတာ ၃၀၀ ပတ်လည်အတွင်း အရက်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းသည် အစိုးရ၏ ကောင်းမွန်သော ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း အရက်ထိန်းချုပ်ရေးထောက်ခံအားပေးသူများမှ သုံးသပ်ပါသည်။

အရက်သေစာသောက်စားမှုရပ်တန့်ရေးကွန်ရက် (Stop Drink Network) မှ ဒါရိုက်တာ Mr. Songkran က ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုသည် အောင်မြင်ခဲ့ပြီဖြစ်ကြောင်း၊ အစိုးရက အရက်စီးပွားရေးလုပ်ငန်းများအား မြှင့်တင်ခြင်းထက် ငယ်ရွယ်သော ကျောင်းသားများ၏ ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးကို ကူညီပံ့ပိုးရန် ဆုံးဖြတ်ခဲ့သော အစိုးရအား အထူးကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။

သို့ရာတွင် ကျောင်းများအနီး မီတာ ၃၀၀ ပတ်လည်တွင် အရက်ရောင်းချမှု တားမြစ်ခြင်းကို ကဏ္ဍအားလုံးမှ လက်ခံသဘောတူခြင်း မရှိကြောင်း၊ ဇူလိုင်လ အစောပိုင်းတွင် နိုင်ငံအနှံ့ရှိ စီးပွားရေးလုပ်ငန်းပေါင်း ၃၄၀၀ ကို ကိုယ်စားပြုသော အုပ်စုမှ အဆိုပါ တားမြစ်ချက်သည် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၂၅,၀၀၀ ကို ချက်ချင်း ဆုံးရှုံးသွားစေမည်ဟု ပြောဆိုတိုင်ကြားခဲ့ကြကြောင်း သိရှိရပါသည်

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# {nfto nfvmxm;

# အိမ်ရှင်ကြိုးစား ကုန်သွယ်မှုမြင့်မား



|မောင်မောင်အေး- လှိုင်ကော်|

**ဒီလိုသူတို့ Share နိုင်အောင် သူတို့ရင်ထဲမှာရော၊ သူတို့လက်ထဲမှာရော အမှတ်တရပါသွားအောင် ဒေသခံတွေက အမှတ်တရပစ္စည်းကလေးတွေ ထုတ်လုပ်ထားနိုင်ရမယ်။**

ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် Ms.Potyaina Suansri (Consiltant for Cultural Tours development - Capasity Building) နှင့် Mr.Peter Richards (Cunsultant for Tourism development -Market Access) တို့ဟာ ကယားပြည်နယ်အတွင်းရှိပြည်ပခရီးသွားများအား ဆွဲဆောင်လျက် ရှိတဲ့ကျေးရွာများသို့ လာရောက်ပြီး ယဉ်ကျေးမှု ခရီးသွားဆိုင်ရာ အလားအလာများကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်းတွေအတွက် ၂၀၁၅ ခုနှစ်မေလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်လျက်ရှိပါတယ်။

ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့်လည်း ဇွန်လ ၂၃ ရက်နေ့က ပြည်နယ် ရုံးမှာပြုလုပ်တဲ့ ဆွေးနွေးပွဲသို့တက်ရောက်ပြီး ကွင်းဆင်းမှုအတွေ့ အကြုံများ၊ စိန်ခေါ်မှုများ၊ ပူးပေါင်းဆောင် ရွက်မှုများကို လာရောက် ပြီး ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ လိုအပ်မယ်ထင်တဲ့ အကြံဉာဏ်တွေ ကိုလည်းပေးခဲ့ပါတယ်။

တကယ်တော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ လှည့်လည် သွားလာနေကြတဲ့ ခရီးသွားများဟာ ဒေသတစ်ခုကို အပြောများလို့ ရောက်ဖူးချင်ရုံသက်သက် မဟုတ်ကြပါဘူး။ ရောက်တဲ့ဒေသရဲ့ အထိမ်းအမှတ်၊ အထင်ကရ အဆောက်အဦး၊ ပုံရိပ်တွေကို နောက်ခံ ထားပြီး ဓာတ်ပုံရိုက်ရုံသက်သက်မဟုတ်ကြတော့ပါဘူး။

ဒီနှစ်အားလပ်ရက်မှာ ငွေစုပြီး ကမ္ဘာလှည့်ခရီးထွက်မယ်ဆိုကြ ပါစို့၊ မြန်မာနိုင်ငံကိုသွားကြမယ်။ ရွေးချယ်ကြပြီဆိုကြပါစို့။ မြန်မာ မှာရှိတဲ့ ပုဂံ၊ အင်းလေး၊ တောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင် ဒီခရီးစဉ် တွေရောက်ဖူးပြီးပြီ၊ ကယားပြည်နယ်ဆိုတာရှိတယ်။ အရင်က သွားခွင့်လာခွင့်ဝင်ထွက်ခွင့် မရှိခဲ့ဘူး။ ခုသွားလို့ရနေပြီ။ ဒါဆိုရင် မြန်မာနိုင်ငံက နယ်မြေအသစ် ကယားပြည်နယ်ကိုသွားလည်မယ်။ ခရီးထွက်မယ်လို့ ဆုံးဖြတ်ပြီး ခရီးထွက်လာဖြစ်ခဲ့ရင် "DO" ပေါ့။ သူတို့လုပ်ဆောင်ကြတယ်။

သူတို့အဖွဲ့ရောက်လာပြီး ကယားပြည်နယ်အတွင်းက လှည့် လည်ကြည့်ရှုစရာ Sight Seeing တွေ လှည့်ကြည့်မယ်။ ကျေးရွာတွေ သွားပြီး ဒေသခံတိုင်းရင်းသားလူမျိုးစုတွေနေထိုင်တဲ့ ကျေးရွာတွေဆီ သွားပြီး လက်ပွန်းတတီး နေထိုင်၊ ချက်ပြုတ်စားသောက်သွားလာ၊ သီဆိုကခုန် တီးမှုတ်ရင်းခံစားမယ့် "Feel" ပေါ့။

ဒေသခံတွေဘယ်လိုသမိုင်းကြောင်းရှိခဲ့သလဲ။ ဘယ်လိုဆင်း သက်လာလဲ၊ ဘယ်လိုပုံပြင်ဒဏ္ဍာရီတွေ၊ ယဉ်ကျေးမှုတွေထွန်းကား ခဲ့သလဲ။ တည်ရှိနေသလဲ။ အနည်းဆုံး ခရီးဦးကြိုနှုတ်ဆက်မယ့် ဘာသာစကားက ဘယ်လိုလဲ။ ကိုယ့်ဘာသာစကားနဲ့ ဖလှယ်ကြမယ်။ မိတ်ဖွဲ့ကြမယ်။ အတူတူ ရင်းရင်းနှီးနှီး နေထိုင်သွားလာပြီး ဒေသခံ တွေရဲ့ အသစ်အဆန်းမှန်သမျှ လေ့လာကြမယ်။ သင်ယူကြမယ်။ "Learn" ပေါ့။

ကယားပြည်နယ်လိုဒေသသစ်တွေဟာ စိတ်ဝင်စားဖို့ကောင်း တယ်။ သင်ယူလေ့လာစရာတွေ အများကြီးရှိတယ်။ သွား ရတာ၊ ခံစားရတာ၊ သင်ယူရတာ၊ မှတ်သားရတာတွေဟာ ပျော်စရာ ကောင်း တယ်။ ကိုယ်တိုင်သိမြင်ခံစားပြီးရင် ဘာလုပ်စရာရှိသလဲ။"ဟင်း ကောင်းစားရတဲ့အခါ ချစ်တဲ့သူကို သတိရတယ်" ဆိုတဲ့ စကားဟာ ချစ်တဲ့သူကို ကျွေးချင်လိုက်တာလို့ ဆိုလိုတာပဲ။ သူ့ကို စားစေချင် တယ်။ သူ့ကို ဝေမျှခံစားစေချင်တာပေါ့။ ခု ကိုယ်လည်း ကယားပြည် နယ်က သိမြင်တွေ့ရှိသမျှတွေကို မိတ်ဆွေတွေကို မျှဝေမယ်ပေါ့။ "Share" ပေါ့။

ဒါဆိုရင် ခရီးသွား ဧည့်သည်တွေဘက်က လုပ်မယ့်အရာ လေးခုကို အတိုချုံးပြီး ပြန်လည်တင်ပြပါမယ်။ "DO" "Feel" "Learn" နဲ့ "Share" ပေါ့။ မှတ်လို့ လွယ်ပါတယ်နော်။ ပြုလုပ်၊ ခံစား၊ သင်ယူ၊ ဝေမျှပေါ့။

နိုင်ငံတော်ရဲ့ စီးပွားရေးအသက်သွေးကြောကဏ္ဍမှာ ကုန် သွယ်မှုပမာဏမြင့်မားဖို့အတွက် ပို့ကုန်ပမာဏ မြင့်မားနေမှဖြစ်မယ်။ ကုန်စည်ထုတ်ကုန်ကြောင့်လည်း မြင့်မားနိုင်သလို ဝန်ဆောင်မှု လုပ်ငန်းတွေလည်း မြှင့်တင်ပေးနိုင်တယ်။ ပြည်ပဧည့်သည်ခရီးသွား တွေ ဝင်ထွက်သွားလာပြီဆိုရင် အဲဒီဒေသမှာရှိတဲ့ ဟိုတယ်လုပ်ငန်း၊ ကုန်သယ်ယာဉ်အမျိုးမျိုး၊ ဧည့်လမ်းညွှန်ခရီးသွားများ၊ စားသောက် ဆိုင်ကြီးငယ်များ၊ အမှတ်တရကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသည့် ဆိုင်များ၊ ရိုးရာလက်မှုထုတ်ကုန်များ စတဲ့ကဏ္ဍစုံတော်တော်လေး ပျံ့ပျံ့နှံ့နှံ့ ဝင်ငွေအသီးသီးရရှိကြတယ်။ နိုင်ငံတော်ကလည်း အခွန် ဘဏ္ဍာတွေ တိုးတက်ရရှိတယ်။

ဒါကြောင့် သူတို့ "DO" နိုင်အောင်၊ လာချင်အောင်၊ လာဖြစ် အောင်၊ Tour Marketing မှာ ကယားပြည်နယ်ဆိုတဲ့ "Branding" ကို သူတို့စိတ်ထဲမှာရှိနေအောင် ကြော်ငြာပေးရမယ်။ ယခုခေတ်မှာ ကြော်ငြာပုံစံတွေအမျိုးမျိုးရှိကြပါတယ်။ နည်းလမ်းအမျိုးမျိုးနဲ့ ကြော် ငြာဈေးကွက်ပေါ်မှာ တင်ပေးကြရမယ်။ သူတို့မျက်စေ့ထဲ နားထဲ တင်မက ရင်ထဲရောက်အောင် ကြော်ငြာပေးကြရမှာဖြစ်တယ်။

ရောက်လာပြီဆိုရင် သူတို့ "Feel" ခံစားတော့မယ်။ လာရကျိုး နပ်အောင်၊ ကုန်ရကျိုးနပ်အောင်၊ ဓာတ်ပုံလေးအမှတ်တရတွဲရိုက်ရုံ လောက်နဲ့ ဧည့်သည်အိမ်သည် နှစ်ဖက်စလုံး ကျေနပ်စရာမကောင်းပါ။ ဒေသခံတွေက Feed လုပ်ပေးရပါမယ်။ ကိုယ့်ဒေသအကြောင်း ဥပမာ-ထမင်းစားတဲ့အခါ စပါး၊ ဆန်အကြောင်း၊ ဟင်းစားတဲ့အခါ အခေါ်အဝေါ်၊ ချက်ပြုတ်ပုံကအစ ခံစားစေချင်တဲ့စိတ်နဲ့ ရှင်းလင်း ပြောပြပေးနိုင်ရမယ်။ ဒါမှ အချိန်လည်းကုန် သူတို့လည်း နှစ်ခြိုက်၊ အိမ်ရှင်လည်း ဝင်ငွေရ မကောင်းဘူးလား၊ လက်ရှိရာသီဥတုနဲ့ သူတို့ ရာသီဥတုအရ ဒေသခံရေမြေနဲ့ သူတို့ရေမြေကွာခြားပုံ၊ နာရီပိုနေပုံ၊ လျော့နေပုံ ဒါတွေဟာ ခံစားစရာတွေပေါ့။

ရောက်လာတဲ့ နိုင်ငံခြားသား ဧည့်အများအပြားဟာ သိချင်၊ မြင်ချင်၊ ကြားချင်၊ သင်ယူလိုစိတ်တွေ "Learn" ရှိကြတယ်။ ဒီတောင်း က ဘယ်လိုရက်တာလဲ။ ဒီခေါင်းရည်က ဘယ်လိုထွက်တာလဲ၊ ဒီပိတ်စ ကလေး ဖြစ်အောင် လက်ယက်ကန်းနဲ့ ဂျတ်ခုတ်ဘယ်လိုရက်တာလဲ။ ဒီသစ်သားပန်းပုကလေး ဘယ်လိုထုလုပ်တာလဲ။ ဒီမြေပန်းအိုးက လေး ဘယ်လိုလုပ်တာလဲ။ ဒီလေးခွဘယ်လိုရတာလဲ။ ဒီခရီးဘယ်လို သွားရတာလဲ စသည်ဖြင့် သူတို့ရဲ့ သင်ယူချင်စိတ် "လဲ" တွေ များ လေလေ အတူတူပြုလုပ်လေလေ ဒေသခံတွေအတွက် ဝင်ငွေတိုး လေ လေပါပဲ။

ခရီးသွားဧည့်သည်တွေဟာ ခရီးကပြန်လာပြီးရင် အတွေ့ အကြုံတွေ ပြန်ပြီးသိပ်ကိုပြောပြချင်ကြတာပါ။ "Share" ပေါ့။ သူ့ စာရေးစားပွဲမှာ ကယားပြည်နယ်က လည်ပင်းကြေးကွင်းစွပ်နဲ့ ပဒေါင်မပုံကလေး အမှတ်တရ တင်ထားမယ်။ သူ့ဆီလာတဲ့ ဧည့် သည် ဖကမြင်မယ်။ ဘာလေးလဲလို့ မေးမယ်။ သူကလည်း မမေးခင် ကတည်းက ပြောချင်နေပြီ။ ကယန်းပဒေါင်အကြောင်း၊ ကယားပြည် နယ်အကြောင်း၊ မြန်မာနိုင်ငံအကြောင်း၊ ဒီလိုနဲ့ တစ်ဆင့် စကား တစ်ဆင့်နားနဲ့ ကမ္ဘာလှည့်ဧည့်သည်တွေ တစ်နှစ်ပြီး တစ်နှစ် တိုးပွား ရင်းနဲ့ပေါ့။ ဒီလိုသူတို့ Share နိုင်အောင် သူတို့ရင်ထဲမှာရော၊ သူတို့ လက်ထဲမှာရော အမှတ်တရပါသွားအောင် ဒေသခံတွေက အမှတ် တရ ပစ္စည်းကလေးတွေ ထုတ်လုပ်ထားနိုင်ရမယ်။ ကောင်းမွန်သပ် ရပ်ရမယ်။ အဆင့်အတန်းရှိရမယ်။ ရှုချင်စဖွယ်၊ ကြည့်ချင် စဖွယ် ဖြစ်စေရမယ်။ ဒေသကို ကိုယ်စားပြုရမယ်။ ကိုယ့်ဒေသက ထုတ် လုပ်တဲ့ အမှတ်အသား ထင်သာမြင်သာပါရမယ်။ တီထွင် ဆန်းသစ်မှု ရှိရမယ်။ လေ့လာမှုကောင်းရမယ်။

ယနေ့ပြည်တွင်းပြည်ပမှာရှိတဲ့ ကားဆိပ်၊ သင်္ဘောဆိပ်၊ လေယာဉ်ကွင်းတွေမှာ ပြည်တွင်း၊ ပြည်ပခရီးသည်တွေဟာ သူတို့ အိမ်စောင့်နတ်တွေက နှင်ထုတ်ထားတယ်လို့ ထင်ရလောက်အောင် ခရီးတွေ အပြန်အလှန် ထွက်နေကြတာတွေ့ရမှာပါ။ သူတို့ရဲ့ ရည် ရွယ်ရာခရီးဆုံးမှာ DO, Feel, Learn နဲ့ Share တွေလုပ်ကြတော့ မှာပါ။ ကျွန်တော်တို့ဒေသခံအိမ်ရှင်တွေကလည်း သူတို့လိုအပ်ချက် တွေပြည့်ဝအောင် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိအောင်၊ ကုန်သွယ်မှု ပမာဏမြင့်အောင် အဘက်ဘက်က ကြိုတင်ပြင်ဆင်ကြိုးစားကြရ အောင်လားဗျာ။

# Auto Expo Myanmar 2015 ကုန်စည်ပြပွဲကျင်းပ

Auto Expo Myanmar 2015 ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ စီမံ/စီးပွား ဝန်ကြီး ဦးသန်းမြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ Taipei World Trade Center မှ President Mr.W.J.Huang Yorkers Trade & Marketing Services Co.,Ltd မှ Managing Director Mr.Tiger Lin နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြပွဲ၌ ဂျာမနီ၊ တရုတ် (တိုင်ပေ)၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ အစရှိသည့် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၉ခုတို့က ပြခန်းပေါင်း ၁၃၀ခန်းအား အပိုင်းသုံးပိုင်းဖြင့် ပြသခဲ့ပါသည်။ ပထမအပိုင်းအနေဖြင့် ကားနှင့်သက်ဆိုင်သော အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ကားအင်ဂျင် အစိတ်အပိုင်းများ၊ ကားပြတင်းပေါက်ညှိကိရိယာ၊ ကားဆီတိုင်ကီများ၊ တာယာများ၊ ယာဉ်အပိုပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းအပိုင်းကို လည်းကောင်း၊ ဒုတိယအပိုင်းအနေဖြင့် လုပ်ငန်းသုံး (Auto) အလိုအလျောက်လုပ်စက်ကိရိယာများ၊ နောက်ဆုံးပေါ် အဆင့်မြင့် စက်ပစ္စည်းများအား လည်းကောင်း၊ တတိယအပိုင်းအနေဖြင့် အီလက်ထရောနစ်နှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာများ၊ Frequency Drives၊ လျှပ်စစ်ထရန်စဖော်မာများ၊ ဘက်ထရီများ၊ ဆဲလ်များ၊ လျှပ်စစ်ခေါင်းအိုးများ၊ အတွင်းစက်များ၊ လူအားသုံးစွမ်းအင်ထုတ်ပစ္စည်းများကို ပြသခဲ့ကြပါသည်။ မော်တော်ယာဉ်လုပ်ငန်းရှင်များ အနေဖြင့် လိုအပ်သော စက်ကိရိယာများ၊ အသုံးအဆောင်ပစ္စည်းများကို တစ်နေရာတည်းတွင် လေ့လာနိုင်ပြီး နည်းပညာသစ်များ ရရှိနိုင်သည့်အခွင့်အရေး တစ်ရပ်ဖြစ်ပါသည်။

အဆိုပါ ကုန်စည်ပြပွဲအား ဇူလိုင် ၂၂ရက်မှ ၂၅ရက်ထိ လေးရက်တိုင်တိုင် ကျင်းပခဲ့ရာ စက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များနှင့် လေ့လာသူများ နေ့စဉ်ပျမ်းမျှ ၁၀၀ဦးခန့် လာရောက်ကြည့်ရှုကြကြောင်း သိရှိရပါသည်။

**KMT**






## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူရေးရာကိစ္စရပ်များ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ဂျပန်နိုင်ငံရှိ စားသောက်ကုန်များ လုံခြုံစိတ်ချရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်းတို့ပူပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံ Technical Consultant Office Japan မှ Mr. Masami Shinohara (Professional Engineering of Food Chemical) ၏ ဂျပန်နိုင်ငံရှိစားသောက်ကုန်များ လုံခြုံစိတ်ချရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဇူလိုင်၁၇ ရက်နေ့ ၁၃း၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးက ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ဂျပန်နိုင်ငံမှ Mr. Masami Shinohara (Professional Engineering of Food Chemical) က မြန်မာနိုင်ငံတွင် အစားအသောက်နှင့်လူသုံးကုန်ပစ္စည်းများတွင် သတ်မှတ်သည့် စံချိန်စံညွှန်းလိုအပ်ကြောင်း၊ စားသောက်ကုန်များထုတ်လုပ်ရာတွင် Labelli ng System တွင် အဓိက အချက် (၇) ချက်နှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ စားသောက်ကုန်သန့်ရှင်း စင်ကြယ်သူမှာ စားသုံးသူများ၏ ခံယူမှုပင်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံမှာဖြစ်ပွားခဲ့သည့် နမူနာများနှင့်တကွ အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဂျပန်နိုင်ငံရှိ စားသောက်ကုန်များ ထုပ်ပိုးမှုတွင် Labelling Item သည် အရေးကြီးကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင်လည်း စားသုံးသူများယုံကြည်စိတ်ချစွာစားသုံးနိုင်ရန် စားသောက်ကုန်ထုတ်ကုန်များ၊ ထုပ်ပိုးမှုပိုင်းတွင်လည်း Labelling Item သည် အဓိကဦးစားပေးဖြစ်သင့်ကြောင်းနှင့် ဂျပန်နိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ မူလတန်းတွင် စားသောက်ကုန်သန့်ရှင်းစင်ကြယ်မှုအကြောင်းထည့်သွင်း၍ အထက်တန်းတွင် စားသုံးသူဆိုင်ရာဥပဒေအကြောင်းပါ ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများရဲ့ မေးမြန်းမှုကို ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးဖွဲ့ဝင်များ၊ စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နီလာထွေး (စားသုံးသူ) ရန်ကုန်**

## Sony Introduction of New Products Models ကုန်စည်ပြပွဲကျင်းပ

Sony Introduction of New Products Models ကုန်စည်ပြပွဲကို ဇူလိုင် ၂၄ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel Max တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ပြပွဲတွင် Sony Business & Professional Prouducts များ၊ Broadcast Equipment များ၊ 4 k Digital ရုပ်ရှင်ရိုက်ကူးရေးကင်မရာများနှင့် ပရိုဂျက်တာများ၊ ကျောင်းသုံး၊ စီးပွားရေးလုပ်ငန်းသုံး ပရိုဂျက်တာများ၊ လုံခြုံရေးအတွက် CCTVများနှင့် Video Conference System Equipment များ၊ Analogue Camera များ၊ Encoler, JP Network Camera, Video Management Software and Recorder Solution များကို ပါဝင်ပြသခဲ့ပါသည်။

၎င်းနောက် Sony ကုမ္ပဏီမှထုတ်လုပ်သည့် ကုန်ပစ္စည်းအသစ်များအား မိတ်ဆက်ပေးခဲ့ပြီး ၎င်းပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို Sony Co.,Ltd.မှ Mr.Nighi San, Mr.Calver hee၊ Mr. Lawrener နှင့် အခြားသက်ဆိုင်ရာ တာဝန်ရှိသူများက အခန်းကဏ္ဍအလိုက်၊ ပရိုဂျက်တာများဖြင့် ရှင်းလင်းတင်ပြခဲ့ကြပါသည်။

TMW Enterprise Ltd မှ Sony Broadcast နှင့် ပူးပေါင်း၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များတွင် ကျွမ်းကျင် အင်ဂျင်နီယာများဖြင့် သင်တန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ၎င်းကုန်စည်ပြပွဲအား ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်တိုင်တိုင် ပြသခဲ့ကြောင်း သိရ သည်။

**KMT**

## တရားမဝင်တင်သွင်းလာတဲ့ ပိုးသတ်ဆေးများနဲ့ မြေဩဇာများအား ပိတ်ပင်တားမြစ်နိုင်ရန် တာချီလိတ်ခရိုင်တွင် သက်ဆိုင်ရာဌာနများပူးပေါင်းဆောင်ရွက်

တရားဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဓာတ်မြေဩဇာ၊ပိုးသတ်ဆေးများနဲ့ ပိတ်ပင်တားမြစ်ထားတဲ့ ပိုးသတ်ဆေးများ တင်သွင်းခြင်းအား တားဆီးပိတ်ပင်ရာတွင် ကူညီဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးနဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနတို့နဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်လို့ သတင်းရရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ မြေဩဇာဥပဒေ၊ အပင်ပိုးမွှား ကာကွယ်တဲ့ဥပဒေ၊ မျိုးစေ့ ဥပဒေများ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား တရားဝင် မှတ်ပုံတင်ထားပြီး မြန်မာစာအညွှန်းပါတဲ့ ပိုးသတ်ဆေးများ၊ မြေဩဇာများကို သုံးစွဲစေခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲနည်း မှန်ကန်စေရေး၊ အန္တရာယ်ကင်းရှင်းရေးနဲ့ စစ်မှန်သော မြေဩဇာများသုံးစွဲပြီး တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန်လည်း ဦးစားပေး ဆောင်ရွက်လျက်ရှိနေပါတယ်။

တာချီလိတ်ခရိုင်ဟာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နဲ့ ထိစပ်နေတဲ့ ခရိုင်ဖြစ်တာကြောင့် ပိုးသတ်ဆေးနဲ့ မြေဩဇာအရောင်းဆိုင်အချို့ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သော ဓာတ်မြေဩဇာများ ရောင်းဝယ်နေတာကို တွေ့ရကြောင်းနဲ့ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ ပိုးသတ်ဆေးများနဲ့ မြေဩဇာများ၊ ပိတ်ပင်တားမြစ်ထားတဲ့ ပိုးသတ်ဆေးများ တင်သွင်းလာခြင်းများအား တားမြစ်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရဲ့ အမိန့်ကြော်ငြာစာ ၁/၂၀၁၃အရ တားဆီးပိတ်ပင်ကူညီပေးနိုင်ရန်အတွက် ပိတ်ပင်ထားတဲ့ ပိုးသတ်ဆေး စာရင်းများကိုပေးပို့ အကြောင်းကြားထားတယ်လို့ သိရပါတယ်။


ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အမိန့်ကြော်ငြာစာ ၁/၂၀၁၃ အရ ထုတ်ပြန်တားမြစ်ထားတဲ့ ပိုးသတ်ဆေးစာရင်းမှာ အမျိုးပေါင်း ၂၉ မျိုးပါရှိကြောင်းသိရှိရပါတယ်။

**ဂန္ဓမာ**

Commodity Exchange News
Vol: 15, No.28 Monday July 27 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၇-၇-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လိုအားပုံမှန်ရှိနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၆၆၀၀၀ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ပြီးနောက်ပိုင်းရက်များတွင် ဈေးအနည်းငယ်ကျလာပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲပစ္စည်းလက်ကျန်အနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ တန်ချိန် ၅ သောင်းဝန်းကျင်ကျန်ရှိနေပြီး အိန္ဒိယဘက်မှာလည်း မုတ်သုံဝင်တဲ့အခါမှာ မုတ်သုံအပြည့်အဝမရရှိတာကြောင့် မြန်မာ့မတ်ပဲကို အဝယ်ပြန်သွက်လာနိုင်ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်း လက်ကျန်တန်ချိန် သောင်းဂဏန်းဝန်းကျင်ရှိနေပေမယ့် အိန္ဒိယဘက်က ဈေးဖွင့်အဝယ်မရှိသေးတာကြောင့် အရောင်းအဝယ်အေးနေ ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ကုလားပဲမျိုးစုံကို ပဲခွဲစက်တွေ ဝယ်လိုအားကောင်းလို့ ဈေးစွာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်နှင့် နယ်ဝယ်လက်တချို့ အဝယ်ကောင်းလို့ ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၂၆၃ ကျပ်(တစ်တန်ကို ၇၇၃၄၄၈ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၃၃၀ ကျပ် (တစ်တန်ကို ၈၁၄၄၇၈ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၃၅၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်ပုံမှန်အဝယ်ရှိပေမယ့် ဈေးတန့်နေ


မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံအနေဖြင့် နယ်စုံမှ တစ်ပတ်အတွင်းတန်ချိန် ၁၄၀၀၀ ခန့်ဝင်ရောက်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် အဝင်ပိုမိုလာကြောင်း သိရပါတယ်။ တရုတ်ဘက်မှာလည်း ပြောင်းသီးနှံကို အဖမ်းအဆီးရှိမယ့်သတင်းကြောင့် ပြောင်းဈေးတန့်နေတာဖြစ်ကြောင်း၊ မူဆယ်အခြေစိုက် ပြောင်းကုန်သည်တစ်ဦးကပြောပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၉ ယွမ်မှ အမြင့် ဆုံး ၁၀၂ ယွမ် ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါ တယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လိုအား ပုံမှန်ရှိ၊ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်နှင့် ကြာဆံစက် ဝယ်လိုအား ဆက်တိုက်ရှိနေ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၁၀ ကျပ်(တစ်တန်ကို ၁၂၃၀၉၀၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူ လုံးကြီးကိုတော့ မြို့ခံပဲခွဲစက်နှင့် ကြာဆံစက်များက ဝယ်လိုအား ဆက်တိုက်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၂၅၃ ကျပ် (တစ်တန်ကို ၇၆၇၃၂၄ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကြီးကို တရုတ်ဝယ်အားနည်း မတ်ပဲနှင့် ပဲစင်းငုံနီလက်ကျန်နည်း

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(ထိပ်စ)ကို တရုတ် ဝယ်လက်ကဝယ်လိုအားနည်းခဲ့ပေမယ့် အရောင်းအဝယ်တော့ နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၆၉ ကျပ် (တစ်တန်ကို ၁၃၂၈၂၇၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့်မြို့ခံပဲခွဲစက်များက တစ်ပိဿာကို ၂၂၅၀ ကျပ်(တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၆၀ ကျပ် (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။



## အောင်လံဈေးကွက်မှာ ကုလားပဲနှင့် သိပ္ပံနှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလို အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာကို ၁၃၂၀ ကျပ်(တစ်တန်ကို ၈၀၈၃၅၄ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းနက်ကိုတော့ ရန်ကုန်-မန္တလေး ဝယ်လက်က တစ် ပိဿာကို ၄၀၆၇ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀ မှ ၂၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်း မှ သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်အား ပုံမှန်ရှိပေမယ့် ကုန်သည်ထံမှာ ပစ္စည်းလက်ကျန်နည်း

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ ဒေသထွက် အစေ့ထုတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၇၅ ကျပ် ဈေးဖြင့် ဝယ်လို အားများခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းလက်ကျန်နည်း

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေးနှင့် မူဆယ်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၅၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၂ သန်းခွဲခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ပြောင်းကိုတရုတ်ဘက်ပို့ရန် ဝယ်ယူနေတဲ့ ဝယ်လက်တွေက တရုတ်ဘက်မှာ အဖမ်းအဆီးတချို့ ရှိနေတာကြောင့် မူဆယ်မှာ သိုလှောင်ထားတယ်လို့ သိရပါတယ်။ လတ်တလောအရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၅၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၄ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို ရန်ကုန်အဆွဲ ပုံမှန်ရှိ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၃၅ ကျပ်(တစ်တန်ကို ၁၃၀၇၄၅၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပဲစင်းငုံနီကိုလည်း ရန်ကုန်ဝယ်လက်က ဝယ်လိုအားပြန်လိုက်လာပြီး တစ်ပိဿာ ၂၁၆၀ ကျပ် (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၅၀ ခန့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲအရောင်းအဝယ်ပုံမှန်ဖြစ်

ရေစကြိုဈေးကွက်တွင် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၁၃၂၀ ကျပ် (တစ်တန်ကို ၈၀၈၃၅၄ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ကုလားပဲအရောင်းအဝယ်သွက် နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲ စက်တွေက ဝယ်လိုအား ဆက်တိုက်ရှိပေမယ့် ဈေးကတော့တန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၀၅ ကျပ်(တစ်တန်ကို ၇၉၉၁၆၈ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကို မန္တလေး၊ ရန်ကုန်ဝယ်လက်၊ မြို့ခံဆီစက်များနှင့် နှမ်းလှော်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီတစ်ပိဿာ ၁၉၈၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၃၃၅ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၁၃၅ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၄၅၃၅ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၈၀၀ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၈၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းဟောပြောဆွေးနွေး



စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကိုဝယ်ယူသုံးစွဲနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာများ အဆက်မပြတ်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ဇူလိုင် ၁၆ ရက်နေ့ နေ့လည် ၁၃း၀၀ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ပထမဦးစွာ ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်က အဖွင့်အမှာစကားပြောကြားရာတွင် ကုန်စည်ဒိုင်မှ မဟုတ်ဘဲ ဘုရင့်နောင်ရှိ လိုင်းအားလုံးဖြစ်တဲ့ ငါးပိ၊ ငါးခြောက်၊ ကား ကုန်အစိုအခြောက်များ အားလုံးကို ဖိတ်ကြားထားရတဲ့ အကြောင်းအရင်းကတော့ စားသုံးရန်မသင့်တဲ့ အသိပညာပေး ဟောပြောမှုကို သိနားလည်ရန်အတွက် ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ဘုရင့်နောင်ဝင်းထဲ မှာ အလုပ်သမားအများစုရှိပြီး အလုပ် သမားများမှာ လမ်းဘေး စားသောက် ဆိုင်များတွင် စားသောက်ကြရတဲ့ အတွက် ယခုလိုပညာရှင် သိကျွမ်းနားလည်သူများ ဟောပြောတာကို နားထောင်ပြီး လိုက်နာကြတာ အကောင်းဆုံးဖြစ်ကြောင်း ပြောကြား သွားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းခဲ့မှု အခြေနေနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်ဖြစ်သည့်အတွက် စီးပွားရေး လုပ်ငန်းရှင်များနှင့်ပတ်သက်သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအနက်မှ အခန်း (၅) (၆) (၇) (၉) (၁၀) (၁၁) တို့ကို အဓိကပြောကြားခဲ့သည်။

ထို့အပြင် ပုဒ်မ (၇) အပိုဒ် (ခ) မှာ စီးပွားရေးလုပ်ငန်းရှင်များရဲ့ ကျင့်ဝတ်စည်းကမ်းများအကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ စားသုံးသူ အငြင်းပွားမှုလက်ခံ ဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုပ်ဆောင်မှုနှင့် အခြေအနေများကို ဆွေးနွေးခဲ့ပါသည်။

စားသုံးသူများ နစ်နာမှုရှိပါက တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားနိုင်သည့်လိပ်စာနှင့် ဖုန်းနံပါတ်များအား ဂျာနယ်များတွင် ဖော်ပြပြီးဖြစ်ကြောင်း ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မုန့်တွင်မှိုပါဝင်ခြင်း၊ ငါးရံ့ခြောက်များတွင် ယင်မနားဆေးများ ပိုမိုသုံးစွဲခြင်း စသည့်ဖြစ်စဉ်များကို လည်းကောင်း၊ စားသုံးသည့် ပဲဆီသန့်တွင် ရောနှောဆီများ ပါဝင်မှုရှိ၊ မရှိ ယခုနှစ်တွင် စစ်ဆေးလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင် များသည် စားသုံးသူတစ်ဦးဖြစ်ရာ အရည်အသွေးမပြည့်စုံသည့် အစားအသောက်၊ လူသုံးကုန်များ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်တို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိုးဝင်းက ဌာနဖွဲ့စည်းပုံနှင့် ပြည်တွင်းမှ ထုတ်လုပ်သော ပစ္စည်းများအပြင် ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းအောင် ဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်အစားအသောက်ကိုမဆို တင်ပို့ဖြန့်ဖြူးမည်ဆိုလျှင် သက်ဆိုင်ရာ စည်ပင်သာယာနှင့် စက်မှုကြီးကြပ်အသင်းတို့ရဲ့ထောက်ခံချက်များရယူပြီးမှ တင်သွင်းရန် လိုအပ်ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လျှောက်လွှာတင်ရန် အစားအစာများကို သိမ်းဆည်းထားသိုရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် စားသုံးရာတွင် အာဟာရပြည့်ဝသည့် အစားအစာများအား ရွေးချယ်စားသုံးရန်နှင့် ကိုင်တွယ်အသုံးပြုနည်းများကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ထုတ်လုပ်သူကအရေးကြီး သလိုဖြန့်ဖြူးတဲ့သူတွေလည်း အရေးကြီးကြောင်း၊ အသင်းအနေဖြင့် အသင်းသီးသန့်ရော အစိုးရဌာနများနှင့်ပါ စားသုံးရန်မသင့်သော အစားအသောက်နှင့် ခြင်ဆေးခွေများကို စစ်ဆေးလျက်ရှိကြောင်း၊ စက်မှုဇုန်သို့ရောက်သည့်အခါတွင် ကိုယ်တိုင်ထုတ်လုပ်သည့် အစားအစာကို ကိုယ်တိုင်စားရဲဖို့လိုကြောင်းနှင့် ကျင်းထုံခြင်ဆေးခွေကို လက်ကားဒိုင်များအနေဖြင့် လက်ခံပြီး ဖြန့်ဖြူးခြင်း မပြုသင့်ကြောင်း အန္တရာယ်ရှိသည်ဟု ပြောကြားထားပါက မရောင်းသင့်ကြောင်း၊ ဆီဆိုလျှင်လည်း ရောနှောရောင်းချမည်ဆိုပါက သူ့အချိုးအဆနှင့်သူ ရောစပ်ပြီး ပွင့်လင်းမြင်သာစွာ ဖော်ပြ၍ ရောင်းချသင့်ကြောင်း၊ အမျိုးမတူတာရောပြီး လိမ်ညာမရောင်းသင့်ကြောင်း ပြောကြား၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေးယှဉ်ပြိုင်မှုများ ပြုလုပ်ရာတွင် မတရားသောယှဉ်ပြိုင်မှုမျိုး မပြုလုပ်သင့်ကြောင်း အသေးစိတ် ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ယခုနှစ်တွင်ရုံးခွဲ)မှ တာဝန်ရှိသူများ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ စုစုပေါင်း ၉၆ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# မကွေးတိုင်းဒေသကြီး၊ သရက်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ



မကွေးတိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၅) ခရိုင်မှ မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲများ စဉ်ဆက်မပြတ်ကျင်းပလျက်ရှိရာ သရက်မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို ဇူလိုင်လ ၁၅ ရက် နံနက် ၉ နာရီ၌ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးသန်းစိန် မှ ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့နှင့်ပူးပေါင်းပြီး ကျင်းပခဲ့ရာ ဌာနဆိုင်ရာ အကြီးအကဲများ အပါအဝင် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကျေးရွာ စာရေးဝန်ထမ်းများ စုစုပေါင်း ၁၃၀ ဦးတက်ရောက်ခဲ့ပါသည်။

၎င်းဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒု-ဦးစီးမှူး ဦးသန်းစိန်က ဌာန၏ လုပ်ငန်းများအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များနှင့် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအကြောင်း အသေးစိတ် ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးညွှန့်က အစားအသောက်များတွင် ဆိုးဆေးပါဝင်မှုများကြောင့် ရောဂါရရှိနိုင်သကဲ့သို့ ထုပ်ပိုးပစ္စည်းများလည်း ခဲဆိပ်သင့်၍ ရောဂါရတတ်ကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာသန်းဌေးက အသားငါးများတွင် ရေထိုးခြင်း၊ ဓာတုဆေးဝါး သုံးထားခြင်း၊ တာရှည်ခံဆေးများသုံးထားခြင်း တို့ကြောင့် စား သုံးသူတို့တွင် ဘေးဥပဒ်အန္တရာယ် ရတတ်၍ သတိထားစားသုံးသင့်ကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မှ မြို့နယ်မန်နေဂျာ ဦးတင်နိုင်ဦးမှ အသီးအရွက်များတွင် ပိုးသတ ဆေး၊ ဓာတ်မြေဩဇာများ သုံးစွဲထားခြင်းကြောင့် စားသုံးသူများတွင် ရောဂါရတတ်ကြောင်း၊ အကယ်၍ သုံးစွဲပါကလည်း ဆေးဖျန်းပြီး ၁၀ ရက်၊ ၁၅ ရက်ကြာမှသာ ခူးဆွတ်ပြီး ရောင်းချသုံးစွဲရမည်ဖြစ်ကြောင်းကို လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် ဆွေးနွေးဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးသန်းစိန်မှ ကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ကျေးရွာ စာရေးဝန်ထမ်းများအားလုံးအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဟိန်းဆက် (စားသုံးသူ)**

## တရားမဝင်သယ်ဆောင်လာတဲ့ ဟန်းဆက်များအား စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေး မူဆယ်စခန်း ထုတ်နုတ်အင်အား Mobile Team မှ ဦးစီး အရာရှိဦးစီးအဖွဲ့ တာဝန်ထမ်းဆောင်စဉ် ဇူလိုင်လ ၁၀ ရက်နေ့တွင် အေးရှားဝေါလ် တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် 6c/xxxx ယာဉ်ပေါ်၌ တရားမဝင် သယ်ဆောင်လာတဲ့ ဟန်းဆက် ၁၅ လုံးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အဆိုပါ စစ်ဆေးတွေ့ရှိဟန်းဆက်များအား မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ အဖွဲ့စုံဖြင့် လွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီးဖြစ်တယ်လို့ သိရပါတယ်။

**MIRT**

## ကန့်သတ်ဘီယာများအား မန္တလေး Mobile Team မှ သိမ်းဆည်းရမိ

ကုန်သွယ်ရေးဦးစီးဌာန မန္တလေး Mobile Team အဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစီးတဲ့အဖွဲ့ဟာ မိုးကုတ်-မတ္တရာ-မန္တလေးလမ်းကြောင်းရှိ မတ္တရာမြို့အဝင်လမ်းဆုံတွင် Mobile Team တာဝန်များ ထမ်းဆောင်နေစဉ် ဇူလိုင်လ ၆ ရက်နေ့က Canter နဲ့ မှန်လုံယာဉ်များပေါ်မှ ကန့်သတ်ကုန်ပစ္စည်းများဖြစ်တဲ့ Chang Beer ဖာ ၃၀ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။သိမ်းဆည်းရမိ ကန့်သတ်ဘီယာများအား Mobile Team မတ္တရာအဖွဲ့စုံ ရှေ့မှောက်တွင် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ မီးရှို့ဖျက်ဆီးသွားမယ်လို့ သိရပါတယ်။ **MIRT**

## ခန့်မှန်းတန်ဖိုး ကျပ် သုံးသိန်းကျော်ရှိ အကောက်ခွန်မဲ့ သစ်သီးဝလံ အမယ်မျိုးစုံ လရ-၂ အဖွဲ့မှသိမ်းဆည်းရမိ

Mobile Team လရ-၂ အဖွဲ့က မြဝတီဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်နဲ့ ဒေသသုံး ကုန်တင်ယာဉ်များအား စစ်ဆေးစဉ် ဇူလိုင်လ ၁၁ ရက် ၁၆း၃၀ ချိန်ခန့်မှာ Hilux ယာဉ်ပေါ်မှာ ၁၀ ကီလိုဂရမ်ပါ နဂါးမောက်သီး ၂ တာ၊လိမ္မော်သီး ၅တာ၊သစ်တော်သီး ၇ တာ၊ ၇ ကီလိုဂရမ်ပါ စပျစ်သီး ၃တာ၊ ၂၀ ကီလိုဂရမ်ပါ ပန်းသီး ၅ တာ၊ ၁၈ ကီလိုဂရမ်ပါ ကြက်မောက်သီး ၁၀ တာ၊ ၂၅ ကီလိုဂရမ်ပါ ဩဇာသီး ၁ တာ၊ ၄၅ ကီလိုဂရမ်ပါ ရေငန်းသီး ၂ တာအား စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။အဆိုပါသစ်သီးဝလံများကို အကောက်ခွန်မဲ့ သယ်ဆောင်လာခြင်းဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ် ၃၃၇၅၀၀ ရှိတယ်လို့သိရပါတယ်။ပုပ်သိုးပျက်စီးလွယ်သည့် ပစ္စည်းများဖြစ်၍ အဖွဲ့ဖွဲ့စည်းပြီး လေလံတင်ထုခွဲရောင်းချပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## မြိတ်ကုန်သွယ်ရေးစခန်းနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန် ၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၀၉၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၆၆၁ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၀၉ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၇ တန်ကျော်၊ ကဏန်း ၂၄ တန်ကျော်၊ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၆ တန်ခန့်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၂၉ သန်း တန်ဖိုးရှိ ငါးမျိုးစုံ တစ်မျိုးတည်းသာ တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၆၄၆ တန်ခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ ၁ ဒသမ ၈၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၂၈၃ တန်ကျော်၊ ပုစွန် ၆၃ တန်ကျော်၊ ကင်းမွန် ၇ တန်ကျော်၊ ပုစွန်ခြောက် ၁ တန်ကျော်၊ငါးခြောက် ၉ တန်ကျော်၊ ကဏန်းပျော့ ၂၄ တန်ကျော်၊ သဲကဏန်း ၃ တန်ကျော်နဲ့ ကင်းမွန်ခြောက် အနည်းငယ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၄၂၈ တန်ကျော် လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ သိန်းကျော် ပိုမိုခဲ့ပါတယ်။

**ခင်မြနွယ်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၂၀၀ ကျော်တင်ပို့

ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်၊ လယ်ယာ ထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၂၀၀ ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၉၆ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်းတင်ပို့ခဲ့ပေမယ့် ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းဖိုးလျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်ပစ္စည်းကတော့ ရေချို(ငါးမြစ်ချင်း) တန် ၇၀ နဲ့ လယ်ယာ ထွက်ကုန်ပစ္စည်းများဖြစ်တဲ့ မန်ကျည်းစေ့ ၉၇ တန်၊ ချင်း(အစို)၁၅ တန်၊ ဆီးသီးခြောက် ၁၃ တန်၊ မန်ကျည်းဖတ် ၂ တန်၊ နနွင်းတက် ၁ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၁၄ တန်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

**တင်တင်ထွန်း**

## မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ သီဟိုဠ်စေ့ ၃၇ တန်ကျော် တင်ပို့

ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်တာ ကာလအတွင်း မူဆယ် ကုန်သွယ်ရေးဇုန်နဲ့ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၈၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၈ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂ တန်ခန့်ပိုမိုတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုမှာ-

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၃၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၂ တန်ကျော်တင်ပို့ခဲ့ပြီး၊ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက တစ်တန်နီးပါးပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ သုည ဒသမ ၀၄၉ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခုတစ်ပတ်မှာရော ယခင်တစ်ပတ်ကပါသီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိခဲ့ပါဘူး။ **ခင်မြနွယ်**

## ကော့သောင်းကုန်သွယ်ရေးစခန်းတွင် Mobile Team မှ ပညာပေးလုပ်ငန်းများဆောင်ရွက်

နယ်စပ်ဒေသများမှတစ်ဆင့် ပြည်မသို့ တရားမဝင်ကုန်ပစ္စည်းများ တင်ပို့ခြင်းအား တားဆီး ကာကွယ်ရေး ပညာပေးလုပ်ငန်းများကို ကော့သောင်း ကုန်သွယ်ရေးစခန်း Mobile Team အဖွဲ့က ဆောင်ရွက်လျက်ရှိတယ်လို့ သတင်းရရှိပါတယ်။

ကော့သောင်း Mobile အဖွဲ့သည် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်တဲ့ ကော့သောင်းမြို့မှတစ်ဆင့် ပြည်တွင်းသို့ကုန်စည်တင်ဆောင်ထွက်ခွာမယ့် သင်္ဘောများမှာတင်ဆောင်ထားသော ပစ္စည်းများနဲ့စပ်လျဉ်းပြီး အခွန်အခ ပေးဆောင်ထားတဲ့ အထောက်အထားများနဲ့ တင်ဆောင်ထားသောပစ္စည်း ကိုက်ညီမှန်ကန်မှု ရှိ/မရှိ၊ ကန့်သတ်တားမြစ်ကုန်များ တင်ဆောင်ထားခြင်းရှိ/မရှိတို့ကို စစ်ဆေးပညာပေးခြင်းကို ဆောင်ရွက်နေတယ်လို့သိရပါတယ်။ပညာပေးကာလကို ဇူလိုင်လကုန်အထိ သတ်မှတ်ထားပြီး ပညာပေးကာလကုန်ဆုံးပါက အရေးယူမှုများကို လုပ်ထုံးလုပ်နည်းဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပညာပေးကာလအတွင်းမှာ သွင်းကုန်လုပ်ငန်းများ၊ ကုန်တင်သင်္ဘောလုပ်ငန်းများအနေနဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဆောင်ရွက်ကြရန် စစ်ဆေးပညာပေးနေကြတာဖြစ်ပါတယ်။

တရားမဝင်ကုန်ပစ္စည်းများသယ်ဆောင်သွားလာနေတဲ့ လမ်းကြောင်း သုံးခုရှိပြီး တစ်ဖက်နိုင်ငံ ရနောင်းဆိပ်ကမ်းမှ လှေသင်္ဘောဖြင့် နိုင်ငံတကာပင်လယ်ရေပိုင်နက်သို့ ဝင်ရောက်ပြီး ရန်ကုန်သို့ ဝင်ရောက်သော ကျွန်ကျောင်းလမ်း၊ ပါချန်မြစ်အတိုင်း တစ်ဖက်နိုင်ငံ ရေပိုင်နက်မှ လှေ၊ သင်္ဘောများဖြင့် မောင်းနှင်ပြီး သူငွေးကျွန်းအပေါ်ဘက်မှ ဖြတ်သန်းသွားသောလမ်းနဲ့ ဇာဒတ်ကြီးကျွန်း၊ ဇာဒတ်ငယ်ကျွန်းတို့အား ရှောင်ကွင်းပြီး လန်ပိကျွန်းနဲ့ ဝါးကျွန်းအနောက်ဘက်မှ လှေသင်္ဘောများနဲ့ ဖြတ်သန်း၍ ရနောင်း-မြိတ်-ထားဝယ်-ရန်ကုန်သို့သွားသော ရေကြောင်းလမ်းတို့ရှိတယ်လို့ သိရပါတယ်။

တရားမဝင်မှောင်ခိုသယ်ဆောင်တင်သွင်းတဲ့ ပစ္စည်းများမှာ အချိုရည်မျိုးစုံ၊ ဘီယာမျိုးစုံ၊ မုန့်မျိုးစုံ၊ခေါက်ဆွဲခြောက်အမျိုးမျိုးစတဲ့ စားသောက်ကုန်များ၊အဝတ်အထည်မျိုးစုံ၊အလှကုန်မျိုးစုံများဖြစ်ကြပြီး သယ်ဆောင်ယာဉ်များမှာ ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံများသို့ ပို့ကုန်သွင်းကုန်ပစ္စည်း ပို့ဆောင်တဲ့ ယာဉ်များ၊တရားမဝင်ငါးဖမ်းရေယာဉ်များဖြစ်ကြပါတယ်။ ပင်လယ်ပြင်အတွင်းမှ ဖြတ်သန်းသယ်ဆောင်နေကြတဲ့အတွက် အကြိမ်ရေခန့်မှန်းရခက်ခဲပါတယ်။

တရားမဝင်ကုန်စည်ဝင်ထွက်သွားလာမှု တားဆီးဆောင်ရွက်နိုင်ရေးနဲ့ ကုန်သွယ်မှု တရားဝင်လမ်းကြောင်းပေါ်ရောက်ရှိရေးအတွက် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးများမှာ အဖွဲ့ဝင်ဌာနများ၊ဆက်စပ်ဌာနများ၊ ဒေသအာဏာပိုင်နဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေးညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့အပြင် ယခု Mobile Team ကလည်း ပညာပေး ဆောင်ရွက်နေတာဖြစ်ပါတယ်။

**MIRT**

## တရားမဝင်တင်ဆောင်လာတဲ့ အမျိုးသမီးလက်ပွေ့အိတ်၊ စားဆီများကို တာချီလိတ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် Mobile Team အဖွဲ့သည် ဇူလိုင်လ ၉ ရက်နေ့တွင် တာလေ တိုးဂိတ်အနီး တာဝန်ထမ်းဆောင်စဉ် တာချီလိတ်ဘက်မှလာတဲ့ ဟိုက်အေ့စ် လွယ်နန်းခုံ ယာဉ်အမှတ် 5G/xxxx ပေါ်မှ တရားမဝင် တင်ဆောင်လာတဲ့ အမျိုးသမီးလက်ပွေ့အိတ် ၂ဖာနဲ့ စားဆီ(၁၀)ဖာတို့ကို စစ်ဆေးတွေ့ရှိ ခဲ့တယ်လို့ သိရပါတယ်။ ပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိအမျိုးသမီးလက်ပွေ့အိတ်နဲ့ စားဆီများကို တာချီလိတ်မြို့နယ် အကောက်ခွန် ဦးစီးဌာနတွင် အမှုတွဲဖွင့်လှစ်ပြီး လွှဲပြောင်းအပ်နှံသွားမယ်လို့ သိရပါတယ်။

**MIRT**

## တာလေတိုးဂိတ်အနီး တရားမဝင် သယ်ဆောင်လာသော အသားတုများကို Mobile Team အဖွဲ့မှသိမ်းဆည်းရမိ

တာချီလိတ်ကုန်သွယ်ရေးစခန်း Mobile Team အဖွဲ့ဟာတာလေတိုးဂိတ် အနီးတာဝန်ထမ်းဆောင်စဉ် ဇူလိုင်လ ၈ ရက် ၁၅း၁၅ ချိန်ခန့်က တာချီလိတ်မှလာသော လွယ်နန်းခုံ ယာဉ်လိုင်း Hiace ယာဉ် ၈ည/xxxx ပေါ်မှပီနံအိတ် လေးအိတ်နဲ့ တင်ဆောင်လာတဲ့ အသားတု (ပေါင်းပြီး) မျိုးစုံကို ပိုင်ရှင်မဲ့ ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် သိမ်းဆည်းခဲ့ရပါတယ်။

အဆိုပါသိမ်းဆည်းရမိပစ္စည်းများအား အဖွဲ့စုံနဲ့ ဖွင့်ဖောက်စစ်ဆေး၍ တာချီလိတ်အကောက်ခွန် မြို့နယ်ရုံးသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်အပ်နှံထားပြီးဖြစ်ပါတယ်။

ဇူလိုင်လ ၁၀ ရက်နေ့မှာ အသားတုများကို တာချီလိတ်ကုန်သွယ်ရေးစခန်းဝင်းအတွင်း အဖွဲ့စုံနဲ့ မီးရှို့မြေမြှုပ်ဖျက်ဆီးပြီး ဖြစ်ပါတယ်။ အသားတုများမှာ အလေးချိန်အားဖြင့် ၃၀၀ ကီလိုဂရမ်ရှိပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၇၅၀၀၀၀ လို့သိရပါတယ်။ **MIRT**

## တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် သယ်ဆောင်လာတဲ့ တရားမဝင် နွား ၁၃ ကောင်အား မယ်စဲ့ OSS အဖွဲ့က စစ်ဆေးတွေ့ရှိ

ဇူလိုင်လ ၉ရက် ၂၂း၃၀ နာရီခန့်မှာ ဖားဆောင်းဘက်မှ မောင်းနှင်လာသော နစ်ဆန်း UD Canter အမျိုးအစား သစ်သားဘော်ဒီတပ်ယာဉ်အား စစ်ဆေးစဉ် ယာဉ်ပေါ်၌ နွားအထီး ၁၃ ကောင်ကို တွေ့ရှိရပြီး စာရွက်စာတမ်းတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။

အဆိုပါ နွားများမှာ မယ်စဲ့မြို့၊ နန့်ပိန်လိန်ကျေးရွာနေတောင်ယာလုပ်သားတစ်ဦးပိုင်ဖြစ်ပြီး တီဂျစ် ဖားဆောင်းမြို့နယ်၊ ပါပုမှတစ်ဆင့် မော်တော်နဲ့တင်ဆောင်၍သံလွင်မြစ်အားဖြတ်သန်းလာစဉ် နန့်ပိန်လိန်အရောက်မှာ ကုန်းလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးရရှိတဲ့အတွက် ရဲစခန်းတွင် အမှုဖွင့်ခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ နွားများကို လွှဲပြောင်းအပ်နှံမှုပြုခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## တာချီလိတ် Mobile Team မှ မေလနှင့် ဇွန်လအတွင်း စားသောက်ကုန်နှင့် အရက်မျိုးစုံသိမ်းဆည်း

Mobile Team အဖွဲ့သည် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ လေလံတင်ရောင်းချခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဖျက်ဆီးခြင်း (အရက်၊ ဘီယာ၊ ဝိုင်နဲ့ FDA ထောက်ခံချက်မပါသော စားသောက်ကုန်များ၊ ဆေးဝါးများ၊ စီးကရက်)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခွင့်ပြုချက်မရဘဲ တင်သွင်းလာတဲ့ စိုက်ပျိုးရေးသုံးဆေးများအား ဖျက်ဆီးဆောင်ရွက်လျက်ရှိပါတယ်။



၂၀၁၅ မေနှင့် ဇွန်လအတွင်း တာချီလိတ်ကုန်သွယ်ရေးစခန်း Mobile Team အဖွဲ့က ဖမ်းဆီးရမိပြီး တာချီလိတ်မြို့နယ် အကောက်ခွန် ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားတဲ့ အကောက် ခွန်အမှုတွဲ ၁၁ မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၂၀ ခန့်ရှိ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော အရက်၊ ဘီယာ၊ ဝိုင်နဲ့ စီးကရက်များ၊ FDA ထောက်ခံချက် မပါရှိသော အချိုရည်များ၊ ဆေးဝါးမှတ်ပုံတင်ရေး ကော်မတီ (Drugs Registration Committee-DRC) ခွင့်ပြုချက် မပါရှိသော ဆေးဝါးများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခွင့်ပြုချက်မရရှိတဲ့ စိုက်ပျိုးရေးသုံးဆေးများကို တာချီလိတ် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှဦးဆောင်မှုဖြင့် အကောက်ခွန်ဦးစီးဌာန ရုံးဝင်းအတွင်းမှာ ဇူလိုင်လ ၁၇ ရက်နေ့က ဖျက်ဆီးခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဖျက်ဆီးခဲ့တဲ့ ပစ္စည်းများမှာ Leo Beer ၊ အဆီချဆေး၊Spy Wine ၊ Pinc စီးကရက်၊ Witson စီးကရက်၊ Sojus အရက်၊ ပဲနို့ရည်၊ အားဖြည့်အချိုရည်၊ Detxrose အိမ်သုံးဆေးတို့ဖြစ်ကြပါတယ်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ Mobile Team များမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ဘီယာ၊ အရက်၊ ဝိုင်၊ ဓာတုဆေးရည်၊ အမိုးနီးယမ်းနိုက်တြိတ်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ Ice ပုံဆောင်ခဲများဖမ်းဆီးရမိတဲ့ အမှုတွဲနဲ့ ခန့်မှန်းတန်ဖိုးများကို ဖော်ပြပေးလိုက်ရပါတယ်-

| အမျိုးအမည် | အမှုတွဲ | ရေတွက်ပုံ | အရေအတွက် | ခန့်မှန်းတန်ဖိုး ကျပ်သန်း |
|---|---|---|---|---|
| ဘီယာ | ၄၄၅ | လုံး | ၁၇၂၁၁၆၆ | ၆၉၄ |
| အရက် | ၂၁ | ပုလင်း | ၇၄၆၉၃ | ၁၁၄ |
| ဝိုင် | ၂၅ | ပုလင်း | ၁၂၆၀၀၃ | ၆၂၀ |
| ဓာတုဆေးရည် | ၃ | ကီလို | ၁၀၄၇၅ | ၄၄၅ |
| အမိုးနီးယားနိုက်တြိတ် | ၁၈ | အိတ် | ၁၃၁၅၇ | ၆၃၈ |
| စိတ်ကြွရူးသွပ်ဆေးပြား | ၁ | ပြား | ၆၃၈၀၀ | ၁၆၀ |
| Ice ပုံဆောင်ခဲ | - | ကီလို | ၅၃ | ၁၃၂၅ |

**MIRT**

## အကောက်ခွန်မဲ့ အထည်အလိပ်များနဲ့ သယ်ဆောင်ယာဉ်များအား တားဆီးထိန်းသိမ်းခဲ့

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းမှာ တာဝန်ယူနေတဲ့ လရ-၂ အဖွဲ့တာဝန်ထမ်းဆောင်စဉ် ဇွန်လ ၂၃ ရက်နေ့ကလိုက်ထရပ် ယာဉ်နှစ်စီးပေါ်မှ ကာလတန်ဖိုး ကျပ် ၂၂၇ ဒသမ ၇၀၀ သိန်းတန်ဖိုးရှိ အထည်ထုပ် ၂၃ ထုပ်ကို စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် တားဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။စစ်ဆေးတွေ့ရှိခဲ့ရတဲ့ အထည်များကတော့ ကလေးဝတ်ဝမ်းဆက် ၅၅၁ ဒါဇင်၊ ကလေးဂါဝန် ၅၆ ဒါဇင်၊ ကလေးအင်္ကျီ ၃၂၉ ဒါဇင်၊ ဘောင်းဘီတို ၂၅၅ ဒါဇင်၊ မဝတ် အင်္ကျီ ဒါဇင် ၁၀၀နဲ့ မဝတ်တီရှပ် ၁၄၆ ဒါဇင်တို့ဖြစ်ပါတယ်။ တင်ဆောင်လာတဲ့ အဝတ်အထည်များရဲ့တန်ဖိုးဟာ ကားတန်ဖိုးထက် ပိုမိုနေတာကြောင့် တင်ဆောင်လာတဲ့ ယာဉ်နှစ်စီးလုံးကိုလည်း သိမ်းဆည်းထားတယ်လို့ သိရပါတယ်။အဝတ်အထည်များ အပါအဝင် ယာဉ် နှစ်စီးရဲ့ စုစုပေါင်း တန်ဖိုးမှာ ကျပ် ၃၈၇ ဒသမ ၇၀၀ သိန်းရှိတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ID အပို /အလွဲများနဲ့ ID မှာမပါတဲ့အကောက်ခွန်မဲ့ပစ္စည်းများအား ၁၂ ဘီးဂျူတီယာဉ်ပေါ်မှ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီးယာယီအခြေပြုတဲ့ Mobile Team လရ-၁အဖွဲ့ဟာ တာဝန်ထမ်းဆောင်ရာနေရာသို့ မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ယာဉ်များအနက် ဇူလိုင်လ ၉ ရက်နေ့တွင် ၁၂ ဘီးဂျူတီယာဉ်အမှတ် 89/xxxx ယာဉ်အားစစ်ဆေးရာမှာ ယာဉ်ပေါ်မှ တရားမဝင် ID ထက်ပိုမိုတင်ဆောင်လာတဲ့ LED BULB (၄၈)ဖာ၊ Simple Breart Pump (၁၂)ဖာ ၊ ID အလွဲတင်ဆောင်လာတဲ့ နံရံကပ်မီးအိမ် (၂၄)ဖာ ၊ ID မပါရှိတဲ့ Air Tools (၂)ဖာကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ ပစ္စည်းများအား အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

## သုံးနှစ်အတွင်း စားသုံးရန်မသင့်သော အေးခဲကြက်သားများနဲ့ အေးခဲအစားအစာ ကျပ်သန်း ၆၆၀ ကျော်ဖိုး သိမ်းဆည်းရမိခဲ့

နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော တစ်ဖက်အိမ်နီးချင်းနိုင်ငံ နယ်စပ်များရှိ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့်ဝင်ရောက်နေတဲ့ စားသုံးရန်မသင့်သော ကြက်သား၊ ကြက်အသည်းအမြစ်၊ အကင်မျိုးစုံပြုလုပ်ရန်ပစ္စည်းများ၊ မွေးမြူရေးပုစွန်နဲ့ ငါးများ ပြည်တွင်းသို့ ဝင်ရောက်နေခြင်းနဲ့ စပ်လျဉ်းပြီး မြဝတီ-ကော့ကရိတ်-ဘားအံ့-ရန်ကုန်၊ မြဝတီ-ကော့ကရိတ်-မော်လမြိုင်-သထုံ-ရန်ကုန် စတဲ့လမ်းကြောင်းအမျိုးမျိုးမှ ရန်ကုန်သို့မြဝတီ-ရန်ကုန် ကုန်သွယ်မှု လမ်းကြောင်းပေါ်မှာ Canter, Probox စတဲ့ယာဉ်များနဲ့ ရှောင်ကွင်းလမ်းများမှတစ်ဆင့် နေ့စဉ် ၅ စီးမှ ၈ စီးခန့်ဖော့ဘူးအဖြူများ၊ ငါးပုံးများနဲ့ သယ်ဆောင်လျက်ရှိနေတယ်လို့ သတင်းများရရှိပါတယ်။

အဆိုပါ အစားအစာများကို တင်သွင်းခွင့် ကန့်သတ်ထားခြင်းမရှိသော်လည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံစာများနဲ့တကွ တင်သွင်းရမှာ ဖြစ်ပါတယ်။ ယခုအခါ ထိုင်းနဲ့ တရုတ်နယ်စပ်များမှ အေးခဲ အသား၊ ကြက်အသည်းအမြစ်၊ မွေးမြူရေးပုစွန်နဲ့ ငါးများ၊ အကင်မျိုးစုံ ပြုလုပ်ရန်ပစ္စည်းများ၊ အသားတုများကို တရားမဝင် အကောက်ခွန်မဲ့ သယ်ဆောင်နေခြင်းအပေါ် Mobile Team အဖွဲ့များကလည်း ဖော်ထုတ် သိမ်းဆည်းဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လထိ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ Mobile Team များမှ အေးခဲအသား တန်ချိန် ၁၆၉ တန်ကျော်၊ ခန့်မှန်းတန်ဖိုး ကျပ် ၆၆၃ သန်းဖိုးအား အမှုတွဲ ၁၅၂ ခုနဲ့ အမှုဖွင့် သိမ်းဆည်းမှုပြုလုပ်နိုင်ခဲ့ပါတယ်။

အဆိုပါ အေးခဲအစားအစာများမှာ ဘက်တီးရီးယားပိုးများ ပါရှိနိုင်ပြီး စားသုံးသူ ပြည်သူများရဲ့ ကျန်းမာရေးကို ထိခိုက်စေနိုင်တာကြောင့် တရားမဝင်သယ်ဆောင်နေတာတွေကို ဖမ်းဆီးနေရတာဖြစ်ပါတယ်။

ဇူလိုင်လ ဒုတိယရက်သတ္တပတ်အတွင်းမှာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီက xxxx အေးခဲကြက်သားထုတ်စက်ရုံမှ ကြက်သားနမူနာများမှာ ပြည်သူများရဲ့ ကျန်းမာရေးကို အန္တရာယ်ပေးစေနိုင်တဲ့ ဘက်တီးရီးယားပိုးများတွေ့ရှိရသဖြင့် စည်ပင်သာယာရေး ဥပဒေအရ အရေးယူရန် စီစဉ်နေကြောင်း သိရှိရပါတယ်။

အေးခဲကြက်သားများမှာ ပါဝင်တဲ့ Staphylocpccus aurcus ဘက်တီးရီးယားပိုးကြောင့် အစာအဆိပ်သင့်ခြင်း၊ အဆုတ်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ကြွက်သားရောင်ရမ်းခြင်း၊ ဆီးလမ်းကြောင်း ပိုးဝင်ခြင်းတို့ကို ဖြစ်စေနိုင်တယ်လို့သိရပါတယ်။

**ချမ်းမြေ့မောင်**

# မြန်မာ့ကော်ဖီသမိုင်းသစ်ကို ဖွင့်လှစ်လိုက်ပြီ

တင်မာကြည်



## မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု သမိုင်းအကျဉ်း

အင်္ဂလိပ်လူမျိုးတို့ရဲ့ ကော်ဖီယဉ်ကျေးမှုကို လက်ဆင့်ကမ်းအမွေဆက်ခံခဲ့တဲ့ ကျွန်မတို့မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းကို ၁၈၈၅ ခုနှစ်ကတည်းက စတင်ခဲ့ပါတယ်။ ၁၉၃၀ ခုနှစ်မှာ စီးပွားဖြစ် စိုက်ပျိုးခဲ့ပြီး ၁၉၃၅-၃၆ ခုနှစ်မှာ မြန်မာ့ကော်ဖီကို အိန္ဒိယနိုင်ငံနှင့် UK တို့သို့ ရေကြောင်းမှ တင်ပို့ခဲ့ပါတယ်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းဟာ ၁၉၄၀ ပြည့်နှစ်မှာ မြန်မာပိုင်ဖြစ်လာခဲ့ပြီး ၁၉၆၈ ခုနှစ်မှာပြည်သူပိုင်ဖြစ်လာခဲ့ ပါတယ်။ ၁၉၆၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက လွှဲပြောင်းတာဝန်ယူခဲ့တယ်လို့ သိရပါတယ်။ ၁၉၈၀ ခုနှစ်ဝန်းကျင်မှာ စတင်ဖွံ့ဖြိုးလာတဲ့ မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းဟာ ၁၉၈၄-၈၅ ခုနှစ်မှာ ဧက ၁၀၀၀၀ ဝန်းကျင်စိုက်ပျိုးနိုင်ခဲ့ပြီး ထုတ်လုပ်မှုတန်ချိန် ၁၁၄၆ ဝန်းကျင်ခန့် ထုတ်လုပ်နိုင်ခဲ့ပါ တယ်။ ထုတ်လုပ်မှုရဲ့ ၈၆ ရာခိုင်နှုန်းက ပြည်တွင်းမှာသောက်သုံးပြီး ၁၄ရာခိုင်နှုန်းကို နိုင်ငံခြားတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း နိုင်ငံခြားတင်ပို့ခြင်းဟာ တရားဝင်တင်ပို့ခြင်း အနည်းငယ်သာရှိပြီး ပွဲစားများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့သို့ အောက်လမ်းမှ စီးထွက်ခဲ့ကြောင်းသိရပါတယ်။

၁၉၉၉-၂၀၀၀ ခုနှစ်မှာ နိုင်ငံတော်က ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးရန် စိုက်ပျိုးမြေများကို ပုဂ္ဂလိကများသို့ ရောင်းချခဲ့ပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို ပုဂ္ဂလိက လုပ်ငန်းအဖြစ် ရှင်သန်စေခဲ့တာကြောင့် ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ကော်ဖီစိုက်ပျိုးဧကဟာ ၂၁၄၆၇ အထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ အာရေဗီးကားကော်ဖီစိုက်ပျိုးခြင်းကို ဧက ၁ သိန်းအထိ တိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က ထပ်မံတွန်းအားပေးခဲ့တာကြောင့် ၂၀၀၉-၂၀၁၀ မှာ ကော်ဖီစိုက်ပျိုးဧကဟာ ၆၀၂၂၁ အထိ တိုးတက်စိုက်ပျိုးလာတယ်လို့ သိရပါတယ်။ စိုက်ပျိုးဧကများတိုးတက်လာပြီး ကော်ဖီထုတ်လုပ်မှုတန်ချိန် တိုးမြင့်လာခဲ့ပေမယ့် မြန်မာ့ကော်ဖီဟာ ပွဲစားများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ အောက်လမ်းမှ စီးထွက်တဲ့အဆင့်က မတက်နိုင်ခဲ့ဘဲ နိုင်ငံခြားဈေးကွက် ပျောက်သလောက်နီးပါး ဖြစ်ခဲ့ပါတယ်။

## မြန်မာနိုင်ငံကော်ဖီအသင်းဖွဲ့စည်းခြင်း

မြန်မာနိုင်ငံရဲ့ လက်ရှိကော်ဖီဈေးကွက် အခြေအနေတွေကို ကျော်လွှားပြီး အရည်အသွေးရှိတဲ့ မြန်မာ့ကော်ဖီကို တရားဝင်တင်ပို့နိုင်ရန်၊ တည်ငြိမ်သော ဈေးကွက်ရရှိရန် ကော်ဖီစိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းရှင်များက ကြိုးပမ်းလိုကြပါတယ်။ သို့ပါ၍ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန့်ကျဲနေသော ကော်ဖီစိုက်တောင်သူများကိုစုစည်းပြီး ကော်ဖီလုပ်ငန်းအများအပြားရှိတဲ့ ပြင်ဦးလွင်၊ ရွာငံ၊ နောင်ချို၊ မိုးကုတ် မြို့နယ်များမှာ တည်နေရာဒေသအလိုက် Coffee Cluster များဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပြီးတဲ့ Cluster များကို အခြေခံအဖွဲ့အစည်းများအဖြစ် ထားရှိပြီး မြန်မာနိုင်ငံ ကော်ဖီအသင်းကို Bottom up ပုံစံနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှာလည်း Coffee Cluster (ရန်ကုန်)ကို ဖွဲ့စည်းခဲ့ပြီး တောင်ငူ၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်း (ဆီဆိုင်)ဒေသတို့မှာ Cluster များ ဆက်လက်ဖွဲ့စည်းရန် အစီအစဉ်များလည်းရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကော်ဖီအသင်းဖွဲ့စည်းရာမှာ ကော်ဖီလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသူ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံကော်ဖီအသင်းကို NGO အဖွဲ့အစည်းတစ်ခုအနေနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်းမရှိပါဘူး။ အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်နိုင်ရေးအတွက် ကော်ဖီစိုက်တောင်သူများကို စိုက်ပျိုးတဲ့အဆင့်မှ ရောင်းချတဲ့အဆင့်အထိ နည်းစနစ်ကျနစွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာပေးရေးလုပ်ငန်းများနဲ့ စည်းရုံး ဆောင်ရွက်လျက်ရှိပါတယ်။

## မန္တလေးကော်ဖီအုပ်စုကုမ္ပဏီဖွဲ့စည်းခြင်း

မြန်မာနိုင်ငံကော်ဖီအသင်းကြီး၏ ရည်ရွယ်ချက်များဖြစ်တဲ့ **(၁)ကော်ဖီစိုက်တောင်သူများကို ငွေအရင်းအနှီး၊ စက်ကိရိယာနဲ့ နည်းပညာများ ပံ့ပိုးနိုင်ရန်၊ (၂) မြန်မာ့ကော်ဖီအရည်အသွေးမြင့်မားစေရန်၊ (၃) မြန်မာ့ကော်ဖီ နိုင်ငံခြားပိုမိုတင်ပို့နိုင်ရန်**ဆိုတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မန္တလေးကော်ဖီ အုပ်စုကုမ္ပဏီ (Mandalay Coffee Group Co., Ltd.-MCG) ကို ၂၀၁၄ ခုနှစ်မှာ အဖွဲ့ဝင် ၁၄ ဦးနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ MCG ကုမ္ပဏီကို ဆက်လက်တိုးချဲ့ဖွဲ့စည်းနေပြီး အုပ်ချုပ်မှုဒါရိုက်တာ ၂၅ ဦး၊ ဒါရိုက်တာမဟုတ်သောအဖွဲ့ဝင် ၂၅ ဦး၊ စုစုပေါင်း ၅၀ ဦးအထိ ဖွဲ့စည်းရန် သတ်မှတ်ထားပါတယ်။ ယခုအချိန်မှာ MCG ကုမ္ပဏီပိုင် ကော်ဖီစိုက်ပျိုးဧကဟာ ၁၀၀၀ ကျော်ရှိပြီး တစ်နှစ်မှာ ၃၀၀ မက်ထရစ်တန် ထုတ်လုပ်နိုင်မည်ဖြစ်ပါတယ်။ MCG ဟာ မြန်မာနိုင်ငံမှာ ပထမဆုံးနဲ့ အကြီးဆုံးကော်ဖီကုမ္ပဏီအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပြီး မြန်မာ့ကော်ဖီများကို ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်၊ တောင်ကိုရီးယား၊ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံများသို့ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာလည်း ကော်ဖီလုပ်ငန်းလုပ်ကိုင်သူများ၊ စူပါမားကက်များ၊ ကုန်တိုက်များ၊ စားသောက်ဆိုင်များနဲ့ ကော်ဖီဆိုင်များအထိ လက်လီလက်ကား ဖြန့်ချိရန် စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ကော်ဖီအရည် အသွေးကောင်းမွန်ညီညွတ်စေရန်အတွက် တစ်နာရီ ၄ တန်ကျ အိန္ဒိယနိုင်ငံလုပ် ကော်ဖီအခွံခွာစက် (Pulper) ကို ဒိုးကွင်းကော်ဖီခြံမှာ မြေ ၅ ဧက နှစ်ရှည်ငှားရမ်းတည်ဆောက်ပြီးစီးနေပြီဖြစ်ပါတယ်။ စက်ရုံတည်ဆောက်နေစဉ်အတွင်း ကော်ဖီရောင်းချနိုင်ရန် ရွာငံမြို့နယ်မှ Parchment Coffee ကို တစ်ပိဿာ ကျပ် ၃၈၅၀ နဲ့ဝယ်ယူပြီး ဒေါ်ဟန်နီထွန်းခြံရှိ ဂိုထောင်မှာ သိုလှောင်ထားပါတယ်။ MCG ကုမ္ပဏီပိုင် မြန်မာပြည်ဖြစ် Pulper သုံးလုံးတွဲစက်ကို ဦးထွန်းမင်းသန်းခြံမှာ တည်ဆောက်ပြီး ရွာငံမြို့နယ်မှ အသီးမှည့်များကို ကျပ် ၆၀၀-၆၄၀ နှုန်းနဲ့ ဝယ်ယူကြိတ်ခွဲနေပါတယ်။ စက်ရုံဝင်ငွေရရှိရေးအတွက် အသီးမှည့်ကြိတ်ခွဲခနဲ့ ထုပ်ပိုးခကို တစ်ပိဿာ ကျပ် ၁၃၀ နဲ့ နဝလီကြိတ်ခွဲခယူပြီးလည်း ကြိတ်ခွဲပေးနေပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့အတွက် ကော်ဖီတောင်သူငယ်များအနေနဲ့ မိမိတို့ကော်ဖီများကို လာရောက်ရောင်းချနိုင်သလို မရောင်းလိုဘဲ ကြိတ်ခွဲလိုပါကလည်း နဝလီကြိတ်ခွဲခပေးပြီး ကြိတ်ခွဲနိုင်ပါတယ်။ ကြိတ်ခွဲပြီး ကော်ဖီဆံများကို သိုလှောင်လိုပါကလည်း သိုလှောင်ခပေးပြီး အပ်နှံသိုလှောင်နိုင်ပါတယ်။ MCG ကုမ္ပဏီပိုင်စက်ရုံ တည်ထောင်နိုင်ခဲ့တဲ့အတွက် ဈေးကွက်ပျောက်နေတဲ့ ကော်ဖီတောင်သူငယ်များကို ကူညီအားပေးလာနိုင်ပါတယ်။ ကော်ဖီဆံအဖြစ် ကြိတ်ခွဲပြီး သိုလှောင်ထားနိုင်တဲ့အတွက် ဈေးနှိမ်မခံရဘဲ မိမိစိတ်ကြိုက်ဈေးရမှ ရောင်းချနိုင်ပြီး အကျိုးအမြတ်များလာနိုင်ပါတယ်။

## မြန်မာ့ကော်ဖီသမိုင်းသစ် မှတ်တမ်းတင်နိုင်ခြင်း

မြန်မာနိုင်ငံကော်ဖီအသင်း (MCA), အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ USAID (Myanmar), WINROCK International (VC-RD) တို့မှ ကြီးမှူးပြီး ပြင်ဦးလွင်ဒေသနဲ့ ရွာငံဒေသထွက် ကော်ဖီများကို အမေရိကန်နိုင်ငံအခြေစိုက် ကော်ဖီအရည်အသွေးဆိုင်ရာ အဖွဲ့အစည်းတို့မှ ၂၀၁၅ ခုနှစ်၊ မေ ၂၈ ရက်မှ ၃၀ ရက်အထိ ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့် ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲတွင် **“အကောင်းဆုံးကော်ဖီအရည်အသွေးဆု ရရှိသူများကို ဆုချီးမြှင့်ခြင်း”** နှင့် **“မန္တလေးကော်ဖီအုပ်စုကုမ္ပဏီ (MCG) ၏ ကော်ဖီဆံသန့်စင်ထုတ်လုပ် သည့် စက်ရုံဖွင့်ပွဲ”** အခမ်းအနားကို ဇူလိုင်လ ၁၈ ရက်နေ့က မန္တလေးကော်ဖီအုပ်စု ကုမ္ပဏီ၏ ကော်ဖီဆံစက်ရုံ၊ အနီးစခန်း (ပြင်ဦးလွင်)တွင် ကျင်းပခဲ့ခြင်းဖြင့် မြန်မာ့ကော်ဖီသမိုင်းသစ်ကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း၊ MCA & MCG တို့မှတာဝန်ရှိသူများ၊ USAID နှင့် WIN ROCK International မှ ကိုယ်စားလှယ်များ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့်အမှာစကားများလည်း ပြောကြားပေးခဲ့ကြပါတယ်။ ပြင်ဦးလွင်ခရိုင်နဲ့ ပတ်ဝန်းကျင်မှမြို့နယ်အဆင့်ရှိ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်ခရိုင်၊ စက်မှုကုန်ကြမ်းသီးနှံဌာန၊ ကော်ဖီသုတေသနဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီခြံများမှ မန်နေဂျာများ၊ MCA, MCG တို့မှအသင်းဝင်လုပ်ငန်းရှင်များ၊ USAID နှင့် WIN ROCK International တို့မှ ကိုယ်စားလှယ်များ၊ အမေရိကန်နိုင်ငံအခြေစိုက်၊ ကော်ဖီအရည်အသွေးဆိုင်ရာ အဖွဲ့အစည်းတို့မှ ကော်ဖီပညာရှင်များ၊ ပြင်ဦးလွင်၊ ရွာငံ၊ နောင်ချို၊ မိုးကုတ်မြို့နယ်များမှ Coffee Cluster အဖွဲ့ဝင်များ၊ ကော်ဖီစိုက် တောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ပါတယ်။

သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ တာဝန်ရှိပုဂ္ဂိုလ်များက အမှာစကားပြောကြားပြီးချိန်မှာ Coffee Quality Institute - CQI မှ Consultant Mr. Marcelo Pereira က ကော်ဖီအရည်အသွေး အကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်နဲ့ ကော်ဖီထုတ်လုပ်မှု နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌနဲ့ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ပါတယ်။

ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲသို့ ပေးပို့ခဲ့တဲ့ နမူနာ ၅၈ ခုအနက် ၂၁ ခုဟာ ရမှတ် ၈၀ နှင့် ၈၀ အထက် ရရှိခဲ့ကြတဲ့အတွက် အထူးတန်းဝင် ကော်ဖီအဆင့်မီပါတယ်။ အထူးတန်းဝင်အဆင့်အဖြစ် အရည်အသွေးမီသော ကော်ဖီနမူနာ ၂၁ ခုအနက် ၁၆ ခုဟာ တောင်သူငယ်များထံမှဖြစ်ပြီး ကျန်ငါးခုက စီးပွားဖြစ် စိုက်ပျိုးရေးခြံများမှ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူများဟာ အကဲဖြတ်ဒိုင်များနဲ့ညှိနှိုင်းပြီး ပြိုင်ပွဲဝင်တွေထဲက အမှတ်အများဆုံး တောင်သူငယ် ငါးဦးနဲ့ စီးပွားဖြစ် စိုက်ပျိုးရေးခြံများက အမှတ်အများဆုံးရရှိသူ ငါးဦးကို ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဆုရရှိသူများစာရင်းကို ဇယားနဲ့ ဖော်ပြထားပါတယ်။

➲ စာမျက်နှာ ၂၆ သို့



TCL
The Creative Life
Buy 1 Get 1 Free
TOM CRUISE
MISSION: IMPOSSIBLE
ROGUE NATION
IN THEATRES AND IMAX JULY 31
TCL H8800 CURVED TV
IMMERSE YOURSELF IN THE ACTION
DVD Player
Free Gift
TCL TV ဝယ်သူတိုင်း လက်ဆောင် ရယူလိုက်ပါ။
အမြို့မြို့အနယ်နယ်ရှိ အီလက်ထရောနစ် ဆိုင်တိုင်း တွင်ဝယ်ယူရရှိနိုင်ပါသည်




MT မျိုးသိန်း
အီလက်ထရောနစ်
Japan, Korea, China, Thai
နိုင်ငံအစရှိသော နိုင်ငံများမှ Electronic ပစ္စည်းများအား
လက်လီလက်ကား ဈေးနှုန်းမှန်၊ ပစ္စည်းမှန်ကန်စွာဖြင့်ရရှိနိုင်ပါသည်။
အမှတ် (၂၁၈ / ၂၂၀)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၉၈၅၀၇၊ ၃၉၈၅၆၀
အမှတ် (၁၂၇ / ၁၂၉)၊ သိမ်ဖြူလမ်း(သိမ်ဖြူဈေးမှတ်တိုင်ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၀၃၂၀၃၊ ၂၀၃၀၃၁

## ပြောင်း

### ပြောင်းတန်ချိန် ၁၆၀၀၀ ကျော်တင်ပို့

ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၄ ဒသမ ၈၂၇ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၆၁၉၀ တန် တင်ပို့နိုင်ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၃၁၀၀ တန်၊ လွယ်ဂျယ်မှ တန် ၃၀၀၀ နဲ့ ကန်ပိုက်တီးမှ တန် ၉၀ ဖြစ်ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၀၇၂၇ တန်ခွဲနဲ့ လွယ်ဂျယ်မှ တန် ၁၀၀၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်ရဲ့ပြောင်းတင်ပို့မှု ၄၄၆၂ တန်ခွဲ ပိုမိုလာတာ တွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၆၈၃၀၄ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၇၅၅၄၀ ကျပ်သို့ ဈေးပြန်လည်မြင့်တက်လာခဲ့ပါတယ်။ လားရှိုးဈေးကွက်မှာ လက်ရှိအရောင်းအဝယ်ဖြစ်တဲ့ဈေးက တစ်ပိဿာ ၄၈၀ ကျပ်ဈေးရှိခဲ့ပြီး မူဆယ်ကုန်စည်ဒိုင်မှာတော့ ၁၀၀ ကီလိုဂရမ်ကို ၁၉၆ ယွမ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### စစ်ကိုင်းအစေ့ထုတ်ပြောင်း ဈေးတက်ရိပ်ပြ

စစ်ကိုင်းတိုင်းဒေသကြီးမှာ ဇူလိုင် ၁၄ ရက်နေ့မှ ၁၈ ရက်ထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့လို့ ယခုတစ်ပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသီးနှံများ ဝင်ရောက်မှု ပါးခဲ့တယ်လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။ ဇူလိုင်တတိယပတ်တွင် မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီမြို့နယ်မှ အစေ့ထုတ်ပြောင်း (စီပီ) တစ်ရက်ပျမ်းမျှ အိတ် ၃၀၀ ခန့်သာဝင်ရောက်ပါတယ်။ မန္တလေးဝယ်လက်အဆွဲရှိပြီး ဈေးတက်ရိပ်ပြလို့ လှောင်လက်သမားများက ထုတ်ရောင်းကြရာ ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်မှာ အစေ့ထုတ်ပြောင်း (စီပီ) တစ်ရက်ပျမ်းမျှ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ဇူလိုင်လဆန်းမှာ အစေ့ထုတ်ပြောင်း တစ်တင်း ၈၉၀၀ ကျပ်မှ ဇူလိုင်တတိယပတ် (၂၁ ရက်နေ့)တွင် ၉၇၀၀ ကျပ်သို့ ဈေးလှုပ်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ဝဥ

### တရုတ်ပြည်ကို ဝဥခြောက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ဝ၄၂ သန်းတန်ဖိုးရှိ ဝဥခြောက် ၂၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၁၆ တန် တင်ပို့ခဲ့တာကြောင့် တရုတ်ပြည်ကို ဝဥခြောက် ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ ဝဥတင်ပို့မှုအနေနဲ့ ဇွန်လကုန်အထိ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများမှ စုစုပေါင်း တန်ချိန် ၄၅၀၀ ခန့်တင်ပို့ထားပြီးဖြစ်ပါတယ်။ဈေးကွက်အသင့်အတင့်ရှိပြီး ဈေးနှုန်းလည်းကောင်းမွန်တဲ့ ဝဥစိုက်ပျိုးထုတ်လုပ်မှု ယခုထက်ပိုမိုတိုးတက်လာပါက ဝဥစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အပိုဝင်ငွေရရှိလာနိုင်တဲ့အပြင် နိုင်ငံအတွက်လည်းနိုင်ငံခြားငွေများ ရရှိလာနိုင်တာကြောင့် ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

| ၂၀-၇-၂၀၁၅ မှ ၂၄-၇-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 211 | 10,492,927.340 |
| 2 | Form D | 43 | 6,763,178.527 |
| 3 | Form E | 75 | 913,201.510 |
| 4 | Korea GSP | 1 | 63,656.690 |
| 5 | Form AK | 43 | 2,749,992.670 |
| 6 | Form AJ | 8 | 145,800.670 |
| 7 | Form AI | 59 | 2,096,673.280 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **440** | **23,225,430.687** |

## ရော်ဘာ

### မြန်မာ့ရော်ဘာ MSR တစ်မျိုးတည်းသာတင်ပို့

ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်နေ့ထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ဝ၈၂ သန်းဖိုးရှိ ရော်ဘာ တန် ၇၀ ခန့်ကို မလေးရှားနဲ့ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ MSR- 50 ၃၆ တန်နဲ့ MSR-- 20တန် ၂၀၊ ထိုင်းနိုင်ငံကို MSR- 50 ၁၄ တန်ခန့် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်ကတော့ တန်၅၀၀ ကျော် တင်ပို့နိုင်ခဲ့တာမို့ ယခုတစ်ပတ်မှာ တန်၄၃၀ ခန့် လျော့နည်းခဲ့ပါတယ်။ ရော်ဘာတင်ပို့မှု လျော့ကျသော်လည်း မြန်မာ့ရော်ဘာ FOB ဈေးကတော့ ယခုတစ်ပတ်မှာ ဈေးငြိမ်နေပါတယ်။ နိုင်ငံတကာရော်ဘာဈေးများလည်း အတက်အကျမရှိတဲ့အတွက် မြန်မာ့ရော်ဘာဈေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| **RSS 2** | **တစ်တန်လျှင်** | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| **RSS 3** | **တစ်တန်လျှင်** | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **RSS 4** | **တစ်တန်လျှင်** | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **RSS 5** | **တစ်တန်လျှင်** | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| **MSR 10** | **တစ်တန်လျှင်** | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **MSR 20** | **တစ်တန်လျှင်** | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **MSR 50** | **တစ်တန်လျှင်** | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| **Crepe Rubber** | **တစ်တန်လျှင်** | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| **Concentrate** | **တစ်တန်လျှင်** | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### ပေါက်ဈေးမြင့်တက်မှုကြောင့် နယ်စပ်ရော်ဘာဈေးမြင့်တက်လျက်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၇၃၇ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၂၁၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင်မှ RSS-1 ၄၆ တန်ကျော်၊ RSS-3 ၉၃၆ တန်ကျော်၊ RSS-5 ၃၂ တန်၊ MSR-50 ၁၁၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုထက် ၂၂ တန် လျော့နည်းခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ RSS-3 တန် ၅၀နဲ့ MSR-50 တန် ၃၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၈၀ ခန့် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု လျော့ကျသော်လည်း မူဆယ်(၁၀၅)မိုင် ကုန်စည်ဒိုင်မှ ရော်ဘာပေါက်ဈေးကတော့ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခင်သီတင်းပတ်က RSS-3 တစ်တန်ကို ၁၇၂၄၇၅၉ ကျပ်ရှိရာမှ ယခုသီတင်းပတ်မှာ ၁၇၅၈၆၄၄ ကျပ်သို့ဈေးမြင့်တက်လာခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## သကြား

### သကြားပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ သကြားကားတွေ ပုံမှန်ဝင်နေတယ်လို့ သိရပါတယ်။ ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၈၉၀ သန်းတန်ဖိုးရှိ သကြားဖြူ ၁၄၈၂ တန်ခွဲကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ပြည်တွင်းမှာ သကြားလက်ကျန်ကုန်ကြမ်းနည်းခြင်းကြောင့် သကြားဈေး တစ်ပိဿာကို ကျပ် ၃၀ လောက်ဈေးတက်လာပါတယ်။လက်ရှိမှာ တရုတ်က အဝယ်လိုက်သဖြင့် ဈေးတက်ရိပ်ပြလာတယ်လို့ မြန်မာနိုင်ငံသကြားဒိုင်မှ သိရပါတယ်။

**မြင့်မြင့်မာ**

## ဝါဂွမ်း

### ဝါဂွမ်းပိုမိုတင်ပို့

ငွေခြည်-၆ ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံ ဈေးကွက်ကို အဓိက တင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကနေ ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၆၇ သန်းတန်ဖိုးရှိ ငွေချည်-၆ ချည်မျှင်ရှည်ဝါ ၁၆၇ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၅ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ရဲ့ ဝါဂွမ်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ငွေချည်-၆ ဝါကို ၂၀၁၄ ခုနှစ် မတ်လကတည်းကစတင် တင်ပို့ခဲ့ပြီး လိုင်စင်ဈေးမှာ တစ်တန်ကို ၂၂၀၀ ဒေါ်လာ ဖြစ်တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## ကော်ဖီ

### ယခင်တစ်ပတ်ထက် ကော်ဖီပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင်လ ၁၁ ရက်မှ ၁၇ ရက်တာသီတင်း ပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ဝ၅၃ သန်း တန်ဖိုးရှိ ကော်ဖီစေ့ ၅၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် တစ်ပတ်ကလည်း ၂၃ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ့ကော်ဖီအသင်းမှ ယခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရန် စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကာ ချင်းတောင်နဲ့ တောင်ငူတို့တွင်လည်း ယခုနှစ်အတွင်း ကော်ဖီအဖွဲ့ခွဲများ ဖွဲ့စည်းသွားရန် စီစဉ်နေကြောင်း၊ လက်ရှိ ကော်ဖီအသင်းအနေနဲ့ ပြင်ဦးလွင်၊ မိုးကုတ်၊ ရွာငံ၊ နောင်ချိုနဲ့ ရန်ကုန်တို့တွင် အသင်းခွဲများဖွဲ့စည်းထားပြီး ကိုးရီးယား၊ ဂျပန်နဲ့ အမေရိကန် နိုင်ငံတို့ကိုပြီးခဲ့တဲ့နှစ်မှစ၍ တင်ပို့နေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်တွန်းအား (MARKET FORCES) များကြောင့် ထုတ်လုပ်သူထံမှ နောက်ဆုံးသုံးစွဲသူများထံအထိ ထွက်ကုန်များရွေ့လျားရောက်ရှိစေသည်

ကျော်မြင့်

ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်တွန်းအား (MARKET FORCES) များကြောင့် ထုတ်လုပ်သူများထံမှ နောက်ဆုံးသုံးစွဲသူများထံသို့ ထွက်ကုန်များရွေ့လျားရောက်ရှိစေသည်ဆိုသော အချက်ကို ဖော်ပြထားပါသည်။ MARKET FORCES ကို အဓိပ္ပာယ်ဖွင့်ဆိုပါက၊ [ MARKET FORCES = the forces that decide price levels in an economy or trading system whose activities are not influenced or limited by government] ဈေးကွက်အားသည် စီးပွားရေးတစ်ခုတွင် ဈေးနှုန်း အဆင့်များကိုဆုံးဖြတ်ခြင်း သို့မဟုတ် ရောင်းဝယ်မှု စနစ်တွင်ပါဝင်သော ဆောင်ရွက်ချက်များအား အစိုးရမှလွှမ်းမိုးမှုမရှိခြင်း သို့မဟုတ် ကန့်သတ်မှုမရှိခြင်းကို MARKET FORCES ဟုလည်းကောင်း၊ [MARKET FORCES = The impact of Supply and Demand which, in a free- market economy, determine price and the allocation of resources] လွတ်လပ်သော ဈေးကွက် စီးပွားရေးတွင် ဝယ်လိုအားနှင့် ရောင်းလိုအားများက အကျိုးသက်ရောက်မှုဖြစ်စေပြီး ဈေးနှုန်းများကို ဆုံးဖြတ်ခြင်း၊ ရှားပါးသော သွင်းအားစုများကို ခွဲဝေနေ ရာချထားခြင်းကို MARKET FORCES ဟု လည်းကောင်း ပြောဆိုကြပါသည်။

ယခုတင်ပြချက်သည် ပြည်ပသို့ အစေ့ထုတ်ပြောင်း (Maize) တင်ပို့ရောင်းချခြင်းနှင့် ပြည်တွင်းလိုအပ်ချက်ကြောင့် ပြည်ပမှ စားအုန်းဆီ (Palm oil) တင်သွင်းဖြန့်ဖြူးခြင်းတွင် ဈေးကွက်အား (MARKET FORCES) များကြောင့် နောက်ဆုံးသုံးစွဲသူ (End user) များထံရောက်ရှိမှုနှင့် ပတ်သက်၍ ပုဂ္ဂလိကပိုင်းမှ ဆောင်ရွက်ချက်အောင်မြင်မှုရလဒ်များကို အခြေခံပြီး စိစစ်သုံးသပ်ဖော်ပြထားပါသည်။

**အစေ့ထုတ်ပြောင်း(Maize) တင်ပို့ရောင်းချခြင်းလုပ်ငန်း။** မြန်မာနိုင်ငံတွင် စားသုံးသူများက အစေ့ထုတ်ပြောင်း (Maize) ကို တိုက်ရိုက်စားသုံးခြင်း မရှိသော်လည်း ကြက်မွေးမြူရေး အစားအစာအဖြစ်အသုံးချပြီး နောက်ဆုံး ရရှိလာသော ကြက်သား၊ ကြက်ဥထွက်ကုန်ကိုစားသုံးသူများက ဝယ်လိုအားရှိသဖြင့် (Derived demand) ဟု ရောင်းဝယ်မှုစီးပွားရေး ပညာရှင်များက ခေါ်ဝေါ်ကြသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အစေ့ထုတ်ပြောင်းတန်ချိန် ၆သိန်းခန့်တင်ပို့ရောင်းချခဲ့ပြီး ယင်းပမာဏ ၏ ၉၅ ရာခိုင်နှုန်းကျော်ကို ရွှေလီ (Ruili) တရုတ်သို့ နယ်စပ်ကုန်သွယ်မှုဖြင့် တင်ပို့ရောင်းချခဲ့သည်။ ထိုင်းနိုင်ငံသို့ အနည်းငယ်မျှတင်ပို့ရောင်းချခဲ့သည်။ ပင်လယ်ရေကြောင်းဖြင့် တင်ပို့မှုမှာ စုစုပေါင်းတင်ပို့မှုပမာဏ၏ ၅ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ အစေ့ထုတ်ပြောင်းတင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာသန်းပေါင်း ၁၈၂ ဒသမ ၁၄၆ သန်း ရရှိခဲ့သည်။

အစေ့ထုတ်ပြောင်းစိုက်ပျိုးသူလယ်သမားများသည် မိမိစိုက်ပျိုးထွက် ရှိသော အစေ့ထုတ်ပြောင်းကို ရောင်းချရန် အခွင့်အလမ်းသုံးခုရှိသည်။ ပြည်တွင်းဈေးကွက်ကြက်မွေးမြူရေးလုပ်ငန်းများနှင့် မွေးမြူရေး အစားအစာ အဖြစ် ထုတ်လုပ် ရောင်းချသောလုပ်ငန်းများမှ ဝယ်လိုအားရှိခြင်း၊ ရွှေလီ (Ruili) တရုတ်ဘက်သို့ နယ်စပ်ကုန်သွယ်မှုဖြင့် တင်ပို့ရောင်းချရန် ကုန်သည်များမှ ဝယ်အားရှိခြင်းများကြောင့် ဈေးကွက်ဝယ်လို အားများ (Rising demand) သော တစ်နည်းအားဖြင့် ဈေးကွက် တွန်းအားရှိသော သီးနှံဖြစ်သည်။

ဈေးကွက်တွန်းအားကြောင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးသူလယ် သမားများသည် မိုးရာသီကာလအတွင်း အစေ့ထုတ်ပြောင်းအဓိက စိုက်ပျိုး သောဒေသများတွင် စီးပွားရေးတွက်ချေကိုက်သော သီးနှံအဖြစ်လိုလား နှစ်ခြိုက်စွာ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော (CP company သည် ရန်ကုန်တွင် အခြေစိုက်ဖွင့်လှစ်ပြီး ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဒေသခံမျိုးစိုက်ပျိုးထုတ်လုပ်သူများနှင့် ပူးပေါင်းကာ အစေ့ထုတ်ပြောင်း စပ်မျိုးကို ထုတ်လုပ်ကြသည်။ ရရှိလာသော အစေ့ထုတ်ပြောင်းစပ်မျိုးစေ့ကို အစေ့ထုတ်ပြောင်းစိုက်ပျိုးရာ ဒေသများမှ စိုက်ပျိုးရေးပံ့ပိုးပစ္စည်းလက်လီရောင်းချသော ဆိုင်များတွင် စိုက်ပျိုးထုတ်လုပ်သူများ ဝယ်ယူသုံးစွဲနိုင်သည်ဟုသိရှိရသည်။ CP company မှ ထုတ်သော အစေ့ထုတ်ပြောင်းစပ်မျိုးစေ့ကို (CP-888) တံဆိပ်အပြင်၊ ( PK108,SP333, KS3388, KS959, SA282, 999) စသည့်စပ်မျိုးများပါ စိုက်ပျိုးရေးပံ့ပိုးပစ္စည်းလက်လီရောင်းချ သောဆိုင်များတွင် ဝယ်ယူသုံးစွဲနိုင်သည်ဟု သိရှိရသည်။ တစ် ဧကစာအတွက် အစေ့ထုတ်ပြောင်း စပ်မျိုးစေ့ (၅ကီလိုဂရမ်) သုံးစွဲရန် လိုအပ်ပြီး မျိုးစေ့ကုန်ကျစရိတ်မှာ ကျပ် ၁၅၀၀၀-၂၀၀၀၀ ကျပ်ထိ ဒေသအလိုက် ကုန်ကျသည်ဟုသိရသည်။ အစေ့ထုတ်ပြောင်းစိုက်ပျိုးသူအများစုသည် စီပီစပ်မျိုး ပြောင်း ကိုသိရှိကြပြီး ရောင်းဝယ်သည့် ကုန်သည်များက စီပီပြောင်းဟုခေါ်ဝေါ်ပြီး ရောင်းဝယ်ကြသည်။ CP company သည် maize supply chain တစ်ခုလုံး ပါဝင်ဆောင်ရွက်သည်ကို လေ့လာတွေ့ရှိရသည်။ အစေ့ထုတ်ပြောင်းစပ်မျိုး စေ့ထုတ်လုပ်ရောင်းချခြင်းအပြင် CP မွေးမြူရေးကြက်မျိုး ထုတ်လုပ်ရောင်းချခြင်း၊ မွေးမြူရေး အစား အစာအဖြစ်ထုတ်လုပ်ရောင်းချခြင်း၊ ရန်ကုန်စူပါ မားကက်များတွင်စားသုံးသူများအတွက် CP ကြက်သား၊ CP ကြက်ဥ၊ CP ကြက်အူချောင်းအမျိုးမျိုး ဝယ်ယူစားသုံးနိုင်ရန် ထုတ်လုပ်ဖြန့်ဖြူးခြင်းများ ပါဝင်ဆောင်ရွက်သည်။

ပြည်တွင်းဈေးကွက်တွင် စိုက်ပျိုးသူထံမှ အစေ့ထုတ်ပြောင်းကို တင်ပို့ရောင်းချသူများ (Farmer to local exporters) ထံရောက်ရှိစေခြင်း၊ အစေ့ထုတ်ပြောင်းစိုက်ပျိုးသူလယ်သမားထံမှ ကြက်မွေးမြူရေး အစားအစာ အဖြစ်အသုံးချပြီး မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ကြက်သား၊ ကြက်ဥထုတ်လုပ်ပြီး စားသုံးသူများထံ (Farmer to consumer) ရောက်ရှိစေ ခြင်းများသည်ဈေးကွက်တွန်းအား (MARKET FORCES) များကြောင့်သာ ရွှေ့လျား ရောက်ရှိသွားသည်ဟု စိစစ်သုံးသပ်ရရှိပါသည်။ Maize supply chain တွင် ပါဝင်ဆောင်ရွက်သူ Market participants များသည် ထုတ်လုပ်မှုစရိတ်၊ ရောင်းဝယ်မှုစရိတ် (production cost and marketing cost) ကိုနုတ်ပယ်ပြီး သင့်တင့်မျှတသော အကျိုးအမြတ်ရရှိသဖြင့် အောင်မြင်စေသည်ဟု စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

**စားအုန်းဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း။** ပြည်တွင်းလိုအပ်ချက်ကြောင့် ပြည်ပမှ အရည်အသွေးကောင်းစားအုန်းဆီ (Palm oil) တင်သွင်း၍ ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်းလုပ်ငန်းတွင် ဈေးကွက်တွန်းအား (MARKET FORCES) ကြောင့် စားအုန်းဆီတင်သွင်းသူများထံမှ စားသုံးသူများထံ ရောက်ရှိစေသည်ဟု သုံးသပ်ရရှိပါသည်။ စားအုန်းဆီကို ပုဂ္ဂလိကပိုင်းမှ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း ဆောင်ရွက်လျက်ရှိရာ မိသားစုဝင်ငွေနှင့် ကြိုက်နှစ်သက်မှု (consumer preference) များပေါ် အခြေခံပြီး ဒေသထွက်မြေပဲဆီ၊ နှမ်းဆီနှင့် ပြည်ပမှတင်သွင်းသောစားအုန်းဆီကို စားသုံးသူများက ရွေးချယ်ဝယ်ယူစားသုံးနိုင်သည့် အခွင့်အလမ်းများဖြစ်ပေါ်စေပါသည်။


အမေရိကန်ဒေါ်လာရောင်းဈေးများ ပြင်ပဈေးကွက်တွင် သိသာစွာမြင့်လာ သောကြောင့် ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ဗဟိုဘဏ်မှ သတ်မှတ်ပေးသောငွေလဲနှုန်းဖြင့် စားအုန်းဆီနှင့် စက်သုံးဆီသွင်းကုန်လုပ်ငန်းရှင် များအားလိုအပ်သော ဒေါ်လာငွေကို (MFTB,MICB ) နှင့် ပုဂ္ဂလိက ဘဏ်များမှ တစ်ဆင့် ရောင်းချမည်ဟု စီမံခြင်းများကြောင့် စားအုန်းဆီ တင်သွင်းမှုလုပ်ငန်းကိုအထောက်အပံ့ဖြစ်စေခဲ့ပါသည်။


ဆိုရှယ်လစ်ခေတ်ကာလက ကျင့်သုံးခဲ့သည့် ဗဟိုစီမံကိန်းစီးပွားရေးစနစ် (Centrally planned economic system) တွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ပါတီကောင်စီအဆင့်ဆင့်၏ ဦးဆောင်လမ်းညွှန်မှု၊ ကြီးကြပ်မှုဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြသောကြောင့် ပြိုင်တူတွန်းလျှင် ရွေ့နိုင်သော်လည်း ဈေးကွက်စီးပွားရေးစနစ်တွင် MARKET FORCES ကသာ ရွေ့လျားစေနိုင်သည်ဟု စိစစ်သုံးသပ်ရရှိ ပါသည်။


ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အားပေးခြင်း၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးအတွက်စီစဉ်ပံ့ပိုးပေးခြင်း၊ ကုန်သွယ်မှုလုပ်ငန်းအတွက် ပိုမိုအထောက်အကူဖြစ်စေရန် အခက်အခဲဖြစ်ပေါ်သော လုပ်ငန်းရပ်များအတွက် ဖြေရှင်းပေးခြင်း၊ ဖြေလျှော့ပေးခြင်းနှင့် အတူ လိုအပ်သော စိစစ်ထိန်းကျောင်းမှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်းသည် ဈေးကွက်တွန်းအား (MARKET FORCES) များကို ဖြစ်ပေါ်စေသည်ဟု စိစစ်သုံးသပ်ဖော်ပြ အပ်ပါသည်။

**မြင်းခြံမြို့နယ် စိုက်ပျိုးရေးပံ့ပိုးပစ္စည်းလက်လီရောင်းချသော ဆိုင်များတွင် စပ်မျိုးအစေ့ထုတ်ပြောင်းမျိုးစေ့တံဆိပ်များ**


Picture 1. CP-888 | Picture 2. H-888 | Picture.3 SP-888 | Picture.4 888


Picture. 5 PK108 | Picture.6 KS 3388 | Picture.7 KS 959 | Picture.8 SA 282


Picture 9. 999 | Picture 10. TP1 | Picture 11. SP 333 | Picture12. SA 501


Picture 13. TF222 | Picture14. 868 | Picture15. SA 336 | Picture16. SA 333


Advertisement for Hybrid Maize seed for farmers | Advertisement for Hybrid Maize seed for farmers

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ပညာရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ပညာရေးကောလိပ်၊ ပညာရတနာခန်းမတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဇူလိုင်လ ၁၅ ရက်နေ့ မွန်းလွဲ ကျင်းပပြုလုပ်ခဲ့ရာ ပုသိမ်ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးစောလင်းခယ်နှင့် ဆရာ/ ဆရာမများ၊ သင်တန်းသား/ သင်တန်းသူ စုစုပေါင်း ၆၁၇ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်း၊ အန္တရာယ်ကင်း သောအစားအသောက်များကို ရွေးချယ်စားသောက်ရန် လိုအပ်ကြောင်း၊ မည်သည့်အစားအသောက်ကိုမဆို သံသယစိတ်ဖြင့် ကြည့်ရှုစစ်ဆေးဝယ်ယူစားသောက်ရန်လိုအပ်ကြောင်း၊ အချို့စားသောက်ကုန်များသည် အတုပြုလုပ်ထားခြင်းကြောင့် စားသုံးသူများ လိမ်လည်ခံရသည့်အပြင် နစ်နာစေလျက်ရှိကြောင်း၊ ထို့အပြင် ရောဂါနှစ်ဆရရှိစေပါကြောင်း၊ အန္တရာယ်ရှိ အစားအသောက်၊ အသုံးအဆောင်များ၊ တာရှည်ခံစေရန် ပြုပြင်ထားသော အစားအစာများ၊ စားသုံးရန် မသင့်သောဆိုးဆေးများ သုံးစွဲထားသည့် အစားအစာများ၊ ယင်မနားဆေး (Trich-lorform) နှင့် ဖော်မလင် (Formalin) ကဲ့သို့သော ဓာတုဆေးဝါးများ အသုံးပြုထားသော အစားအသောက်များ၊ ခြင်ဆေးခွေများသည် FDA ထောက်ခံချက်မပါရှိသော အစားအသောက်များနှင့် ဆေးဝါးများဖြစ်၍ ဂရုပြု ဝယ်ယူစားသုံးကြရမှာ ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် ပြည်သူလူထု သက်ရှည်ကျန်းမာရေးအတွက် ပြည်ပမှတင်သွင်းသော အစားအစာများအား ရောဂါပိုးမွှားပါမပါ၊ ဓာတုပစ္စည်းအကြွင်းအကျန် များပါမပါ သေချာစွာစနစ်တကျစစ်ဆေး ဓာတ်ခွဲစမ်းသပ်ပြီးမှ တင်သွင်းဖြန့်ဖြူးပါကြောင်း၊ သင်တန်းသား သင်တန်းသူ ဆရာဆရာမ လောင်းများအနေနှင့် မိမိတို့ကျရာ နေရာဒေသအသီးသီးမှာရှိတဲ့ ကျောင်းသားကျောင်းသူလေးများမှ တစ်ဆင့် မိဘလုပ်သားပြည်သူများ အားလုံး စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတ ပြန့်ပွားဖြန့်ဝေပေးရန် တိုက်တွန်းဟောပြောခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဦးစီးအရာရှိ ဒေါက်တာမျိုးထွန်းကျော်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အတူ အမျိုးသားဆေးဝါးဥပဒေ ၁၉၉၂၊ အမျိုးသားအစားအသောက်ဥပဒေ ၁၉၉၇ ဆိုင်ရာဗဟုသုတများ၊ လက်ရှိဈေးများအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်များတွင် အများဆုံးတွေ့ရှိရသော ဆိုးဆေးအမျိုးအစားများ၊ ဓာတုဆေးဝါးများ၊ ပိုးသတ်ဆေးများ၊ ဆေးဝါးအတုများနှင့် အန္တရာယ်ဆိုးကျိုးများကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားသော အစားအသောက်များကို ရောဂါအန္တရာယ်မှ ကာကွယ်နည်း ငါးရပ်ကိုလည်းကောင်း၊ မည်သည့် အစားအစာမဆို တာရှည်ခံအောင် ပြုပြင်ထားပြီးမှ စားသုံးသည်ထက် သန့်ရှင်း၍ လတ်ဆတ်သော အစားအစာများကို စားသုံးခြင်းသည် အကောင်းဆုံးနှင့် ကျန်းမာရေး အညီညွတ်ဆုံးဖြစ်ကြောင်း ဆွေးနွေး ပို့ချ ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အန္တရာယ်ရှိသော အစားအသောက်များကြောင့် ရရှိလာနိုင်သော ကြောက်မက်ဖွယ်ရောဂါဆိုးများနှင့် အန္တရာယ်များ၊ ချက်ခြင်းအန္တရာယ်မပေးသော်လည်းရေရှည်တွင် နောင်လာနောက်သားများအတွက် အလွန်အန္တရာယ်ကြီးမားကြောင်း၊ အချိုမှုန့် သည် ထုတ်လုပ်သောနိုင်ငံတွင် စားသုံးမှုမရှိဘဲ မြန်မာလူမျိုးများကသာ နှစ်သက်စွာ စားသုံးလျက်ရှိသဖြင့် အန္တရာယ်ကြီးမားပါကြောင်း၊ သိပ္ပံစာရေးဆရာဦးကိုကိုအောင်က အချိုမှုန့်ကို ချိုမြိန်သော အဆိပ်ဟု တင်စားခေါ်ဝေါ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်ကလိုက်နာကျင့် သုံးခဲ့သော မြန်မာ့ရိုးရာလတ်ဆတ်သော မုန့်ပဲသွားရည်စာများ စားသုံးသည့် ဓလေ့ပျောက်ကွယ်လုနီးပါးဖြစ်နေပြီး ခေတ်သစ်တာရှည်ခံ၊ ဆွဲဆောင်မှုအားကောင်းကုန် ကြမ်းပစ္စည်း အမျိုးအမည်မသိရသည့် ပြည်တွင်း ပြည်ပ ထုတ်လေဖောင်းဖောင်းမုန့်ထုပ်များ နေရာယူလာကြပြီဖြစ်၍ စားသောက်မှုပုံစံ၊ စားသောက်မှုခံယူချက် ဖြေရှင်းရန်လိုအပ်ကြောင်း၊ အမြင်အာရုံလှမှ စားသုံးလိုသော ခံယူချက်ကို ပြောင်းရန် လိုအပ်ကြောင်း၊ စား သုံးသူအကာ အကွယ်ပေးရေးနှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတများရရှိလာပြီဖြစ်ရာ မိမိတို့တာဝန်ကျရာ နေရာဒေသရှိ ကျောင်းသားလူငယ်များနှင့် လုပ်သားပြည်သူများပါ သိရှိလာအောင် ဖြန့်ဝေပေးစေလိုကြောင်း၊ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်

**မြင့်အောင် - ပုသိမ်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေး

ဧရာဝတီတိုင်း ဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြို့မဈေးခန်းမတွင် ဇူလိုင်လ ၁၀ ရက်နေ့က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲမှာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်းက အဖွင့်အမှာစကားပြော ကြားပြီး မြောင်းမြခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူသူရေးရာဦးစီးဌာန၊ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝင်းမြင့်ဟန်က စည်ပင်သာယာရေးအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းနဲ့ ဥပဒေများအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးဇော်မြင့်က အစားအသောက်ဘေးအန္တရာယ်များအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဖြူဖြူဝင်းက အအေးခဲအသားနှင့်ပတ်သက်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို လည်းကောင်း၊ ဟောပြောဆွေးနွေးခဲ့ကြောင်းသိရှိရပါတယ်။

ဆက်လက်ပြီး ဟောပြောဆွေးနွေးပွဲသို့တက်ရောက်လာသူများအနက် အမှတ် (၅) ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေဝင်းက စားသုံးသူများ အစားအသောက် လုံခြုံစိတ်ချစေရန်၊ ကျန်းမာရေးထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ် ရှိစေမည့် အစားအသောက်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုအခြေအနေများအား မေးမြန်းခဲ့ရာ မြောင်းမြခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူ ရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုး လွင် ကပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ ပါ တယ်။ ထို့နောက် မြောင်းမြခရိုင် ဦးစီး မှူး ဦးတိုးလွင် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့၊ မြို့နယ် ကျန်းမာရေးအဖွဲ့များ က မြို့မဈေးအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ ဟောပြောဆွေးနွေးပွဲသို့ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးတို့မှ ဈေးသူ/ဈေးသားများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် ကြက်ခြေနီအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြောင်း လည်းသိရှိရပါတယ်။

**လှထွန်းဦး (မြောင်းမြ)**

# ကလေးမြို့တွင်စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ကလေးခရိုင်၊ ကလေးမြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဇူလိုင်လ ၇ ရက်နေ့တွင် အထက်တန်းကျောင်း အမှတ် (၄)နှင့် အမှတ် (၅) ကျောင်းများသို့သွားရောက်ပြီး စားသုံးသူအကာအကွယ်ပေး ဟောပြောပွဲကျင်းပခဲ့ပါသည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးများ ဖြစ်ကြသည့် ဦးတင်ထွေးနှင့် ဦးကျော်လွင်တို့က အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူးဦးသောင်းကြိုင်၊ ဒုဦးစီးမှူး ဦးအောင်ဆန်းဦးနှင့် ကလေးခရိုင်ရုံး၊ ကလေးမြို့မှ ဒုဦးစီးမှူး ဒေါ်သန်းသန်းဝင်း၊ ဦးကျော်သူလင်း၊ ဒေါ်စန္ဒာမွန်တို့က ကျောင်းသူ၊ ကျောင်းသားပေါင်း ၄၄၉၀ ဦးတို့အား စားသုံးသူအကာအကွယ်ပေရေးပညာပေး ဆွေးနွေးဟောပြောခဲ့ကြပါတယ်။

ဇူလိုင်လ ၁၇ ရက်နေ့တွင် အလယ်တန်းကျောင်းအမှတ် (၂) သို့ သွားရောက်ပြီး၊ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးတင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးသောင်းကြိုင်၊ ဒုဦးစီးမှူး ဦးအောင်ဆန်းဦး၊ ကလေးခရိုင် ဦးစီးမှူးရုံးမှ ဒေါ်သန်းသန်းဝင်းတို့သည် ကျောင်းသူကျောင်းသားပေါင်း ၃၂၆ ဦးတို့အား ပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါတယ်။

**စန္ဒာမွန် (ကလေး)**

# မော်လမြိုင်မြို့ အမှတ် (၃)ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောဆွေးနွေး

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ရည်ရွယ်ချက်များအတိုင်း စားသုံးသူများ မိမိတို့အခွင့်အရေး များကို သိရှိတောင်းဆိုရယူနိုင်ရန်နဲ့ လိမ်လည်လှည့်ဖြားမှု မခံရစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီး အသိပညာပေးခြင်း၊ ဈေးကွက်ကွင်းဆင်း စစ်ဆေး ခြင်း၊ ဟောပြောဆွေးနွေးခြင်း သင်တန်းများပေးခြင်းတို့ကို ကုန်သွယ်မှုမြှင့်တင်ရေး နှင့်စားသုံးသူ ရေးရာဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျှက်ရှိနေတယ်လို့ သိရှိရပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နဲ့ စားသုံးသူရေးရာဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချ ရမှုဌာနတို့မှ ဝန်ထမ်းများသည် စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေပါ ရည်ရွယ် ချက်များ ဖော်ဆောင်နိုင်ရန် မော်လမြိုင်မြို့၊ အမှတ် (၃) အခြေခံပညာ အထက်တန်း ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိနိုင် ၊ ကျောင်း ဆရာမ (၁၅) ဦးခန့်နဲ့ ကျောင်းသူကလေးများ ၁၅၀ ခန့်တို့အား ဇူလိုင်လ ၁၇ ရက်နေ့ စားသုံးသူအကာအကွယ်ပေးရေးနဲ့ ပတ်သက်၍ သိကောင်းစရာများ၊ ဥပဒေပါပြဌာန်းချက်များ၊ တားမြစ်စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများနဲ့ ဆေးဝါးများကို ဓာတ်ပုံမိတ္တူများပြသခြင်း၊ ဆွေးနွေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များ ဖြန့်ဝေပေးခြင်းတို့ ကို ဆောင်ရွက်ခဲ့ကြ ကြောင်း သတင်းရရှိပါတယ်။

**Mon Consumer**



# မြစ်ကြီးနားမြို့ရှိ ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူ ပြည်သူများနှင့် ကျောင်းသူ/ကျောင်းသား တိုင်း ကျန်းမာရေးအသိပညာဗဟုသုတများစွာ ရရှိစေရန်စား သုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကိုပြည်နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေး ဆောင်ရွက်လျက် ရှိသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ကချင် ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူဝန်ထမ်း များသည် ကချင်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့နှင့် NGO အဖွဲ့များ ပူးပေါင်း၍ ဇူလိုင်လ ၈ ရက်နေ့တွင် အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်းတွင်လည်းကောင်း ဇူလိုင်လ ၁၁ ရက်နေ့တွင် အခြေခံ ပညာ အထက်တန်းကျောင်းခွဲ၊လ(၅)တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံး သူရေးရာဦးစီးဌာန ၊ ပြည်နယ်ဦးစီးမှူး ဦးကိုကိုဦးက အဖွင့် အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေး ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ(၁၆)၊ စားသုံးသူအငြင်းပွား မှု ဖြေရှင်းရေး အဖွဲ့များ၏ လုပ်ငန်းတာဝန်များ အပိုဒ်(၃)(ဆ) အရ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့များလက်အောက်တွင် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ပြည်နယ်ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီကို ဖွဲ့စည်းထားရှိပါကြောင်း ၊ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရန် အစိုးရ ဝန်ထမ်းများနှင့် ပြည်သူလူထုအားလုံး ပါဝင်ဆောင်ရွက်နိုင်ပြီး အသိပညာဗဟုသုတများ တိုးပွား လာစေရန် စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာန ၊ အသင်းအဖွဲ့များ၊ NGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်းကို အကျယ်တဝင့် ဆွေးနွေးသွားပါသည်။

ဆက်လက်၍ ကချင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာ တင်ထွန်းဦး က လူတို့နေ့စဉ်စားသောက်နေသော အစားအသောက်များ တွင် အရောင်ဆိုးဆေးအမျိုးမျိုး ပါဝင်နေသည်ကို တွေ့ရှိရပြီး ခွင့်မပြုဆိုးဆေးပါဝင်သော အစားအသောက်များအား စားသုံး ခြင်း၊ ခွင့်ပြု ဆိုးဆေး ပါဝင်သော ပမာဏထက်ပိုမိုသုံးစွဲထား သော အစားအသောက်များအား စားသုံးခြင်းဖြင့် ခန္ဓာကိုယ် ကို ကြီးထွားမှု နှေးကွေးခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနည်းခြင်း ၊ ဗိုက်နာဗိုက်အောင့်၊ အသည်းကင်ဆာ၊ အစာအိမ်အူလမ်း ကြောင်း ကင်ဆာများဖြစ်ပွားတတ်သဖြင့် ကျောင်းသူ/ကျောင်း သားများအနေဖြင့် ကိုယ်ပိုင်အသိဉာဏ်ပညာဖြင့် ချင့်ချိန် ပြီး စားသုံးရန် သင့်/မသင့် စဉ်းစားဆင်ခြင်နိုင်အောင် အသိပညာ ပေးဟောပြောဆွေးနွေးသွားခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက စားသုံးသူအကာ အကွယ်ပေးရေးဥပဒေဟာ စားသုံးသူအတွက်သာမကဘဲ ကုန်စည်ထုတ်လုပ်သူများအတွက်ပါ ပါဝင်ပြဋ္ဌာန်းထားတဲ့ အတွက် စားသုံးသူရော ထုတ်လုပ်သူပါ ဥပဒေကို သိရှိလိုက်နာ ရန် လိုအပ်ကြောင်း၊ ဥပဒေ ပေါ်ပေါက်လာပြီးနောက် ပြည်သူ များ သိရှိနိုင်အောင် အစိုးရဌာနများ၊ နိုင်ငံပိုင်သတင်းစာများ ၊NGO အဖွဲ့များမှ ပညာပေးအစီအစဉ်များ၊ ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်လျက်ရှိနေပါ ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူရေးရာဌာနခွဲမှ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးဘောမ်ဇုန်းက နိုင်ငံပိုင်သတင်းစာ များမှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော အစား အသောက်များ၊ ကုန်ပစ္စည်းအမည်များကို သတိပြုဝယ်ယူ စားသုံးနိုင်ရန် ရှင်းလင်းဖတ်ကြားဆွေးနွေး ပြောကြားခဲ့ပါ သည်။

ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ကျောင်းကျန်းမာရေး တာဝန်ခံဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းအတွင်း ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်များအား လှည့်လည် ကြည့်ရှု၍ အစားအစာများအား သုံးစွဲသည့် အိုးခွက်ပန်းကန် များအား သန့်ရှင်းစင်ကြယ်စွာ ဆေးကြောရောင်းချရေး၊ လတ်ဆတ်သည့် စားသောက်ကုန်များကိုသာ ရောင်းချရေး၊ သက်တမ်းကျော်လွန်နေသော စားသောက်ကုန်များကို မရောင်းချရေးနှင့် စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် ဗဟုသုတများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကျောင်းဟောပြောဆွေးနွေးပွဲများတွင် NGO အဖွဲ့များ က ကျောင်းသူ/ကျောင်းသားများအား အန္တရာယ်ရှိ မုန့်မျိုးစုံ၊ သွားတိုက်ဆေး၊ခေါင်းလျှော်ရည်၊ အချိုရည်၊ စားသုံးဆီနှင့် အချိုမှုန့်များအကြောင်း၊ ဆေးလိပ်၊ ကွမ်းယာ၊ ခြင်ဆေးခွေတို့မှ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် နောက်ဆက်တွဲ ဖြစ်ပွားနိုင်သော ရောဂါအန္တရာယ်များအကြောင်းတို့ကို တစ်နေရာချင်းစီတွင် ခင်းကျင်း ပြသထားရှိလျက် ဆိုးကျိုးများအကြောင်းကို ဓာတ်ပုံ၊ ဗွီနိုင်းကားချပ်များ၊ ပရိုဂျက်တာပြစက်များဖြင့် ပြသရှင်းလင်း ခဲ့ကြပြီး ကျောင်းသူ/ကျောင်းသားများအား ခွန်အားဖြစ်စေ မည့် မျှတပြီး အာဟာရဖြစ်စေသော အစားအသောက်များကို လည်း ခင်းကျင်း ပြသထားရှိခဲ့ပါသည်။

ဟောပြောပွဲကို ကချင်ပြည်နယ်စားသုံးသူအငြင်းပွား မှုဖြေရှင်းရေးအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမဦးစီး ဌာန ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တပ် ကုန်းမြစ်ကြီးနား၊ ကျောင်းကျန်းမာရေးဌာန၊ အထက(၅)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာများ၊ ကျောင်းသား/ ကျောင်းသူ ၄၅၀ဦး၊ အထကခွဲ၊ အလယ်တန်းလွန်အမှတ်(၅) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်း သား/ကျောင်းသူ ၂၂၀ ဦး၊ စုစုပေါင်း ၇၃၀ ဦး တက်ရောက်ခဲ့ ပါသည်။ ဆက်လက်၍လည်း မူလွန်(စီတာပူ)-၃၊ အလက ခွဲ(စီတာပူ)-၂၊ အလကခွဲ (တပ်ကုန်းရွာမ)ကျောင်းတို့ကို စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ သွားရောက် ဟောပြောနိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သတင်းရရှိ ပါသည်။

**မောင်မောင်ခိုင်၊မြစ်ကြီးနား**

# စင်ကာပူနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ခိုင်မာစေရန် ဆောင်ရွက်

စင်ကာပူနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေး (တရားမျှတသော ကုန်သွယ်မှု) အက်ဥပဒေအား စင်ကာပူနိုင်ငံအစိုးရမှ နည်းလမ်းမျိုးစုံဖြင့် ခိုင်မာ စေရန် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနသည် ဇွန်လအတွင်းက စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေအား ပြန်လည်သုံးသပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် ပြင်ဆင်ပြောင်းလဲမှုများကို ပြည်သူများသို့ သဘောထား ပြန်လည်မေးမြန်းရမည် ဖြစ်သည်။ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းသည် တရားမျှတမှု မရှိသည့် လက်လီရောင်းချသူများအား အရေးယူဆောင်ရွက်နိုင်ရန် စင်ကာပူ စားသုံးသူအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

စင်ကာပူနိုင်ငံတွင် ၂၀၁၄ ခုနှစ်က Sim Lim Square တွင် တရားမျှတမှုမရှိ သည့် ရောင်းဝယ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့်အကြောင်းကို ပြည်တွင်းနှင့် နိုင်ငံ တကာသတင်းစာများတွင် ဖော်ပြခဲ့ခြင်းကြောင့် စားသုံးသူ အကာအကွယ်ပေးရေး အက်ဥပဒေအား ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။ ဗီယက်နမ်ကမ္ဘာလှည့် ခရီးသည်များမှ Electronics mall ရှိ ဈေးဆိုင်ပိုင်ရှင်တစ်ဦးအား ငွေကြေးပြန်လည် အမ်းရန် တောင်းဆိုနေသည့် ဗွီဒီယိုသည် လူအများစုကြား ပျံ့နှံ့ခဲ့ပါသည်။

စင်ကာပူနိုင်ငံတွင် Sim Lim Square ၊ Lucky Plaza နှင့် People's Park Complex တို့သည် စားသုံးသူများ၏ တိုင်တန်းမှု များပြားစွာခံနေရသည့် ဈေးများ ဖြစ်ကြပါသည်။ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်တွင် လွှတ်တော်သို့ စားသုံးသူကာကွယ်ရေးဥပဒေ ပြန်လည်ပြင်ဆင်သည့်စာအား တင်ပြ သွားမည် ဖြစ်ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# မွန်ပြည်နယ် စာသင်ကျောင်းနှင့် မုန့်ဈေးတန်းများတွင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန အနေ ဖြင့် မွန်ပြည်နယ်အတွင်းရှိစာသင် ကျောင်းများမုန့်ဈေးတန်းရှိ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင် ဦးဆောင်၍ ဝန်ထမ်းအဖွဲ့များသည် မော်လမြိုင်နှင့် ပေါင်မြို့နယ်များရှိ အထက် တန်းကျောင်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

မော်လမြိုင်မြို့အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင်လ ၇ ရက်၌ လည်းကောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၀ ရက်နေ့ တွင် ရာပြည့်ဆောင်၌လည်းကောင်း၊ ဇူလိုင် ၂၁ ရက်နေ့က အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် မြစိမ်းဆောင်၌လည်းကောင်း၊ ယင်းနေ့ ညနေ ပိုင်းတွင် ပေါင်မြို့နယ် မုတ္တမရှိအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တွင် ကံ့ကော်ဝတ်ဆံခန်းမ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိ ပညာ ပေးခြင်းအား ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်ကလည်းကောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်မသင့် တားမြစ်ထားသော အစား အသောက်၊ ဆေးဝါး၊ အလှကုန်များအား ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး ကလည်းကောင်း ရှင်းလင်း၍ သတိပေးကြေညာခြင်းများအား ဆွေးနွေးခဲ့ပြီး စာသင် ကျောင်းရှိ မုန့်ဈေးတန်းများတွင် စားသုံးရန်မသင့် တားမြစ်ထားသော အစား အသောက်များ ရောင်းချခြင်း ရှိ၊ မရှိ အား စစ်ဆေးခဲ့သဖြင့် စာသင်ကျောင်းမှ တာဝန်ရှိ ဆရာ၊ ဆရာမများက ယခုကဲ့သို့ စားသုံးသူအာအကွယ်ပေးရေး အသိ ပညာပေးခြင်း၊ မုန့်ဈေးတန်းများ စစ်ဆေးဆောင်ရွက်ပေးခြင်းသည် ကျောင်း သူ/ကျောင်းသားများ အတွက် ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေရန် အလွန်လိုအပ် ပါသဖြင့် ဝမ်းသာကျေးဇူးတင်ပါကြောင်းနှင့် ပိုမိုဆောင်ရွက်ပေးစေလိုပါကြောင်း တုံ့ပြန်ချက်များ ရရှိပါကြောင်း သတင်းရရှိပါတယ်။

**Mon Consumer**

➲ စာမျက်နှာ ၂၀ မြန်မာ့ကော်ဖီသမိုင်းသစ်ကို ဖွင့်လှစ်လိုက်ပြီ မှ အဆက်

## ၂၀၁၅ မြန်မာနိုင်ငံကော်ဖီအသင်း၏ ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

| ဆုအမျိုးအစား | နာမည်/စိုက်ပျိုးခြံအမည် | ဒေသ | စိုက်ပျိုးမြေဧက | အမှတ် |
|---|---|---|---|---|
| | တောင်သူငယ်များ | | | |
| ပထမဆု | ဒေါ်ဖြူပု | ပွေးနဖားရွာ(ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | ၈၄. ၂၅ |
| ဒုတိယဆု | ဒေါ်မြနှင်း | ပွေးနဖားရွာ(ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | ၈၄. ၀၈ |
| တတိယဆု | ဦးညို | လယ်ကိုင်း(ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁. ၅ | ၈၂. ၅၈ |
| စတုတ္ထဆု | ဦးညွန့်မောင် | ရေချမ်းပင်(ရှမ်းပြည်နယ် (တောင်ပိုင်း) | ၄ | ၈၂. ၄၂ |
| ပဉ္စမဆု | ဦးသန်းစိုး | မြင်းတွင်း(ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | ၈၁. ၇၅ |
| စီးပွားဖြစ်စိုက်ပျိုးခြံများ | | | | |
| ပထမဆု | ဘလူးမောင်တိန်ကော်ဖီ စိုက်ပျိုးရေး | ပွဲကောက်(ပြင်ဦးလွင်) | ၇၀ | ၈၁. ၄၂ |
| ဒုတိယဆု | စည်သာကော်ဖီကုမ္ပဏီ လီမိတက် | စည်သာ(ပြင်ဦးလွင်) | ၅ | ၈၁. ၀၈ |
| တတိယဆု | ဦးသန်းအောင် | ဘန့်ဘွေး(နောင်ချို ရှမ်းပြည်နယ် မြောက်ပိုင်း) | ၄၀၀ | ၈၀. ၇၅ |
| စတုတ္ထဆု | ရွှေယင်းမာ | ပြင်ဦးလွင် | ×× | ၈၀. ၃၃ |
| ပဉ္စမဆု | ငုရွှေလီ | ဒိုးကွင်း(ပြင်ဦးလွင်) | ၁၀၀ | ၈၀ |

ဒီလို ဆုပေးပွဲပြုလုပ်ရခြင်းဟာ မြန်မာနိုင်ငံမှာ အရည်အသွေးမြင့်ကော်ဖီစိုက်ပျိုးတဲ့ တောင်သူတွေကို အသိအမှတ်ပြုပေးခြင်း ဖြစ်ပါတယ်။ အသိအမှတ်ပြုခံရခြင်းဟာ ကမ္ဘာ့ကုန်သည်ကြီးများ အသုံးပြုတဲ့ အရည်အသွေးဆိုင်ရာ အရေးပါတဲ့ ညွှန်းကိန်းတစ်ခုဖြစ်ပြီး မြန်မာ့ကော်ဖီတောင်သူများကို ပြိုင်ဆိုင်မှုရှိတဲ့ ပြည်ပဈေးကွက်အတွင်းသို့ဝင်ရောက်နိုင်ရန် အကူအညီ ဖြစ်စေပါတယ်။

၎င်းနောက် မန္တလေးကော်ဖီအုပ်စုကုမ္ပဏီ၏ စနစ်တကျ တည်ဆောက်ထားတဲ့ ကော်ဖီဆံသန့်စင် ထုတ်လုပ်မယ့် စက်ရုံတည်ဆောက် ထားတဲ့အနေအထားနဲ့ အသုံးပြုမယ့် စက်ပစ္စည်းများကို လေ့လာကြည့်ရှုကြပြီး သိလိုတာတွေကို မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။

ဒီလို မြန်မာ့ကော်ဖီသမိုင်းမှာ မရှိခဲ့ဖူးတဲ့ ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲကျင်းပပြီး မိမိတို့ ကော်ဖီအရည်အသွေးကို သိရှိခွင့်ရခြင်းဟာ သမိုင်းမှတ်တိုင်သစ်တစ်ခု စိုက်ထူလိုက်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတကာမှ သတ်မှတ်ထားတဲ့စံနှုန်းများနဲ့ ကိုက်ညီတဲ့ အထူးတန်းဝင် ကော်ဖီအဖြစ် သတ်မှတ်ခံရတဲ့ ကော်ဖီနမူနာတွေကို Coffee Quality Institute - CQI ရဲ့ သတင်းအချက်အလက် ဘဏ်တိုက်မှာ အရည်အသွေးမီ ကော်ဖီအဖြစ် ထည့်သွင်းဖော်ပြထားမယ်လို့လည်း သိရှိရပါတယ်။

လက်ရှိ မြန်မာ့ကော်ဖီ ဈေးကွက်ဟာ ခိုင်ခိုင်မာမာမရှိသေးတဲ့ အခြေအနေဖြစ်ပါတယ်။ ကမ္ဘာ့ကော်ဖီဈေးကွက်ကို တိုးဝင်နိုင်ဖို့ ကြိုးစားနေချိန်မှာ ကော်ဖီအရည်အသွေး သတ်မှတ်ချက်ဟာ အဓိကကျပါတယ်။

ကမ္ဘာ့ကော်ဖီ ဈေးကွက်မှာ (၁) နယူးယောက်အခြေစိုက် C-Market နဲ့ (၂) အထူးအရည်အသွေးမြင့် ကော်ဖီဈေးကွက်ဆိုပြီး နှစ်မျိုးရှိပါတယ်။ C-Market မှာ ကော်ဖီဈေးနှုန်းအတက်အကျမြန်တဲ့အတွက် ဈေးနှုန်း စောင့်ဆိုင်းရောင်းရန်မှာ မြန်မာပြည်က ကော်ဖီ တောင်သူငယ်များအတွက် အခက်အခဲ ရှိနိုင်ပါတယ်။ ကော်ဖီအရည်အသွေးပြိုင်ပွဲဝင်ခဲ့တဲ့ နမူနာတွေမှာ အထူးတန်းဝင် ကော်ဖီအဆင့်မီတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒုတိယဈေးကွက် အမျိုးအစားဖြစ်တဲ့ အထူးအရည်အသွေးမြင့် ကော်ဖီဈေးကွက်ကိုဝင်ရောက်နိုင်တဲ့အလားအလာတွေရှိနေကြောင်း သိရပါတယ်။



အထူးတန်းဝင် အဆင့်မီတဲ့ မြန်မာ့ကော်ဖီတွေကို မန္တလေးကော်ဖီအုပ်စုကုမ္ပဏီရဲ့ ကော်ဖီဆံ သန့်စင်ထုတ်လုပ်တဲ့စက်ရုံမှာ ကြိတ်ခွဲ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့အတွက် သမိုင်းအစဉ်အလာရှိတဲ့ မြန်မာ့ကော်ဖီသမိုင်းသစ်ကို ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

**Source: MCA, MCG & WIN ROACK International တို့မှ တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးချက်များ**



# ကုန်ကျစရိတ် များပြားမှုကြောင့် ကားဈေးတန်း အနည်းငယ်တက်လာ

ဇူလိုင်လနှောင်းပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏အခြေအနေမှာယခင်လဆန်းပိုင်းကအခြေအနေကဲ့သို့ပင် အရောင်းအဝယ်ပြန်အေးသွားကြောင်း သိရသည်။ ကားပွဲစားတန်းများတွင် ပိုများသဖြင့်တစ်ကြောင်း၊ အရောင်းပါးသဖြင့်တစ်ကြောင်း ဈေးကွက်အေးနေပြီး ကားအရောင်းစင်တာများတွင် လူအဝင်အထွက်ရှိသော်လည်း ယခုတစ်ပတ်ရောင်းအားနည်းသွားကြောင်း ကားဝယ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်မှ ပြောသည်။

ပြီးခဲ့သည့် လဆန်းပိုင်းက ကားပါကင်ထောက်ခံချက် ဈေးတန်းများကျဆင်းလာပြီး ဒေါ်လာဈေးလည်း အနည်းငယ်ငြိမ်သက်နေသဖြင့် ကားအရောင်းအဝယ်များ အထူးသဖြင့် ကားလေးများ အရောင်းပြန်ရှိလာသော်လည်း ယခုလတိယပတ်တွင် ဒေါ်လာဈေးအား ဗဟိုဘဏ်မှပြင်ပငွေလဲနှုန်းပေါက်ဈေးအတိုင်း သတ်မှတ်လိုက်သဖြင့် အခွန်နှုန်းထားများပါ လိုက်လံမြင့်တက်ကာ ၃ သိန်း၊ ၄ သိန်း ခန့်ထပ်ဆောင်းပေးသွင်းရသည့် အခြေအနေရောက်သွားသဖြင့် အရောင်းအဝယ်များ အေးသွားကြောင်း သိရသည်။

ထိုသို့ ကားတင်သွင်းမှု ကုန်ကျစရိတ်ထဲတွင်ပင် ထည့်တွက်ရမည့် အထွေထွေစရိတ်များ မြင့်တက်လာသလိုဂျပန်ကားလေလံဈေးကွက်တွင်လည်းလူသုံးများ၊ အသွင်းများကားများလေလံဈေးလိုက်တက်နေသဖြင့် ကားအသွင်းကျဲသွားနိုင်ကြောင်း၊ ပြည်တွင်းရှိစလစ်ဈေးတန်းလည်း သုံးသိန်းခန့်ထပ်မံမြင့်တက်နေသဖြင့် ယခုတစ်လောအတွင်းဝယ်ယူသူများမှာလည်း ရောက်ရှိပြီး ကားများသာ ရွေးချယ်ဝယ်ယူလာတတ်ကြောင်း၊ ဖရီးပါမစ်ဈေးကွက်တွင်လည်း အမည်ပေါက်သိပ်မကြည့်တော့ဘဲ ရောက်ပြီးနံပါတ်ထွက်ပြီးကားများသာ ဈေးတန်းမှန်ပါကရောင်းရကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်များမှ ပြောသည်။

ဆက်လက်၍ တက္ကစီအငှားယာဉ်များ၏ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းအား ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ ထောက်ကြံ့ ကညနရုံးတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသဖြင့် ယခင်ရုံးများတွင်လုပ်ဆောင်ရသည်ထက် လျှင်မြန်မည်ဖြစ်သော်လည်း နေရာဝေးကွာလွန်းသဖြင့် ပြောဆိုမှုများရှိသလိုနောက်ပိုင်းကာလများတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာမည့် ဖုန်းဖြင့်ဆက်သွယ်ခေါ်ယူသုံးစွဲနိုင်မည့် (On Call Taxi စနစ်) အား ယာဉ်ကြောကျပ်တည်းမှုပြဿနာ တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်မည်ဖြစ်ပြီး တက္ကစီရပ်နားရန်နေရာများ တိုးချဲ့တည်ဆောက်ခြင်းထက် ယင်းအစီအစဉ်ကို ပိုမိုနှစ်သက်ကြကြောင်း သိရသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၂။ | တိုယိုတာ (ဗစ်) (၂၀၁၀) | ယာယီ | ၁၀၃ သိန်း | 1 .3 ဓာတ်ဆီ |
| ၃။ | မစ်ဆူဘီရှိ (အာစီအာ) (၂၀၁၀) | ယာယီ | ၂၆၇ သိန်း | 1 .8 ဓာတ်ဆီ |
| ၄။ | အာအေဗီ (၄) (၂၀၀၁) | ယာယီ | ၁၆၈ သိန်း | 2 .0 ဓာတ်ဆီ |
| ၅။ | ရက်တစ် (၂၀၁၂) | ယာယီ | ၁၂၃ သိန်း | 1 .3 ဓာတ်ဆီ |
| ၆။ | မတ် (၁၁)တူး (၂၀၀၂) | ယာယီ | ၁၅၀ သိန်း | 2 .0 ဓာတ်ဆီ |
| ၇။ | ခရောင်းဆလွန်း (၂၀၀၄) | ယာယီ | ၂၃၀ သိန်း | 2 .5 ဓာတ်ဆီ |
| ၈။ | ကာလ်ဒီးနား (၂၀၀၁) | ယာယီ | ၁၅၀ သိန်း | 2 .0 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၅၂ သိန်း | |
| ၁၀။ | မီနီဆလွန်း | | ၅၁ သိန်း | |

SN

## ကလေးကျန်းမာရေး

# ajc0pl;wblav;

### ဒေါက်တာလွင်သန့်

***မေး။*** ***။ကျွန်မကလေး သုံးနှစ်သားလေးရဲ့ ခြေချောင်းလေးတွေမှာ ဝဲစိုတွေပေါက်နေတယ်ဆရာ။ ဘယ်ဆေးထည့်ပေးသင့်သလဲဆရာ။*** ***မပြုံး(ကလော )***

ဖြေ။ ခြေဝဲစားတာမှိုကြောင့်ဖြစ်တဲ့ ရောဂါတစ်မျိုးပဲဖြစ်တယ်။ ခြေချောင်းလေးများကြား အောက်ဖက်မှာ ဖြစ်လေ့ရှိတယ်။ လူအများသုံးနေရာများ ဥပမာ-ရေချိုးခန်း၊ အားကစားရုံ၊ ရေကူးကန်စတဲ့နေရာများမှာ ဖိနပ်မပါဘဲ သွားလာမိရင် ရောဂါရှိသူထံမှ ကူးစက်တာခံကြရတယ်။

ခြေဆီထွက်တဲ့ကလေးမှာ မှို (Fungus) ပျံ့နှံ့နိုင်ပြီး၊ ပွေးကွက်များဖြစ်လာစေတယ်။ ပူနွေးစွတ်စိုတဲ့ အခြေအနေရှိတဲ့ ရာသီဥတုမှာ ရောဂါပျံ့နှံ့မှုပိုကောင်းစေတယ်။

**မစိုးရိမ်ရ။** ဖြစ်လေ့ဖြစ်ထရှိတဲ့ရောဂါဖြစ်ပြီး၊ အလွယ်တကူ ကုသနိုင်တယ်။ တစ်ကိုယ်ရည်သန့်ရှင်းရေးကို ပြုပြင်ပေးလိုက်ရင်ရတယ်။ ရောဂါမပျံ့နှံ့ခင် အမြန်ပြုလုပ်ပေးဖို့လိုတယ်။ မစိုးရိမ်ရပါဘူး။

**ရောဂါလက္ခဏာများ။** ခြေချောင်းလေးများ အကြားနှင့် အောက်ဘက်မှာ အဖြူရောင် အရည်ကြည်ဖုများပေါက်ပြီး ယားယံစေတယ်။ ကုတ်ဖဲ့လိုက်တဲ့အခါ နီနီကြမ်းကြမ်းအသားပြင်ဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။

အရေပြားခြောက်သွေ့ပြီး အဖတ်များကွာကျတယ်။ ခြေသည်းခွံများ ဝါကြန့်ကြန့်အရောင်ဖြစ်ကာ ထူထူကြမ်းကြမ်းဖြစ်လာတယ်။ ခြေချောင်းလေးများအကြား ယားနာဖြစ်လေ့ရှိတယ်။

**မိဘဆောင်ရွက်ရန်။** ကလေးရဲ့ခြေထောက်ယားရင် ခြေချောင်းကြားနဲ့ အောက်ဘက်တို့မှာအရည်ကြည်ဖုဖြူဖြူများ ရှိ၊ မရှိကြည့်ရမယ်။ ခြေဖဝါးမှာ အရည်ကြည်ဖုများ ခြေဖဝါးအသားကွဲကြောင်းများရှိ၊ မရှိကြည့်ရမယ်။ ကလေးခြေသည်းများ ပုံမှန်ဟုတ်ရဲ့လား စစ်ကြည့်ရမယ်။ မှိုတက်ပေါင်ဒါတို့၊ ခရင်တစ်မျိုးမျိုးလိမ်းပေးနိုင်တယ်။ ခြေထောက်ကို ပြောင်အောင်ဆေးကြောသုတ်သင်ပြီး ဆေးညွှန်းအတိုင်း လိမ်းပေးနိုင်တယ်။

ကလေးခံစားနေရတဲ့ ရောဂါလုံးဝပျောက်ကင်းမှုမရှိသေးရင် ဖိနပ်မစီးဘဲမသွားစေသင့်ဘူး။ ကလေးမျက်နှာသုတ်ပဝါ၊ ရေသုတ်အဝတ်တို့ သီးသန့်ထားကာ နေ့စဉ်လျှော်ဖွပ်ပေးရမယ်။

**ဆရာဝန်နှင့်ပြ။** ခြေဖဝါးပြင်မှာဖြစ်ရင် ခြေသည်းများပုံပန်းမကျ၊ တွန့်ခေါက်ခြင်း (သို့) ခြေသည်းများဝါလာရင်၊ ကောင်းမွန်သက်သာလာခြင်းမရှိရင် မိသားစုဆရာဝန်နဲ့ ပြသသင့်ပါတယ်။

**ဆရာဝန်လုပ်ပေးဖို့။** ခြေသည်းများ ပုံပန်းမကျဖြစ်တဲ့အထိ ရောဂါဆိုးဝါးရင် မှိုသတ်လိမ်းဆေးကို ကိုးလခန့်စွဲစွဲမြဲမြဲလိမ်းရမယ်။ အိမ်မှာပြုစုပေမယ့် မပျောက်ရင်၊ ဆေးပြောင်းလိုရင် ဆရာဝန်နဲ့ပြသသင့်တယ်။

**မိဘများလုပ်ပေးရန်။** ကလေးရဲ့ခြေထောက်များ သန့်ရှင်းစွာထားပေးရမယ်။ ခြေအိတ်စွပ်ပေးရင်လည်း သန့်ရှင်းတဲ့ ရေမစိုတဲ့ ခြေအိတ်ဖြစ်အောင် ဂရုပြုရမယ်။ ကလေးကို ဖိနပ်ပြောင်းစီးခိုင်းရမယ်။ ဖိနပ်အလဲအလှယ်စီးပေးရမယ်။

**သတိပြု။** ကလေးများ ရေမြောင်းထဲ၊ ဗွက်ထဲမဆော့သင့်ဘူး။ ကလေးငယ်ချင်း ကူးစက်တတ်လို့ အိမ်မှာအခြား ကလေး၊ လူကြီး မှာလည်း ခြေဖဝါးဝဲစားတာရှိမရှိ စစ်ဆေးပေးသင့်တယ်။

ကလေးငယ်သုံးနှစ်ကျော်ရင် နှစ်စဉ်မိုးဦးနှင့် မိုးနှောင်းကာလတွေမှာ သံချဆေး နှစ်ကြိမ်ကျွေးသင့်တယ်။ သံချဆေးကျွေးရင် "အိမ်ရှိလူကုန်" ကျွေးတဲ့နည်းက ပိုမိုအောင်မြင်တယ်။ အချို့ ယားနာတွေဟာ သံချဆေးကျွေးရင် ပျောက်ကင်းသွားတယ်။

# စားသောက်ဆိုင်များ၊ အသင့်စား အစားအစာများထက် အိမ်တွင်ချက်ပြုတ်စားသောက်သည်က ကျန်းမာရေးအတွက် ပိုမိုသင့်လျော်သည်ဟုဆို

စားသောက်ဆိုင်များတွင်ချက်ပြုတ် ထားသောအစားအစာများသည် လူတို့တစ်နေ့တာလိုအပ်သည့် ကယ်လိုရီပမာဏ များပြားစွာပါဝင်နိုင်သကဲ့သို့ အဆီပမာဏ၊ သကြားဓာတ်ပါဝင်နိုင်မှုပမာဏနှင့် အခြားသောအာဟာရဓာတ်လွန်ကဲသည့် အချိုးအစားများ များပြားစွာပါဝင်နိုင်ကြောင်း၊ ထို့အတူ အသင့်စား အစားအစာများတွင်လည်း ဖော်ပြပါအတိုင်းပါဝင်နိုင်သဖြင့် မိမိအိမ်တွင်ချက်ပြုတ်စားသောက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု အမေရိကန်လေ့လာရေးစာတမ်းတစ်စောင်က အကြံပြုရေးသားထားကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မိမိအိမ်တွင် ချက်ပြုတ်စားသောက်ပါက မိမိလိုအပ်သည့် ကယ်လိုရီပမာဏ၊ အဆီပါဝင်မှုပမာဏ၊သကြားဓာတ်ပါဝင်မှုပမာဏ၊ အခြားသောအာဟာရဓာတ်များကို အချိုးညီညီထည့်သွင်းချက်ပြုတ်နိုင်သဖြင့်ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် အစာအာဟာရကို ဖြစ်ပေါ်စေနိုင်ကြောင်း အဆိုပါလေ့လာချက်စာတမ်းတွင် ဖော်ပြထားသည်။

စားသောက်ဆိုင်များနှင့် အသင့်စား အစားအစာများကို နေရာတိုင်းတွင် တွေ့မြင်နေရသဖြင့် အဆိုပါနေရာများတွင် လွယ်လင့်တကူဝယ်ယူရရှိနိုင်သည့် အစားအစာများသည် ဆိုဒီယမ် လွန်ကဲစွာပါဝင်နိုင်ခြင်း၊ အဆီများခြင်း၊ ကယ်လိုရီကို လိုအပ်သည်ထက်ပိုမိုများပြားစွာ ထည့်သွင်းချက်ပြုတ်ခြင်းတို့ကို ဖြစ်စေနိုင်သဖြင့် တတ်နိုင်သမျှ ရှောင်ရှားကာ စားသောက်ကြစေလိုကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

စားသောက်ဆိုင်များ၊ အသင့်စား အစားအစာများနှင့်အိမ်တွင်ချက်ပြုတ်ထားသည့် အစားအစာများကို နှိုင်းယှဉ်ကြည့်ပါက ပိုမိုသိသာထင်ရှားသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများရှိ ပြည်သူများသည် အဆိုပါလွယ်လင့်တကူချက်ပြုတ်ထားသည့် အစားအသောက်များကိုသာ ခုံမင် နှစ်ခြိုက်စွာ ဝယ်ယူစားသုံးနေကြကြောင်း၊ အထူးသဖြင့် အမေရိကန်လူမျိုးများသည် တစ်နေ့တာကုန်ဆုံးချိန်တွင် အပန်းဖြေမှုအဖြစ် အဆိုပါစားသောက်ဆိုင်များတွင်သာ စားသောက်နေကြသည်ကို မြင်တွေ့နေရကြောင်း၊ ယင်းသည် မီးဖိုချောင်ကိုပစ်ပယ်ထားသည့် အမေရိကန်လူမျိုးများ၏ ဓလေ့စရိုက်ကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်လူမျိုးများသည် အဝလွန်ခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်ရောဂါများဖြစ်ပွားသူများ တစ်နေ့တခြားများပြားလာသည်ကို မြင်တွေ့နေရကြောင်းဖြင့် အီလီနွိုက်စ်တက္ကသိုလ်မှ ကျန်းမာရေးဆိုင်ရာလူ့ပ်ရှားမှုတာဝန်ခံ ပရော်ဖက်ဆာရူပီအိုအန်းက ပြောကြားခဲ့သည်။

သုတေသနအဖွဲ့သည် အရွယ်ရောက်သူ လူငယ် ၁၈၀၀၀၏ နေ့စဉ်စားသောက်ပုံကို လေ့လာဆန်းစစ်ခဲ့ရာ အဆိုပါလူရွယ် ၆၀၀၀ ခန့်သည် တစ်ရက်လျှင် အသင့်စားအစားအစာကို နှစ်ကြိမ်ခန့် စားသုံးကြကြောင်း၊ စားသောက်ဆိုင်များတွင် တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်ခန့် သွားရောက်စားသောက်လေ့ရှိကြကြောင်း၊ ကျန် ၁၂၀၀၀ မှာ အသင့်စားအစားအစာနှင့် စားသောက်ဆိုင်များတွင် တစ်လှည့်စီ စားသောက်နေကြသူများဖြစ်ကြောင်း ဥရောပအာဟာရဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်ဟု ဆိုသည်။

**မယ်သီတာ**

# ကင်ဆာရောဂါကုသသည့်ဆေးများ၏ ဈေးနှုန်းများကို လျှော့ချပေးရန် ကျွမ်းကျင်သူများက တောင်းဆို

ကင်ဆာရောဂါ ဝေဒနာရှင်များအား ကုသလျက်ရှိသည့်ဆေးဝါးများ၏ ဈေးနှုန်းများကို လျှော့ချပေးရန် ကင်ဆာရောဂါများအား ကုသလျက်ရှိသည့်ကျွမ်းကျင်ပညာရှင်များ ၁၁၈ဦးပါဝင် သည့်အဖွဲ့က တောင်းဆိုလိုက်ကြောင်းရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



အဆိုပါ ၁၁၈ ဦးပါဝင်သည့်အဖွဲ့တွင် American Society of Clinical Oncology နှင့် American Society of Hematology မှ ယခင် ဥက္ကဋ္ဌဟောင်းလည်း ပါဝင်နေကြောင်း သိရသည်။

"ဒါဟာ ကင်ဆာဝေဒနာသည်တွေအတွက်လုပ်ပေးရမယ့်အပိုင်းပါ။ ကင်ဆာရောဂါကုသရေးပိုင်းမှာ ကျွမ်းကျင်တဲ့သမားတော်တွေ၊ ကင်ဆာရောဂါကို ကုသနိုင်တဲ့ ဆေးဝါးထုတ်လုပ်နေတဲ့သူတွေကို ဆေးဝါးဈေးနှုန်းတွေကို လျှော့ချပေးနိုင်ဖို့အတွက် တစ်ခုခု ပြောင်းလဲပေးနိုင်ဖို့ အချိန်ကို ရောက်နေပါပြီ။ အဲဒီအတွက်လည်း စုပေါင်းအဖြေရှာကြရမှာ ဖြစ်ပါတယ်"ဟုMayo Clinic Hamatologist မှ ဒေါက်တာအာယာလွိတယ်ဖီရီက ပြောကြားခဲ့သည်။

ကင်ဆာရောဂါဝေဒနာကို ခံစားနေရသည့်ဝေဒနာသည်တစ်ဦးအတွက် တစ်နှစ်လျှင် ဆေးဝါးကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ကို အစိုးရက ပံ့ပိုးပေးထားကြောင်း၊ သို့သော် ကင်ဆာဝေဒနာသည်တစ်ဦးအတွက် တစ်နှစ်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ခန့် ရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင် သာမန်မိသားစုတစ်စု၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၂၀၀၀ သာရှိကြောင်း၊ ထို့ကြောင့် ကင်ဆာရောဂါကုသသည့် ဆေးဝါးများ၏ ဈေးနှုန်းများ လျှော့ချရေးနှင့် ဆေးကုသစရိတ်များ လျှော့ချရေးတို့အတွက် တောင်းဆိုနေရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအဖွဲ့က ထုတ်လုပ်သည့် ဆေးဝါးတစ်ခု၏ ဈေးနှုန်းသည် အမေရိကန်အက်ဖ်ဒီအေ၏ ခွင့်ပြုချက်ရရှိပြီးပါက ဈေးကွက်သို့ဖြန့်ဖြူးရောင်းချရန် အတည်ပြုပြီးဖြစ်ရာ အမေရိကန်အက်ဖ်ဒီအေအနေဖြင့် အဆိုပါဈေးနှုန်းများအား ကန့်သတ်သည့်စည်းမျဉ်းများကို ထည့်သွင်းချမှတ်သင့်ကြောင်း ပြောကြားခဲ့သည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၇-၇-၂၀၁၅ မှ ၂-၈-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအတွက် မိမိတတ်စွမ်းသည့်အခြေအနေဖြင့်လုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ ခေတ်နှင့်တစ်ပြေးညီဆောင်ရွက်ရန်လိုအပ်နေသောကြောင့် နည်းသစ်စနစ်သစ်များကိုအသုံးပြုရတတ်ပါသည်။ ရွှေ၊ ငွေ၊ ဘော်၊ သွပ်နှင့်ပတ်သက်သောစီးပွားရေးများအထူးကံကောင်းမှုကြုံတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူ၏ဥပက္ခာပြု ခြင်းကိုခံရတတ်သည်။ အိမ်ထောင်ရှိသူဖြစ်လျှင်မေတ္တာတေးကိုမဆိုနိုင်တော့ဘဲ ဘဝအရေးအတွက်ကြိုးစားနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ကြီးမားသောရောဂါ ဝေဒနာမဖြစ်သော်လည်းတစ်ခါတစ်ရံ စိတ်လေးလံထိုင်းမှိုင်းခြင်း၊ ဇက်ကြောတက်ခြင်း၊ ဦးခေါင်းကိုက်ခဲခြင်းတို့ဖြစ်နေတတ်ပါသည်။ **ယတြာ။ အုန်းဆီလှူပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုရေးတွင်ဖြစ်စေ၊ စီးပွားရေးတွင်ဖြစ်စေမိမိစိတ်တိုင်းကျမိမိစိတ်ဆန္ဒအတိုင်းပေါင်းသင်းဆက်ဆံမှုမပြုတတ်ဖြစ်နေမည်။ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်ပြီးစီးပွားဖြစ်ထွန်းမှု ရှိနေတတ်ပါသည်။ ပညာရေးနှင့်ကျန်းမာရေးရောထွေးမသွားရန်ဂရုစိုက်ရပါမည်။ ကျန်းမာရေးတွင် ရောဂါသစ်များ ရောက်လာခဲ့လျှင် အချိန်မီကြိုတင်၍ကုသရပါမည်။ အချစ်ရေးတွင်မေတ္တာတေးဆိုရန်လက်တစ်ကမ်းတွင်ရှိနေသည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ **ယတြာ။ နွားနို့ဆွမ်းကပ်လှူပါ။**




**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်သောကျော်ကြားမှုဖြစ်ထွန်းမှုများရှိလာမည်။ ငွေကြေးအကျိုးအမြတ်တို့လည်းရရှိလာတတ်ပါသည်။ ဇိမ်ခံပစ္စည်းများ၊ ရော်ဘာပစ္စည်းများအကျိုးပေးကောင်းနေတတ်ပါသည်။ လုပ်ငန်းသဘောအရ စီမံခန့်ခွဲ၍လုပ်ကိုင်ဆောင်ရွက်နေရတတ်ပါသည်။ ပညာရေးတွင် ဆရာကောင်းအနားမှာရှိတတ်သည်။ ကျန်းမာရေးအခြေအနေ ချူချာမှုများရှိနေမည်။ အချစ်ရေးတွင် ဟန်ဆောင်နှလုံးသားနှင့် ဥပက္ခာသမားကိုခင်တွယ်မိတတ်ပါသည်။ **ယတြာ။ စပါးတွဲလှူဒါန်းပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** အနှောင့်အယှက်၊ အဟန့်အတား၊ အပြိုင်အဆိုင်များရှိနေသော စီးပွားရေးလုပ်ငန်းတို့တွင် လူးလွန့်လှုပ်ရှားကြိုးစားနေရတတ်ပါသည်။ ဓာတ်သတ္တု ရှာဖွေရေးလုပ်ငန်းများ၊ ဓာတ်သတ္တုပစ္စည်းများအကျိုးပေးနိုင်ပါသည်။ ကြီးမားသောရည်မှန်းချက်နှင့် ပညာကိုကြိုးပမ်းနေရတတ်ပါသည်။ အချစ်ရေးတွင်ချစ်သူ၏သံသယစကားများပျံ့လွင့်နေတတ်သည်။ ကျန်းမာရေးတွင် ဆိုးဆိုးဝါးဝါးမရှိသော်လည်း အစားအသောက်ဆင်ခြင်မှုအားနည်းခြင်းကြောင့် ရောဂါဝေဒနာခံစားရတတ်သောသဘောရှိပါသည်။ **ယတြာ။ နှင်းသီးလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** မိတ်ဆွေအပေါင်းအသင်း၊ လူမှုပတ်ဝန်းကျင်တို့တွင်ထင်ပေါ်နေတတ်ပါသည်။ လူချစ်လူခင်ပေါများနေမည်။ စီးပွားရေးနှင့်ပတ်သက်သောပေါင်းသင်းဆက်ဆံမှုတို့တွင်လိုက် လျောညီထွေဆက်ဆံတတ်ခြင်းကြောင့် အောင်မြင်မှုများ ရရှိနေတတ်ပါသည်။ ပညာရေးတွင် သအေဘာထားမမှန်သူတို့၏ ဟန့်တားမှုရှိနေတတ်ပါသည်။ သတိလက်လွတ်သွားလာ၊ စားသောက်ခြင်းတို့ကြောင့် ကျန်းမာရေးကိုထိခိုက်စေတတ်ပါသည်။ ချစ်သူတွေ့ရတတ်သည်။ ငယ်ပေါင်းကြီး ဖော်သူငယ်ချင်းများထဲမှသော်လည်းကောင်း၊ စီးပွားရေးနှင့် ဆက်နွယ်သောအသိုင်းအဝိုင်းထဲမှ သော်လည်းကောင်း ချစ်သူတွေ့ရတတ်ပါသည်။ **ယတြာ။ ဆန်လှူပါ။**



**သောကြာသားသမီးများအတွက်** အများလိုက်၍မမှီနိုင်လောက်အောင်အတွေးအခေါ်ကောင်းနေမည်။ စီးပွားရေးလုပ်ငန်းတွင် ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများနှင့်တိုင်ပင်ညှိနှိုင်း၍လုပ်ကိုင်ဆောင်ရွက်ရန်အကြံအစည်များဖြစ်ပေါ်လာတတ်ပါသည်။ အလှကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အကျိုးဆောင်လုပ်ငန်းများအကျိုးပေးကောင်းနေတတ်ပါသည်။ အချစ်ရေးကံသိပ်မကောင်းသေးပါ။ အိမ်ထောင်ရေးတွင် အမှားအယွင်း နည်းတတ်ပါသည်။ ကျန်းမာရေတွင် ဆီး၊ ကျောက်ကပ် စသည်တို့ကိုသတိပြုသင့်ပါသည်။ **ယတြာ။ ဘုရားတွင်ရေသက်စေ့သပ္ပာယ်ပါ။**



**စနေသားသမီးများအတွက်** မကျွမ်းကျင်သောလုပ်ငန်းများကို လုပ်ကိုင်မိသဖြင့်နောင်တရနေမိတတ်သည်။ ဆီနှင့်ဆီထွက်သီးနှံများ၊ ခရီးသွားလုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဇိမ်ခံပစ္စည်းများ၊ ငွေကြေးလဲလှယ်မှုလုပ်ငန်းများကောင်းမွန်တတ်ပါသည်။ ပညာရေးတွင်ကြိုးစားမှ အောင်မြင်မှုရမည်။ ကျန်းမာရေး မကောင်းတတ်ပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးသာယာနေမည်။ **ယတြာ။ ဘယာကျော်လှူပါ။**

# မန္တလေးသကြားကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မန္တလေးသကြားဒိုင် (မြန်မာနိုင်ငံသကြား၊ သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း)မှာ အနယ်နယ် အရပ်ရပ်မှ သကြား၊ သကာရည်လုပ်ငန်းရှင်များ၊ စက်ပိုင်များနှင့် အရောင်းအဝယ်ပြုလုပ်သူများ နေ့စဉ် (ဥပုသ် နေ့မှအပ) အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။

ဇူလိုင်လ စတုတ္ထအပတ်မှာ သကာပွက်ရည် ၆၁၀ ကျပ်-၆၂၀ ကျပ်၊ သကြား A ၁၁၀၀ ကျပ်၊ သကြား B ၁၀၉၀ ကျပ်၊ သကြား C ၁၀၇၀ ကျပ်၊ စက်ကျရည် ၃၈၀ ကျပ်မှ ၄၀၀ ကျပ်ဖြင့် အရောင်း အဝယ်ပြုလုပ် လျက်ရှိကြောင်း သိရပါတယ်။

သကြားကို ပြည်တွင်းဈေးကွက်သာမက ပြည်ပ တရုတ်သို့ မူဆယ်၊ ချင်းရွှေဟော်မှတစ်ဆင့် တင်ပို့လျက်ရှိကြောင်း၊ ဇူလိုင်လအတွင်း နေ့စဉ် သကြားတန်ချိန် ၂၅၀ မှ ၄၀၀ ကြား တင်ပို့မှုရှိကြောင်း၊ မန္တလေးသကြားဒိုင်တွင် နေ့စဉ် သကြားအိတ် (သုံးတင်းအိတ်) ၁၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# ကလေး၀-ယင်းမာပင် အာဆီယံလမ်းဆုံတွင် ပျားရည်စစ်စစ်များရောင်းချလျက်ရှိ

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်ဟာ ယာစိုက်ဧကအများဆုံးမြို့နယ်ဖြစ်ပြီး ယာစိုက်ပျိုးမြေဧက ၂၁၈၂၂၄ ဧကရှိပါတယ်။ ၎င်းစိုက်ဧကများအနက် နှစ်ရှည်သီးနှံပင်အဖြစ် ဆီးစိုက်ပျိုးဧကပေါင်း ၆၈၇၃မှာ ဆီးပင်များ စိုက်ပျိုးလျက်ရှိပါတယ်။ ဆီးစိုက်ခင်းထဲတွင် ရာသီသီးနှံများကို ရာသီအလိုက် သီးထပ်သီးညှပ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။

ဆီးပန်းပွင့်ချိန်မှာ ပျားမွေးမြူရေးသမားများက ဝတ်မှုန်ကူးခြင်းဖြင့် ပျားရည်များ ရရှိရန် ပျားသေတ္တာများ လာရောက်ချတတ်ကြပါတယ်။ တော်သလင်းလဆန်းမှ သီတင်းကျွတ်လကုန်အထိ ပျားရည်ကို ၆၊ ၇ ရက်တွင် တစ်ကြိမ်ထုတ်ယူရပြီး ဆီးခင်းပိုင်ရှင်များက ဝိုင်းဝန်း လုပ်ပေးဆောင်ပေးပါက တစ်ရက်လျှင် ငွေသား ကျပ်သုံး ထောင် (သို့မဟုတ်) ပျားရည် သုံးပုလင်း မိမိကြိုက်နှစ်သက်ရာကို လုပ်အားခအဖြစ် ရယူနိုင်ကြောင်း သိရပါတယ်။

သဘာဝပျားများလည်းရှိသည့်အတွက် ပျားရည်များကို ပလတ်စတစ်အဝကျယ်လေးထောင့်ဘူးများသုံး ကာ ပျားရည်စစ်ကြောင်း အာမခံသည့်အနေဖြင့် ပျားလဘို့ပါထည့်၍ ပျားရည်တစ်ဘူးကို ၄၅၀၀ ကျပ်နှုန်းဖြင့် ကနီမြို့နယ် ချောင်းမကျေးရွာ မုံရွာ-ယာကြီး-ကလေး၀-ယင်းမာပင် အာဆီယံလမ်းဆုံမှာ ရောင်းချကြပါတယ်။

ပျားဖြင့် ဝတ်မှုံကူးခြင်းကြောင့် သီးနှံများအောင်မြင်ဖြစ်ထွန်းမှုရှိသော်လည်း တန်ဆေးလွန်ဘေးဆိုသလို ဆီးတစ်ဧကကို ပျားသေတ္တာ ၅၀ အထက်ပိုချပါက ပျားများ၏ လုယက်ဝတ်မှုန်စုပ်ယူမှုကြောင့် ဆီးအမပွင့်များ ကြွေကျသဖြင့် ဆီးသီးအထွက်နှုန်းလျော့ကျနိုင်ကြောင်း ရှမ်းမြောင်းကျေးရွာမှ ဆီးစိုက်တောင်သူ ဦးသိန်းလွင်က ပြောပြပါတယ်။



**သန်းပို-ယင်းမာပင်**

# အာဆီယံ GAP သင်တန်းဖွင့်လှစ်




Mekong Institute နှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ကြီးမှူး၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်းကာ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့တွင် စနစ်တကျ စိုက်ပျိုးမှုနည်းလမ်းကောင်းများ GAP နှစ်ရက်သင်တန်းကို ဇူလိုင် ၁၈ ရက်နဲ့ ၁၉ ရက်နေ့များမှာ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။ သင်တန်းသို့ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားတောင်သူ ၅၂ ဦး တက်ရောက်ခဲ့ကြပါတယ်။

တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မောင်း၊ ဗဟိုသစ်သီးဝလံအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး အသင်းခွဲဥက္ကဋ္ဌ ဦးကျော်မြင့်တို့က လက်ရှိ အခြေအနေနှင့် GAP စနစ်ကို မြှင့်တင်ပေးရန်လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြောကြားခဲ့ကြပါတယ်။

Mekong Institute မှ ကျွမ်းကျင်သူပညာရှင်တစ်ဦး၊ ဗဟိုသစ်သီးဝလံအသင်း အတွင်းရေးမှူး ဦးဆန်းလင်းနဲ့ နည်းပြများကပို့ချရာမှာ လွတ်လပ်သော ကုန်သွယ်ရေးစနစ်ကို ဖော်ဆောင်ရာ၌ စိုက်ပျိုးရေး ထွက်ကုန်များ၊ ရောင်းဝယ်ဖောက်ကားမှုကို တစ်ပြေးညီဖြစ်စေရန် အာဆီယံ GAP ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း၊ မိမိနိုင်ငံအလိုက် GAP Guideline များ ရေးဆွဲပြဋ္ဌာန်းရခြင်းကြောင့် GAP နည်းစနစ်များကို ပိုမိုသိရှိလာအောင် လုပ်ဆောင်ပေးရန်လိုကြောင်း၊ လိုက်နာဆောင်ရွက်ရမည့် ကျင့်စဉ်များကို အသေးစိတ်ဆွေးနွေးပို့ချကာ ရောင်းချရာတွင် GAP အသိအမှတ်ပြုလက်မှတ်များ လိုလာပြီဖြစ်လို့ ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပါတယ်။

GAP နည်းစနစ်များသည် စားသုံးသူများအတွက် အကာအကွယ်ပေးထားသလို၊ ထုတ်လုပ်သူများအတွက် ခိုင်မာသောဈေးကွက်ကို ဖန်တီးပေးနိုင်မည့် အကျိုးကျေးဇူးများရရှိသဖြင့် ယခုကဲ့သို့သော သင်တန်းများကို သင်တန်းသားဦးရေ တိုးမြှင့်၍ မကြာခဏ ဖွင့်လှစ်ပို့ချပေးစေလိုကြောင်း သင်တန်းသားများက ဆန္ဒပြုကြပါတယ်။

**ရီလင်းထွန်း-မုံရွာ**



# မြို့ကြီးများ၏ ၂၇-၇-၂၀၁၅ မှ ၃၁-၇-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၇-၇-၂၀၁၅) | အင်္ဂါ(၂၈-၇-၂၀၁၅) | ဗုဒ္ဓဟူး(၂၉-၇-၂၀၁၅) | ကြာသပတေး(၃၀-၇-၂၀၁၅) | သောကြာ(၃၁-၇-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F |
| ရန်ကုန်မြို့ | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F |
| မန္တလေးမြို့ | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F | ၄၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၄°F |
| မြစ်ကြီးနား | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၇°C/၈၁°F |
| လားရှိုး | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F |
| ကျိုင်းတုံ | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၆၀% ၂၇°C/၈၀°F |
| လွိုင်ကော် | ၆၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၇၀% ၂၁°C/၇၀°F | ၆၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၄°F |
| တောင်ကြီး | ၈၀% ၁၉°C/၆၇°F | ၈၀% ၁၉°C/၆၆°F | ၇၀% ၁၉°C/၆၆°F | ၆၀% ၁၇°C/၆၃°F | ၆၀% ၁၈°C/၆၄°F |
| မော်လမြိုင် | ၉၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F |
| ဘားအံ | ၉၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၈°F | ၇၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၂°F |
| တောင်ငူ | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၀°F |
| မုံရွာ | ၇၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၅°F |
| ပုသိမ် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F |
| မြိတ် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၅°F | ၄၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F |
| စစ်ကွေ | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F |
| မကွေး | ၇၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၅၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်ထူထပ် ၃၁°C/၈၈°F |
| ဖလမ်း | ၉၀% ၁၉°C/၆၇°F | ၈၀% ၁၉°C/၆၇°F | ၈၀% ၂၀°C/၆၈°F | ၈၀% ၁၉°C/၆၇°F | ၈၀% ၂၀°C/၆၈°F |

## အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဟာလိုလာ ဂျပန်နိုင်ငံရှိ အိုကီနာဝါကျွန်းကို ဖြတ်သန်းတိုက်ခတ်ပြီး တောင်ပိုင်းသို့ ဆက်လက်ရွေ့လျားသွား

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဟာလိုလာသည် ဂျပန်နိုင်ငံတောင်ပိုင်းရှိ အိုကီနာဝါကျွန်းကို ဖြတ်သန်းတိုက်ခတ်ကာတောင်ဖက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး Ryukyu ကျွန်းသို့ ဦးတည်လျက်ရှိကြောင်းသိရသည်။ အဆိုပါ ဟာလိုလာတိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သည့် ၁၂လုံးမြောက် မုန်တိုင်းဖြစ်ကြောင်း စကိုင်းမက်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ယင်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းဖြစ်ပြီး ဂျပန်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း ဝင်ရောက်နိုင်ဖွယ်ရာရှိကြောင်းဖြင့် Accu မိုးလေဝသဌာနမှ မိုးလေဝသပညာရှင် အဲရစ်လီစက်စတာက ပြောကြားခဲ့သည်။ တိုင်ဖွန်းမုန်တိုင်းဟာလိုလာသည် အဆင့်(၁)ရှိသည့်အင်အားပြင်းမုန်တိုင်းတစ်ခုဖြစ်ကြောင်း၊ အိုကီနာဝါကျွန်းကို ဖြတ်သန်းတိုက်ခတ်စဉ် မုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၆၀နှုန်းဖြင့် တိုက် ခတ်ခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းသည် ဆက်လက်ရွေ့လျားခဲ့ပြီး တောင်ဘက်ရှိ Ryukyu ကျွန်းကိုဖြတ်သန်း၍ တိုက်ခတ်နိုင်ကြောင်း ဂျပန်နိုင်ငံမိုးလေဝသဌာနမှ ခန့်မှန်းထားသည်။ အဆိုပါမုန်တိုင်းသည် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများကို ဖြတ်သန်းသွားနိုင်ကြောင်းခန့်မှန်းထားသည်။

မုန်တိုင်း ဟာလိုလာသည် ယခင် ရက်သတ္တပတ်အတွင်းက တိုက်ခတ်ခဲ့သည့် အင်အားပြင်းမုန်တိုင်းနန်ကာ လောက် မပြင်းထန်သော်လည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် အိုကီနာဝါကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျခြင်း၊နေအိမ်များ ပျက်စီးခြင်း၊ ရေလွှမ်းမိုးခြင်းတို့ကို ခံစားခဲ့ရကြောင်းဖြင့် စကိုင်းမက်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းဟာလိုလာသည် ဂျပန်နိုင်ငံသို့စတင်ဝင်ရောက်ခဲ့ပြီး အတည့်မသွားဘဲ လေးကိုင်းသဏ္ဍာန်ဖြတ်သန်းသွားသဖြင့် တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်ခြင်းမရှိကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုများကြောင့် ကောက်ပဲသီးနှံနှင့်လမ်းများ ပျက်စီးဆုံးရှုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ Chitral တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူ ၂၈ ဦး သေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း၊ လူပေါင်းငါးသိန်းကျော်မှာ ရေဘေးဒုက္ခကို ခံစားနေရကြောင်း၊ Chitral မြို့အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာအများအပြားမှာ ရေအောက်သို့ ရောက်ရှိခဲ့ကြောင်းဖြင့် ဘီဘီစီသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

Chitral မြို့အနောက်မြောက်ပိုင်းရှိ အဓိကလမ်းမကြီးများပျက်စီးခဲ့ရသဖြင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရကြောင်း၊ ထို့ပြင် အဆိုပါဒေသရှိ ကောက်ပဲသီးနှံများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယခုအချိန်အထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်းအထိရှိနေပြီဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုးထပ်မံမြင့်တက်လာနိုင်ကြောင်းဖြင့် Chitral ရှိ ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဇူလိုင်လ ၁၅ ရက်နေ့ကတည်းက မိုးရွာသွန်းခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်သတ္တပတ်အထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း ပါကစ္စတန်မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

မိုးရွာသွန်းမှုကြောင့် အာဆွန် ဂိုးလ်ဒေသတွင် ဆည် ၁၁ ခု၊ မိုက်ခရို ဟိုက်ဒရိုလျှပ်စစ်ဓာတ်အားပေးစနစ် သုံးခု၊ မြို့ရေပေးဝေရေးစီမံကိန်းလေးခု ပျက်စီးဆုံးရှုံးခဲ့ရကြောင်းဖြင့် အာဆွန်ဂိုးလ်ဒေသမှတာဝန်ရှိသူများ၏အစီရင်ခံစာအရ သိရသည်။

ပါကစ္စတန်နိုင်ငံ၏မြို့တော် အစ္စလာမာဘတ်မြို့၊ လာဟိုးမြို့နှင့် ရာဝါပင်ဒီမြို့ရှိ ဆင်ခြေဖုံးဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကြောင်းဖြင့် ပါကစ္စတန် ကြက်ခြေနီအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ဇွန်လမှ စက်တင်ဘာလအထိသည် မိုးရာသီကာလဖြစ်ရာ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ပန်ဂျပ်ပြည်နယ်နှင့် ကက်ရှ်မီးယားပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။

ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် နာဝါ့ဇ်ရှရစ်ဖ်က အမေရိကန်ဒေါ်လာ ငါးသန်းခန့်တန်ဖိုးရှိသည့် အကူအညီများပေးမည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ်သို့ရောက်ရှိစဉ် မီဒီယာများအား ပြောကြားခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.28 Monday July 27 2015



## မြန်မာ့လက်ရွေးစင်ယူ-၁၆အသင်း၏ နည်းပြချုပ်အဖြစ် အဲရစ်ဝီလုံ့အား တစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆို

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ်အဖြစ် အဲရစ်ဝီလုံ့ကို တစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

စာချုပ်ပါအချက်အလက်များအရ အဲရစ်ဝီလုံ့သည် ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၉ ရက်အထိကျင်းပမည့် ၂၀၁၅ အာဆီယံယူ-၁၆ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်း၏ နည်းပြချုပ်အဖြစ် အဓိကတာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး မန္တလေးဘောလုံးအကယ်ဒမီအတွက် လူငယ်ကစားသမားများအားရွေးချယ်ရေးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထောက်ကူမှုတာဝန်များပါ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျလူမျိုး အဲရစ်ဝီလုံ့သည် ၂၀၀၉ခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်း၏ အကယ်ဒမီတွင် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၁နှင့် ၂၀၁၂ ခုနှစ်တို့တွင် ရန်ကုန်ယူနိုက်တက်အသင်းတွင် နည်းပြအဖြစ် တာဝန်ယူခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အသင်းနှင့် လမ်းခွဲခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ တစ်ကျော့ပြန်လည်ရောက်ရှိကာ တာဝန်ယူခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲအသင်းနှင့် လမ်းခွဲခဲ့သည်။

"ကျွန်တော့်ကို ဥက္ကဋ္ဌက ယူ-၁၆ အသင်းအတွက် ကမ်းလှမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ယူ-၂၃အသင်းရဲ့ဆီးဂိမ်း အောင်မြင်မှုနဲ့ ယူ-၂၀အသင်းရဲ့ကမ္ဘာ့ဖလားကို သွားရောက်ယှဉ်ပြိုင်ခဲ့တာတွေက ဒီကိုပြန်လာဖို့ ကျွန်တော့်ကို ဆွဲဆောင်စေတဲ့အရာတွေပါ။ မြန်မာလူငယ်ဘောလုံးကစားသမားလေးတွေအနေနဲ့ တိုးတက်လာတယ်လို့ ထင်ပါတယ်။ ရန်ကုန်အသင်းမှာတုန်းက ကြည် လင်းတို့၊ စည်သူအောင်တို့ စတဲ့ကစား သမားတွေကို မွေးထုတ်ပေးနိုင်ခဲ့လို့ ယူ -၁၆မျိုးဆက်တွေကိုလည်းတိုးတက်လာအောင် လုပ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟုအဲရစ်ဝီလုံ့က ပြောကြားခဲ့သည်။

## မြန်မာအမျိုးသမီးအသင်းနှင့် တရုတ်ကလပ်အသင်းများ ခြေစမ်းပွဲ သုံးပွဲခန့်ကစားရန်စီစဉ်

ဘရာဇီးနိုင်ငံ၌ကျင်းပမည့် ၂၀၁၆ ရီအိုဒီဂျနေးရိုး နွေရာသီအိုလံပစ်ပြိုင်ပွဲအတွက်ဒုတိယအဆင့် ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားရမည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်နိုင်ငံမှ အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲခန့်ကစားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာအမျိုးသမီး အသင်းသည် အဆိုပါတရုတ်နိုင်ငံခြေစမ်းခရီးစဉ်ကို လာမည့်စက်တင်ဘာ ၁ရက်မှ ၉ ရက်အထိသွားရောက်၍ တရုတ်ကလပ်အသင်းများနှင့်ပူးပေါင်းကာလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့နောက်ခြေစမ်းပွဲများကိုပါ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်အပြီးတွင် ပြိုင်ပွဲကျင်းပမည့် မန္တလေးမြို့သို့ တိုက်ရိုက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသမီးအသင်းရဲ့ ပြိုင်ပွဲကို မန္တလေးမြို့မှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမှာ ဖြစ်တဲ့အတွက် အရင်ဆုံး မန္တလေးကိုသွားပြီး လေ့ကျင့်မယ်။ ပြီးရင် စက်တင်ဘာ ၁ရက်မှ ၉ ရက်အထိ တရုတ်နိုင်ငံကို ခြေစမ်းခရီးစဉ်သွားမယ်။ ပူးပေါင်းလေ့ကျင့်မှုတွေရော သူတို့ဆီက ကလပ်အသင်းတွေနဲ့ ခြေစမ်းပွဲတွေပါ ကစားမယ်။ အနည်းဆုံး သုံးပွဲလောက်ကစားဖြစ်အောင် စီစဉ်ထားပါတယ်။ ပြိုင်ပွဲက ၁၄ရက်နေ့မှ စမှာဆိုတော့ ပြီးတာနဲ့မန္တလေးကို တိုက်ရိုက် ပြန်မှာပါ။ အသင်းမှာ ဒဏ်ရာရကစားသမားတွေရှိနေပေမယ့် နည်းပြနဲ့ တိုင်ပင်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြင်ဆင်သွားမှာပါ"ဟု အသင်းအုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးက ပြောကြားခဲ့သည်။

အမျိုးသမီးအိုလံပစ် ခြေစစ်ပွဲဒုတိယအဆင့်ပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက်မှစတင်ကာ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် ဗီယက်နမ်၊ ဂျော်ဒန်၊ တရုတ်(တိုင်ပေ)၊ ထိုင်းအသင်းတို့နှင့် အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စုပထမရရှိသည့်အသင်းတစ်သင်းသာ တတိယအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

## အာဆီယံယူ-၁၆ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၆အသင်း ဖနွမ်းပင်သို့ ထွက်ခွာ



ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ကျင်းပမည့်အာဆီယံယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆လက်ရွေးစင် အသင်းသည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့သို့ ဇူလိုင်လ ၂၅ရက်နေ့က ထွက်ခွာသွားပြီ ဖြစ်သည်။

မြန်မာယူ-၁၆အသင်းပါဝင်ယှဉ်ပြိုင်မည့် အာဆီယံယူ-၁၆ချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စုနှစ်စုပါဝင်နေကာ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်စုစီမှ အုပ်စုပထမနှင့် အုပ်စု ဒုတိယအသင်းတို့သည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ကြမည်ဖြစ်သည်။

အုပ်စု(က)တွင် မလေးရှား၊ဗီယက်နမ်၊ လာအို၊တီမော၊ ဘရူနိုင်းနှင့် ထိုင်းအသင်းတို့ပါဝင်ပြီး အုပ်စု(ခ)တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဩစတြေးလျနှင့် မြန်မာအသင်းတို့ ပါဝင်နေကြသည်။

အဆိုပါပွဲစဉ်များအား ဖနွမ်းပင်မြို့ရှိ အာမီအားကစားပြိုင်ဝင်းနှင့် အိုလံပစ် အားကစားပြိုင်ဝင်းတို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၁၆အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် စင်ကာပူ ယူ-၁၆ အသင်းနှင့် ဇူလိုင်လ ၁၈ ရက်နေ့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆အသင်းတွင် နည်းပြချုပ်အဖြစ် အဲရစ်ဝီလုံ၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မောင်ဝင်းနှင့် ဦးအောင်ကျော်ထွန်းတို့က တာဝန်ယူကြမည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးမျိုးဝင်းညွန့်ကတာဝန်ယူမည်ဖြစ်သည်။

မြန်မာ ယူ-၁၆အသင်းတွင် (ဂိုး) ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ဟန်နိုင်စိုး၊(နောက်)အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ၊ မင်းမြတ်သူ၊ ဟိန်းစိုး၊ သူရဆန်း၊ ဘိုဘိုအောင်၊ အောင်အောင်ဇင်၊ သက်ပိုင်ထွေး၊ (လယ်) ပြည့်စုံနိုင်၊ အာကာကျော်၊ ထွန်းစိုင်၊ ဖုန်းမင်းခန့်၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ ကောင်းထက်ကျော်၊ (ရှေ့) ကျော်ကျော်ထက်၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်၊ သက်ပိုင်ထူး၊ အောင်ချစ်ဦးကိုကိုတို့ ဖြစ်ကြသည်။

မြန်မာ ယူ-၁၆အသင်းသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၅ခုနှစ်တို့တွင် နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ဖူးသည်စံချိန်ရှိခဲ့ကာ ၂၀၀၆ ခုနှစ်တွင် ဒုတိယ၊ ၂၀၁၁ ခုနှစ်တွင် တတိယရရှိခဲ့သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ်တွင် အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။

**မြန်မာအသင်းပါဝင်သည့်အုပ်စု(ခ)ပွဲစဉ်များ**

| | | | |
|---|---|---|---|
| ၂၈-၇-၁၅ | စင်ကာပူ | - | မြန်မာ |
| | ဖိလစ်ပိုင် | - | ကမ္ဘောဒီးယား |
| ၃၀-၇-၁၅ | စင်ကာပူ | - | ဖိလစ်ပိုင် |
| | ကမ္ဘောဒီးယား | - | ဩစတြေးလျ |
| ၁-၈-၁၅ | မြန်မာ | - | ဖိလစ်ပိုင် |
| | ဩစတြေးလျ | - | စင်ကာပူ |
| ၃-၈-၁၅ | ကမ္ဘောဒီးယား | - | စင်ကာပူ |
| | မြန်မာ | - | ဩစတြေးလျ |
| ၅-၈-၁၅ | ဩစတြေးလျ | - | ဖိလစ်ပိုင် |
| | မြန်မာ | - | ကမ္ဘောဒီးယား |

## ရောမြန်မာအာမခံမှ မြန်မာ့လက်ရွေးစင် ယူ-၁၆အသင်းသို့ ကျပ်ငွေသိန်းငါးရာ ကူညီပံ့ပိုး




ရောမြန်မာ အာမခံကုမ္ပဏီသည် လူငယ်ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းအား ကျပ်ငွေသိန်းငါးရာ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။ အဆိုပါ ကူညီပံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၀ရက်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးခန်းတည်ရှိရာ Goal Hotel တွင် ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ရောမြန်မာအာမခံကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးမင်းသူက "ကျွန်တော်တို့ ရောမြန်မာအနေနဲ့(၂၈)ကြိမ်မြောက်ဆီးဂိမ်းကြီးစတင်ကတည်းက ကစားသမားတွေရဲ့ကိုယ်လက်အင်္ဂါ ထိခိုက်မှုအတွက် အာမခံပေးတဲ့လုပ်ငန်းတွေကို စတင်လုပ်ပေးခဲ့ပါတယ်။ အခုတော့ မြန်မာယူ-၁၆အသင်းကို ပံ့ပိုးကူညီဖို့ ဆုံးဖြတ်ခဲ့ပါတယ်။နောင်တစ်ချိန်မှာ မြန်မာယူ- ၁၆အသင်းမှ ကစားသမားတွေဟာ လက်ရွေးစင်ကစားသမားတွေ ဖြစ်လာပါလိမ့်မယ်။ ဒီလိုအနာဂတ်မြန်မာ့လက်ရွေးစင်အသင်းအတွက် အရေးကြီးတဲ့ မြန်မာ ယူ-၁၆အသင်းကို နိုင်ငံတကာအသင်းတွေနဲ့တန်းတူ အဆင့်မီမီ ကစားနိုင်စေဖို့အတွက် အခုလိုထောက်ပံ့ကူညီရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ရောမြန်မာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းသူက မြန်မာယူ-၁၆အသင်းအတွက် ကူညီပံ့ပိုးငွေကျပ်သိန်းငါးရာကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က လက်ခံရယူခဲ့သည်။

မြန်မာယူ-၁၆ အသင်းအနေဖြင့် ယခုအခါတွင် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့သို့ ထွက်ခွာသွားပြီဖြစ်သည်။

# တိုင်ဆန်ဖျူရီနှင့် ဝလာဒီမာတို့ အောက်တိုဘာ ၂၄ရက်တွင် ဂျာမနီ၌ ယှဉ်ပြိုင်ထိုးသတ်မည်
# ဝလာဒီမာကို စွမ်းအားရှိသရွေ့ ယှဉ်ပြိုင်မည်ဟု ဖျူရီ ကတိစကားဆို

ယူကရိန်းနိုင်ငံ၏လက်ဝှေ့ချန်ပီယံ ဝလာဒီမာကလစ်ချ်ကိုနှင့် ယူနိုက်တက်ကင်းဒမ်း၏လက်ဝှေ့ကျော်တိုင်ဆန်ဖျူရီတို့သည် လာမည့် အောက်တိုဘာလ ၂၄ ရက်တွင် ဂျာမနီနိုင်ငံ၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ လက်ဝှေ့ပွဲဖြစ်မြောက်ရန် ပက်ကွီအိုနှင့် မေဝဲသားတို့၏စိန်ခေါ်ပွဲပြီးကတည်းက စီစဉ်ခဲ့သော်လည်း ယခုမှသာ ရက်အတိအကျသတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။



ရင်းယှဉ်ပြိုင်ထိုးသတ်ပွဲကို ဂျာမနီနိုင်ငံ၊ ဒပ်ဆယ်ဒေါ့ဖ်ရှိ အက်စ်စပရစ်အေရီယာနာတွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ထုတ်ဖော်ကြေညာခဲ့သည်။

ဗြိတိသျှကြေးစား လက်ဝှေ့သမားတစ်ဦးဖြစ်သူ ဂျိုအာရှာကဖျူရီအနေဖြင့် ဝလာဒီမာကို အနိုင်ရရန်မှာ ၄၀ ရာခိုင်နှုန်းသာရှိကြောင်း ဝေဖန်ပြောကြားခဲ့သည်။ သို့သော်ဖျူရီက မိမိတွင်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝလာဒီမာကို ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဝလာဒီမာနှင့်ဖျူရီတို့၏ပထမဆုံးတွေ့ဆုံခဲ့သည့် စာချုပ်ချုပ်ဆိုပွဲတွင် ဝလာဒီမာက ဖျူရီအား ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ နှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် မည်ကဲ့သို့ခံစားရပါသနည်းဟု ဖျူရီအား မေးမြန်းခဲ့သည်။

ဝလာဒီမာ၏ အမေးစကားကို ဖျူရီက "မင်းနဲ့ ယှဉ်ပြိုင်ထိုးသတ်တဲ့အခါမှာ အနိုင်ရဖို့အတွက် ငါ စစ်ဆင်ရေးတစ်ခု ဆင်နွှဲသလိုမျိုး စဉ်းစားထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ တကယ့်ကို ပျင်းရိလေးတွဲ့နေတဲ့ အဖိုးကြီးတစ်ယောက် ဖြစ်နေလို့ပဲ၊ မင်းကို ငါ့ဆီမှာရှိတဲ့ခွန်အားတွေနဲ့ အနိုင်ရအောင် ထိုးသတ်မှာပါ" ဟု ပြောကြားခဲ့သည်။

ရင်းတို့နှစ်ဦး၏ စာချုပ်ချုပ်ဆိုပွဲနှင့် တွေ့ဆုံပွဲကို မီဒီယာများ၏ရှေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဖျူရီသည် မီဒီယာများ၏ရှေ့မှောက်တွင်ပင် ဝလာဒီမာအား ရိုင်းစိုင်းသည့်စကားလုံးများဖြင့် ပြောကြားခဲ့သည်ဟု မီဒီယာများက ထုတ်ဖော်ရေးသားခဲ့သည်။

ထို့ပြင် ဖျူရီက ဝလာဒီမာ၏ရှေ့ရှိ စားပွဲပေါ်တွင် ချထားသည့် ချန်ပီယံအမှတ်တံဆိပ်ဖြစ်သည့် ဆုတံဆိပ်ခါးပတ်များအား ကြည့်ပြီး "မင်းရဲ့ဒီဆုတံဆိပ်တွေကိုလည်း ငါဂရုမစိုက်သလို ငွေ ကိုလည်း ဂရုမစိုက်ဘူး။ ငါ့ရဲ့သမိုင်းဆုံးခန်းတိုင်တဲ့အထိသွားမှာ၊ ငါ့ရဲ့သေတမ်းစာမှာပါတဲ့အချက်တွေ အဲဒါတွေအားလုံးကို ငါဂရုမစိုက်ပါဘူး။ ငါဂရုစိုက်တာ တစ်ခုကတော့ မင်းရဲ့မျက်နှာကြီးကိုလက်သီးနဲ့ အားရပါးရထိုးပစ်ချင်တာ ပါပဲ။ မင်းကို ငါ လုံးဝမကြောက်သလို မင်းကိုလည်း စူပါတစ်ယောက်လို့ မသတ်မှတ်နိုင်ပါဘူး"ဟု ပြောကြားခဲ့သည်။

အားကစားစိတ် ပညာဆိုင်ရာဗေဒပညာရှင်တစ်ဦးဖြစ်သူ ဝလာဒီမာက ဖျူရီအား Therapy ဟုသာ ထပ်ခါတလဲလဲပြောနေခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

# ဘီယန်ချီ၏ ယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ အသေးစိတ်ထုတ်ဖော်

ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဂျပန်ဂရင်းပရီ ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲတွင် ကရိန်းကားအား ဝင်ရောက်တိုက်ခဲ့သဖြင့် ဦးနှောက်သေသွားခဲ့သည့် ပြင်သစ်လူမျိုးကားမောင်းချန် ပီယံ ဘီယန်ချီသည် ပြီးခဲ့သည့် ဇူလိုင် ၁၇ ရက်က ကွယ်လွန်သွားခဲ့သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲတွင် ဘီယန်ချီသည် တစ်နာရီလျှင် ၁၃၂မိုင်နှုန်းဖြင့် မောင်းနှင်လာခဲ့ရာ မိုးရွာသွန်းထားသဖြင့် စိုစွတ် ချောမွတ်နေသည့် လမ်းပေါ်တွင် လမ်းချော်ကာ လမ်းပြုပြင်ရန်ရပ်ထားသည့် ကရိန်းကားအား ဝင်ရောက်တိုက်မိခဲ့ကာ ကိုးမားရောဂါကို ကိုးလကြာခံစားခဲ့ရသည်။



ဘီယန်ချီ မသေဆုံးမီတစ်ရက်အလိုတွင် ၎င်းယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင် ထွက်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာသည် စာမျက်နှာ ၃၉၆မျက်နှာရှိပြီး ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲဝင်သူများအတွက် အလွန်ပင် ထိတ်လန့်စရာကောင်းသည့် အစီရင်ခံစာပင်ဖြစ်သည်ဟုဆိုသည်။

အဆိုပါအစီရင်ခံစာအရ ဘီယန်ချီသည် စတင်ထွက်ခွာချိန်တွင် ၎င်းထိုင်သည့်နေရာမှအပေါက်ကို မပိတ်မိခြင်း၊ အလံဝါနှစ်ချောင်း ထောင်ပြသည့်နေရာတွင် အရှိန်လျှော့မောင်းရန် ပျက်ကွက်ခဲ့ခြင်းတို့သည် ဘီယန်ချီအား ယာဉ်မတော်တဆမှု ဖြစ်ပွားစေသည့်အချက်များပင်ဖြစ်သည်ဟု ဆိုသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက်ဘီယန်ချီသည် ကိုးမားရောဂါကို ကိုးလကြာခံစားခဲ့ရပြီး ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာတွင်ပါဝင်သည့်အချက်များအရ ဘီယန်ချီသည်၆ဒသမ ၈တန်လေးသည့်ကရိန်းကားကို အချိန် ၂ ဒသမ ၁၆ စက္ကန့်အတွင်း တစ်နာရီလျှင် ၇၈ မိုင်နှုန်းဖြင့် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဘီယန်ချီ၏ကားသည် လေထဲသို့ လေးမီတာခန့်မြောက်တက်သွားပြီး ကရိန်းကားနှင့်နှစ်မီတာအကွာတွင် ပြုတ်ကျသွားခဲ့ကြောင်း၊ အဆိုပါအရှိန်ကြောင့် ဘီယန်ချီ၏ဟဲလ်မက်မှာလည်း အဝေးသို့လွင့်စင်သွားခဲ့သဖြင့် ဦးခေါင်းတွင် ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ကာ ကိုးမားရောဂါကိုခံစားခဲ့ရခြင်းဖြစ်ကြောင်း၊ ဘီယန်ချီ၏ ဦးခေါင်းပေါ်သို့ ကရိန်းပြုတ်ကျခဲ့ခြင်း မရှိသော်လည်း ကားသည် ပက်လက်လန်ပြုတ်ကျခဲ့သည့်အတွက် ကရိန်းပြုတ်ကျသည်နှင့် မခြားဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်းအဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။


# ကက်ဒီအဖြစ် ရှစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည့် ဖခင်ဖြစ်သူကို ကျေးဇူးဆပ်နိုင်ခဲ့၍ ချယ်လာချွိုင်းကျေနပ်

တောင်ကိုရီးယားဂေါက်သီးမယ် ချယ်လာချွိုင်း(၂၄နှစ်)သည် အိုဟိုင်းအိုး၌ ကျင်းပခဲ့သည့်မာရသွန်ကလပ်စစ်ပြိုင်ပွဲတွင် ကျင်းပိုကစားပြီး အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ချယ်လာချွိုင်းနှင့် တစ်နိုင်ငံတည်းသူ ယန်ဟာနာတို့နှစ်ဦးသည် နောက်ဆုံးနေ့ပွဲစဉ်အပြီးတွင် စုစုပေါင်းရိုက် ချက်၂၇၀ထက်၁၄ ချက်စီလျှော့ရိုက်နိုင်ခဲ့ပြီး ရိုက်ချက်တူညီနေခဲ့သည်။ ထို့ကြောင့်Play-off ကစားခဲ့ရပြီး ပထမဆုံးကျင်းပိုမှာ ပင်ချယ်လာချွိုင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကျင်းအမှတ်၁၈(ပါ၅)ကျင်း၌ ကစားခဲ့သောကျင်းပိုတွင် ယန်ဟာနာက တစ်ချက်ပိုရိုက်ခဲ့သဖြင့် ချယ်လာချွိုင်းက ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ချယ်လာချွိုင်းအတွက် LPGA Tour ပြိုင်ပွဲတစ်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ထိုသို့အောင်မြင်မှုရရန် ခုနစ်နှစ်ကြာစောင့်ဆိုင်းခဲ့ရသည်။ ကမ္ဘာ့အဆင့်-၄၀ တွင် ရပ်တည်နေသောချယ်လာချွိုင်းက ယခုလိုဗိုလ်စွဲခဲ့ခြင်းအတွက်မယုံနိုင်အောင်ဖြစ်မိပြီး အိပ်မက်များအမှန်တကယ်ဖြစ်လာခဲ့ကြောင်း၊ နည်းပြဖြစ်သူ Jae Jang နှင့် ကက်ဒီအဖြစ် အပျော်တမ်းဘဝကတည်းက ဆောင်ရွက်ပေးခဲ့သည့် ဖခင်ဖြစ်သူအားကျေးဇူးတင်ရှိကြောင်း၊ ရှစ်နှစ်ကြာ ကက်ဒီအဖြစ်ဆောင်ရွက်ပေးခဲ့သည့် ဖခင်ဖြစ်သူ၏ကျေးဇူးကို တုံ့ပြန်နိုင်ခဲ့သဖြင့် ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

ချယ်လာချွိုင်းသည် အသက် ၁၁ နှစ်သမီးအရွယ်ကတည်းကပင် ဂေါက်သီးရိုက်ကစားနည်းကို စတင်ကစားခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ နယူးဇီလန်ဂေါက်သီးမယ် လိုင်ဒီယာကိုမှာပူးတွဲတတိယသာရရှိခဲ့သည်။

# အယူခံလွှာကျရှုံး၍ တောင်ကိုရီးယား ဂေါက်သီးချန်ပီယံ ဘေဆန်မွန်း စစ်မှုထမ်းရမည်



တောင်ကိုရီးယားနိုင်ငံ၏ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းချက်ကြောင့် တောင်ကိုရီးယားနိုင်ငံမှ ဂေါက်သီးချန်ပီယံ ဘေဆန်မွန်းသည် တောင်ကိုရီးယားစစ်တပ်တွင် စစ်မှုထမ်းရတော့မည်ဖြစ်သည်။

ဘေဆန်မွန်းသည် တောင်ကိုရီးယားနိုင်ငံအတွက် နိုင်ငံ့ဂုဏ်ဆောင်ဂေါက်သီးကစားသမားတစ်ဦးဖြစ်ပြီး ပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်ကြိမ်တိုင်ချန်ပီယံဖြစ်ခဲ့ဖူးသူတစ်ဦးဖြစ်သည်။ သို့သော် တောင်ကိုရီးယားနိုင်ငံတွင် အရွယ်ရောက်ပြီး ကျန်းမာသန်စွမ်းသည့် အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်းရှိ အမျိုးသားများသည် တောင်ကိုရီးယားစစ်တပ်တွင် နှစ်နှစ်ကြာမျှ စစ်မှုတာဝန်များကိုထမ်းဆောင်ရန် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသဖြင့် အဆိုပါဥပဒေအရ ဘေဆန်မွန်းသည်လည်း စစ်မှုတာဝန်များကို ထမ်းဆောင်ရတော့မည်ဖြစ်သည်။

စစ်မှုထမ်းဆောင်ရန် အမိန့်စာရောက်ရှိခဲ့ပြီးနောက် ဘေဆန်မွန်းသည် စစ်မှုထမ်းဆောင်ရပါက ၎င်း၏ဂေါက်သီးရိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသည့်အလုပ်မှာ နှောင့်နှေးကြန့်ကြာသွားနိုင်ကြောင်း အသနားခံလွှာတစ်စောင်ကို တင်ပြခဲ့သော်လည်း Dague တရားရုံးက ပယ်ချခဲ့သည်။

အမေရိကန်တွင် အခြေချနေထိုင်လျက်ရှိသည့် ဘေဆန်မွန်းက အမေရိကန်နိုင်ငံနှင့် ကမ္ဘာတစ်လွှားရှိ ၎င်းကိုအားပေးသည့်ပရိသတ်များအား စစ်မှုထမ်းရမည့်အကြောင်းကို အသိပေးပြောကြားခဲ့ပြီး ၎င်းအနေဖြင့် အဆိုပါအမိန့်စာကို လက်မခံချင်ဘဲ လက်ခံလိုက်ရပြီဟု ယွန်ဟပ်သတင်းစာမှတစ်ဆင့် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင်ကျင်းပလျက်ရှိသည့် ဂေါက်သီးပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ဘေဆန်မွန်းသည် လက်ကျန်ပြိုင်ပွဲများရှိနေသေးသော်လည်းဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်တော့မည်မဟုတ်ကြောင်း၊ ၎င်းထံသို့ စစ်မှုထမ်းရန် နှိုးဆော်စာများ ထပ်မံရောက်ရှိနေပြီဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံသားတစ်ယောက်အနေဖြင့် ဂေါက်သီးရိုက်ခြင်းသည်ပင်လျှင် ၎င်း၏နိုင်ငံသားတာဝန်ဟု မှတ်ယူထားပါကြောင်းပြောကြားခဲ့သည်။

ယခုအခါတွင် ဘေဆန်မွန်းသည် ကနေဒါနိုင်ငံ၊ အွန်တေရီယိုမြို့တွင်ကျင်းပလျက်ရှိသည့် RBC ကနေဒီယံအိုးပင်းပြိုင်ပွဲမှ နုတ်ထွက်ရတော့မည်ဖြစ်သည်။ သို့သော် ကိုရီးယားနိုင်ငံသို့ ပြန်မည့်နေ့ရက်ကိုမူ ၎င်းက ထုတ်ဖော်ပြောကြားခြင်းမပြုသေးကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဘေဆန်မွန်း၏ဖြစ်ရပ်ကြောင့် ပီဂျီအေတိုးပြိုင်ပွဲများ၏ စည်းမျဉ်းဥပဒေသတ်မှတ်ချက်များကို ပြင်ဆင်ရတော့မည်ဖြစ်သည်ဟုဆိုသည်။ ဂေါက်သီးသမားတစ်ဦးသည် ၎င်းပြိုင်ပွဲဝင်နေစဉ်အတွင်း ယခုကဲ့သို့ စစ်မှုထမ်းခြင်းမျိုးဖြစ်ပေါ်လာပါက စစ်မှုထမ်းပြီးသည့်အခါ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါက စစ်မှုမထမ်းခင်ကရှိခဲ့သည့်နေရာမှပင်စတင်၍ ကစားရန်ဟူသည့် အချက်ကိုထည့်သွင်းဖော်ပြရန်ဖြစ်ကြောင်း၊ အဆိုပါအချက်ကို လာမည့်ရက်အတွင်း အတည်ပြုနိုင်မည်ဖြစ်သည်ဟုဆိုသည်။

# STANDARD PROFESSIONAL မျိုးဆက်သစ်များဖွံ့ဖြိုးမှ စီးပွားရေးတိုးတက်မယ်

|ဒေါက်တာသစ်သစ်လွင်|



ဖလော်ရီဒါနည်းပညာတက္ကသိုလ်ရဲ့ အွန်လိုင်းစာမျက်နှာပေါ်မှာ တင်ထားတဲ့ သတင်းတစ်ပုဒ်မှာအရည်အသွေးအာမခံရေးမန်နေဂျာ (Quality Assurance Manager) အလုပ်အကိုင်မျိုးဟာ အနာဂတ်မှာ မှန်မှန်ဖွံ့ဖြိုးတိုးတက်လာဖို့ရှိတယ်လို့ အမေရိကန်အလုပ်သမားစာရင်းအင်းအဖွဲ့ရဲ့ အချက်အလက်ကိုကိုးကားပြီး ဖော်ပြထားတာတွေ့ပြီး ဒီဆောင်းပါးလေးရေးဖို့လိုတယ်လို့ ထင်မြင်ပြီးရေးသားလိုက်ရပါတယ်။

အဲဒီသတင်းထဲမှာတော့ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) နဲ့စီမံချက်စီမံခန့်ခွဲမှု (Project Management) ဘွဲ့ရတွေဟာ အဲဒီ အသက်မွေးဝမ်းကျောင်းလိုင်းကို လိုက်ဖို့ အစကောင်းတစ်ခုဖြစ်တယ်လို့ ဖော်ပြထားပြီး၊ အနာဂတ်မှာပိုမိုလိုအပ်လာနိုင်တဲ့ ဘာသာရပ်တွေကပတ်ဝန်းကျင်ဆိုင်ရာ၊ ဇီဝဆေးပညာဆိုင်ရာ၊ ကွန်ပျူတာနဲ့ ဆော့ဖ်ဝဲလ် စမ်းသပ်ခြင်းဆိုင်ရာဘာသာရပ်တွေမှာ အလုပ်ရရှိနိုင်မှုနယ်ပယ်ကျယ်ပြန့်လာမယ်လို့ ဖော်ပြထားပါတယ်။

အထက်ကသတင်းနဲ့ ဆက်စပ်တင်ပြချင်တဲ့ စာတမ်းတစ်ခုကတော့ အမေရိကမှာသာမကမြန်မာနိုင်ငံပါဝင်နေတဲ့ အာရှပစိဖိတ်ဒေသမှာလည်း အရည်အသွေးနယ်ပယ်မှာလိုအပ်လာတဲ့ လူသားအရင်းအမြစ်တွေနဲ့ ပတ်သက်လို့အာရှပစိဖိတ်အဖွဲ့ကြီးရဲ့ စံချိန်စံညွှန်းနဲ့ အရည်အသွေးစစ်ဆေးရေးကော်မတီ(APEC-SCSC)က လေ့လာစစ်တမ်းကောက်ပြီး ၂၀၁၅ ခုနှစ် မတ်လမှာထုတ်ပြန်တင်ပြထားတဲ့ "စံချိန် စံညွှန်းနှင့်ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းသူမျိုးဆက်သစ်များကိုလှုံ့ဆော်ခြင်း" ဆိုတဲ့ စာတမ်းလေးမှာပါတဲ့ အချက် တချို့ကို တင်ပြလိုပါတယ်။

ကော်မတီစာတမ်းမှာစံချိန်စံညွှန်းနှင့်ပတ်သက်တဲ့ အသက်မွေးဝမ်းကျောင်းသူများရဲ့ အနက်အဓိပ္ပာယ်ကိုသတ်မှတ်ခြင်း၊ အုပ်စုခွဲခြားခြင်း၊ အရည်အချင်းသတ်မှတ်ချက်များချမှတ်ခြင်း၊ လက်ရှိလုပ်သားအင်အားလိုအပ်ချက်ကိုဆန်းစစ်လေ့လာခြင်း၊ ပညာရေးပံ့ပိုးမှုနှင့်လုပ်သားအင်အား လိုအပ်ချက်အကြားကွာဟမှုကိုဖော်ထုတ်ခြင်း၊ သင်တန်းအစီအစဉ် လိုအပ်ချက်များပစ္စည်းပစ္စယလိုအပ်ချက်များကိုလေ့လာဆန်းစစ်ခြင်း၊ စံချိန်စံညွှန်းနှင့် ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းသူများထိရောက်စွာဖွံ့ဖြိုးတိုးတက်စေခြင်းစသည်တို့ကိုဆန်းစစ်လေ့လာခဲ့ပြီးအကြံပြုချက်များနှင့် ၂၀၁၅-၂၀၂၀ ပြည့်နှစ် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်များကိုဖော်ပြထားတာကို တွေ့ရှိရပါတယ်။ နိုင်ငံတကာစစ်တမ်းကောက်ယူမှုထုံးစံအတိုင်း ကုမ္ပဏီအဖွဲ့အစည်းများကို တွေ့ဆုံခြင်း၊ သီးခြားခေါင်းဆောင်များကိုတွေ့ဆုံခြင်း၊ ဖြေကြားချက်များကို စုစည်းအတည်ပြုရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ တွေ့ရှိချက်များကို ထုတ်ပြန်ခြင်းတို့ပြုလုပ်ခဲ့ပြီးဒေသတွင်းရှိ နိုင်ငံအသီးသီး က ကုမ္ပဏီ ၃၀၊ စံချိန်စံညွှန်းအဖွဲ့အစည်း ၃၅ဖွဲ့၊ လုပ်သက် ၂၅နှစ် အထက်ခေါင်းဆောင် ၂၂ ဦး၊ လူငယ်အသက်မွေးဝမ်းကျောင်းပညာရှင်သုံးဦးစသည်ဖြင့် တွေ့ဆုံမေးမြန်း လေ့လာစစ်တမ်းကောက်ခဲ့ကြောင်းဖော်ပြထားပါတယ်။ ဆိုလိုတာကတော့ ဒီစာတမ်းဟာဘက်စုံအောင်လေ့လာခဲ့တယ်လို့ ထုတ်ပြန်သူတွေကအတည်ပြုလိုတာဖြစ်ပါတယ်။

မာရီယမ်ဝက်ဘ်စတာ အဘိဓာန် (Merriam-Webster dictionary)က အသက်မွေးဝမ်းကျောင်းသမား (Professional)ရဲ့ အနက်အဓိပ္ပာယ်ကို " သင်တန်း၊ ပညာရေး (သို့မဟုတ်) အရည်အချင်း တစ်စုံတစ်ရာလိုအပ်သောအလုပ်တစ်ခုကို လုပ်ကိုင်သူတစ်ဦးတစ်ယောက်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးတစ်ယောက်၊ အားကစားတစ်ခု (သို့မဟုတ်) လုပ်ရှားမှုတစ်ခုတွင် ပါဝင်ရန်အတွက် အခကြေးငွေပေးရသူ တစ်ဦးတစ်ယောက်၊ သီးခြားအလုပ်တစ်ခု (သို့မဟုတ်) လှုပ်ရှားမှုတစ်ခုတွင် အတွေ့အကြုံ(သို့မဟုတ်) အရည်အချင်းများစွာရှိသူတစ်ဦးတစ်ယောက် " လို့ ဖော်ပြထားပြီး၊ အပျော်တမ်းသမား (Amateur) ဆိုသည်မှာ "အပျော်သဘော (သို့မဟုတ်) အခကြေးငွေမရသောအလုပ်အတွက် တစ်စုံတစ်ရာ (အားကစား(သို့မဟုတ်)ဝါသနာတစ်ခုခု)ကို ပြုလုပ်သူတစ်ဦးတစ်ယောက်၊ တစ်စုံတစ်ရာကိုညံ့ဖျင်းစွာပြုလုပ်သောသူ တစ်ဦးတစ်ယောက်၊ အလုပ်တစ်ခု(သို့မဟုတ်) အခြားလှုပ်ရှားမှုတစ်ခုခု၌ အရည်အချင်းမမီစွာပြုလုပ်သူတစ်ဦးတစ်ယောက် " ဆိုတဲ့အနက်အဓိပ္ပါယ်သတ်မှတ်တယ်လို့ အတိုချုပ်ပြန်ဆိုနိုင်ပါတယ်။

အဲဒီအဘိဓာန်ကိုရည်ညွှန်းပြီးစာတမ်းမှာ Standards Professional ရဲ့ အနက်အဓိပ္ပာယ် သတ်မှတ်ချက်ကို " စံသတ် မှတ်ရေး၊ အရည်အသွေးစစ်ဆေးရေးနှင့်တိကျစွာတိုင်းတာခြင်းနည်း ပညာစသည့် စံချိန်စံညွှန်း၏နယ်ပယ်တစ်ခုခုတွင်ရှိသော အလုပ်အကိုင် (သို့မဟုတ်) စီးပွားရေး(သို့မဟုတ်) လှုပ်ရှားမှုတစ်ခုပြုသူ လူပုဂ္ဂိုလ်များ " လို့အနက်ပြန်ဆိုထားပြီး Standards Professional တွေကို အုပ်စုသုံးခုခွဲခြားရာမှာ-

(၁) **စံသတ်မှတ်ရေး အသက်မွေးဝမ်းကျောင်းသူအုပ်စု** -စံသတ်မှတ်ရေးစီမံကိန်းရေးသူနှင့် အကဲဖြတ်သူ၊ စံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်ရေး ရေးဆွဲသူ၊ စံချိန်စံညွှန်းဖြန့်ဝေသူ၊ စံချိန်စံညွှန်းဆိုင်ရာအခြားသူတွေ ပါဝင်သကဲ့သို့၊

(၂) **အရည်အသွေးစစ်ဆေးရေး အသက်မွေးဝမ်းကျောင်းသူအုပ်စု** - အရည်အသွေးစစ်ဆေးရေး အကဲဖြတ်သူနှင့်စီမံကိန်းရေးဆွဲသူ၊ စမ်းသပ်သူ၊ စစ်ဆေးသူ၊ ထောက်ခံချက်ပေးသူ၊ အသိအမှတ်ပြုသူ၊ အရည်အသွေးစစ်ဆေးရေးဆိုင်ရာအခြားသူတွေပါဝင်ပြီး၊

(၃) **တိကျစွာတိုင်းတာခြင်းနည်းပညာအသက်မွေးဝမ်းကျောင်းသူအုပ်စု-** တိကျစွာတိုင်းတာခြင်းနည်းပညာစီမံကိန်းရေးသူနှင့် အကဲ ဖြတ်သူ၊ သိပ္ပံနည်းကျတိကျစွာတိုင်းတာခြင်းနည်းပညာရှင်၊ စက်မှုဆိုင်ရာ တိကျစွာတိုင်းတာခြင်းနည်းပညာရှင်၊ ဥပဒေအရတိကျစွာ တိုင်းတာခြင်းနည်းပညာရှင်၊ တိကျစွာတိုင်းတာခြင်းနည်းပညာ ဆိုင်ရာအခြားသူတွေ ပါဝင်တယ်လို့ ခွဲခြားထားပါတယ်။

လေ့လာချက်စစ်တမ်းကိုအစိုးရမဟုတ်သောအဖွဲ့အစည်း၊ စွမ်းအင်၊ စတီးလ်၊ အီလက်ထရွန်းနစ်၊ ဆောက်လုပ်ရေး၊ လေကြောင်း၊ အစားအစာ၊ ဓာတုဗေဒ၊ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီနဲ့အဖွဲ့အစည်းပေါင်း ၂၆ခုရဲ့ ပြန်ကြားချက်တွေနဲ့ သုံးသပ်ထားပြီး လက်ရှိအခြေအနေမှာ ၎င်းတို့ကုမ္ပဏီများမှာဝန်ထမ်းအားလုံးရဲ့ ၁၁ ဒသမ ၄ရာခိုင်နှုန်းဟာ စံချိန်စံညွှန်းဆိုင်ရာတာဝန်တွေမှာပါဝင်နေကြပါတယ်။ အဲဒီအထဲက ၃ ဒသမ ၄ရာခိုင်နှုန်းက စံသတ်မှတ်ရေး၊ ၆ ဒသမ ၇ ရာခိုင်နှုန်းက အရည်အသွေး စစ်ဆေးရေးနဲ့ ၁ ဒသမ ၂ရာခိုင်နှုန်းက တိကျစွာတိုင်းတာခြင်း နည်းပညာတို့မှာ ခွဲဝေပါဝင်နေကြပါတယ်။ ပညာအရည်အချင်း၊ ဘာသာရပ်၊ ကျားမ ပါဝင်မှုအနေနဲ့ကတော့-

| | သိပ္ပံနှင့် အင်ဂျင်နီယာ | မဟာ/ ပါရဂူ | အမျိုးသမီး |
|---|---|---|---|
| စံချိန်စံညွှန်း | ၅၆% | ၂၄% | ၃၄% |
| အရည်အသွေး စစ်ဆေးရေး | ၅၁% | ၂၆% | ၂၃% |
| တိကျစွာ တိုင်းတာခြင်း နည်းပညာ | ၄၆% | ၂၇% | ၂၀% |

လို့ ဖော်ပြထားပါတယ်။

စံချိန်စံညွှန်းဖွံ့ဖြိုးရေးနဲ့ စမ်းသပ်ရေးမှာ သိပ္ပံ၊ အင်ဂျင်နီယာဘွဲ့တွေ အများဆုံးဖြစ်ပြီးအသိအမှတ်ပြုရေးမှာသိပ္ပံ၊ အင်ဂျင်နီယာဘွဲ့ရတွေကို အသုံးပြုမှုအနည်းဆုံးဖြစ်ပါတယ်။

အဆင့်မြင့်ဘွဲ့ရများဟာစမ်းသပ်ရေးလုပ်ငန်းနဲ့ ဥပဒေအရတိကျစွာတိုင်းတာရေးမှာ အများဆုံးအချိုးပါဝင်နေပါတယ်။

အမျိုးသမီးဝန်ထမ်းတွေကိုစမ်းသပ်ရေးပိုင်းမှာအများဆုံးတွေ့ရှိကြောင်း ဖော်ပြထားပါတယ်။

Standard Professional တွေကိုအသုံးပြုတဲ့ လုပ်ငန်းတွေမှာ အခြား Professional ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ စာရင်းကိုင် နယ်ပယ်တွေလို Personnel Certification ကိုများစွာအသုံးမပြုကြပါ။ ရာခိုင်နှုန်းအားဖြင့် ၁၀ရာခိုင်နှုန်းသာ အသုံးပြုကြတာတွေ့ရှိရကြောင်း ဖော်ပြထားပါတယ်။ အထူးသဖြင့် အရည်အသွေးစစ်ဆေးရေးနယ်ပယ်မှာPersonnel Certification ကိုပိုမိုအသုံးပြုပါတယ်။ (ဥပမာ-IRCA Certified Auditor) စံချိန်စံညွှန်းနဲ့ တိကျတိုင်းတာမှုနယ်ပယ်မှာတော့ သက်ဆိုင်ရာအသုံးချဘာသာရပ်ဘွဲ့တွေကို အခြေခံပြီးလုပ်ငန်းအတွေ့အကြုံ၊ လုပ်ငန်းခွင်သင်တန်းတွေနဲ့ အရည်အချင်းတွေမြှင့်တင်ပြီး ဝန်ထမ်းတွေကိုကုမ္ပဏီ၊ အဖွဲ့အစည်းတွေကိုယ်တိုင်က ပျိုးထောင်မွေးထုတ်ကြတာဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီတွင် တောင်သူများအားစိုက်ပျိုးစရိတ်ချေးငွေ ၂၄၅ ဘီလီယံထုတ်ချေးရန် လျာထားဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးလျက်ရှိသော ၂၆ မြို့နယ်မှ ကျေးရွာအုပ်စု ၁၉၃၄ စု၊ တောင်သူဦးရေ ၃၇၁၅၅၇ ဦးအတွက် တစ်ဧကကို ကျပ်တစ်သိန်း၊ အတိုး ကျပ် ၁၀၀ ကို ၄၁ ပြားနှုန်းဖြင့် စိုက်ပျိုးချိန်တွင် အခက်အခဲမရှိ ဆောင်ရွက်နိုင်ရန် တိုင်းမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ အဖြစ် ၂၄၅ ဘီလီယံ ထုတ်ချေးရန် လျာထားကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဌွေးအောင်က ပြောပါတယ်။

မိုးစပါးစိုက်စရိတ်ချေးငွေများကို မေလမှစတင်၍ စက်တင်ဘာလအထိ ထုတ်ချေးရန် ဆောင်ရွက်ထားပြီး ယခင်နှစ်က ၅ ဦးမှ ၁၀ ဦးပါဝင်သော အစုအဖွဲ့များဖြင့် ထုတ်ချေးခဲ့ပါတယ်။ ယခုနှစ်မှာတော့ သုံးဦးပါဝင်တဲ့အဖွဲ့ဖွဲ့စည်းကာ ထုတ်ချေးလျက်ရှိကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးရာတွင် ယခင်နှစ်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) သို့မဟုတ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ထောက်ခံချက်ဖြင့် ထုတ်ချေးခဲ့သော်လည်း ယခုနှစ် တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) တင်ပြနိုင်သူကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ ယခင်နှစ်ထုတ်ချေးငွေများအား အပြည့်အဝ ပေးဆပ်ခြင်းမပြုတဲ့တောင်သူများအား ထုတ်ချေးပေးမှာမဟုတ်ဘဲ ချေးငွေအပြည့်အဝ ပြန်လည် ပေးဆပ်တဲ့တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာ ဖြစ်ကြောင်း၊ ဇူလိုင်လ ၂၀ ရက်နေ့ထိ တိုင်းအတွင်း စိုက်ပျိုးစရိတ်ချေးငွေ ၈၇ ဒသမ ၅၂ ဘီလီယံ ထုတ်ချေးပြီးဖြစ်ကြောင်း၊ ၎င်းက ဆက်လက်ပြောကြားပါတယ်။

တောင်သူစိုက်ပျိုးစရိတ် ထုတ်ချေးငွေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ခွင့်ပြုမိန့် တင်ပြပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတော်ဗဟိုဘဏ်သို့အဆင့်ဆင့်တင်ပြတောင်းခံပြီး စိစစ်ခွင့်ပြုငွေကို ရုံးချုပ်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရန်ပုံငွေခွဲဝေချထားပြီး ထုတ်ချေးခြင်းဖြစ်ကြောင်း၊ ချေးငွေများအား သတ်မှတ်ချိန်ကာလသို့ ရောက်သော်လည်း ပြန်လည်ပေးဆပ်ခြင်းမပြုပါက ဥပဒေကြောင်းအရ သက်ဆိုင်ရာဘဏ်ခွဲမှ သတိပေး အကြောင်းကြားစာ ထုတ်ပြန်ခြင်း၊ သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမပြုပါက ဝရမ်းကပ်၍ ပိုင်ဆိုင်သောပစ္စည်းများကို ချိတ်ပိတ်လေလံတင်ရောင်းချရမှာဖြစ်ကြောင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများမှာ ၂၀၁၁ ခုနှစ်အထိ ကြွေးကျန်မရှိသော်လည်း ၂၀၁၂ နောက်ပိုင်းနှစ်များတွင် တစ်နှစ်ထက်တစ်နှစ် ကြွေးကျန်ပိုများ လာပြီး ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အထိ တောင်သူကြွေးကျန်မှာ ၈၂ ဒသမ ၈၃ ဘီလီယံအထိရှိကြောင်း၊ နိုင်ငံတော်မှ လုပ်ငန်းခွင်အတွင်း အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားသောချေးငွေများကို တောင်သူများကလည်း တာဝန်ယူပြီး ချေးငွေများပြန်လည်ပေးဆပ်ရမည့်အချိန်တွင် အပြည့်အဝ ပြန်လည်ပေး ဆပ်ရန် လိုအပ်ကြောင်း နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိဘဲ ရာနှုန်းပြည့် ပြန်လည်ပေးဆပ်နိုင်အောင် တောင်သူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်ရမှာဖြစ်ကြောင်း တိုင်းဦးစီးမှူး ဦးသန်းဌွေးအောင်က ထပ်မံပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## အိမ်မဲရောဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ၂၀၁၅-၂၀၁၆ မိုးစပါးရာသီ ပံ့ပိုးငွေထောက်ပံ့ပေးခြင်း အခမ်းအနားကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်တွင် ဒေသခံစက်ပိုင်၊ ကုန်သည်၊ တောင်သူများနှင့် ဖွဲ့စည်းထားသော အိမ်မဲရောဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ကုမ္ပဏီစတင်ဖွဲ့စည်းခဲ့သော ၂၀၁၀-၂၀၁၁ ခု မိုးစပါးရာသီမှစတင်ပြီး တောင်သူများစိုက်ပျိုးချိန် အခက်အခဲမရှိဆောင်ရွက်နိုင်ရန် စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေများကို နှစ်စဉ်ပံ့ပိုးပေးခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ခု မိုးစပါးရာသီအတွက် အိမ်မဲမြို့နယ်တွင်းရှိ ကျေးရွာပေါင်း ၁၅ ရွာ၊ တောင်သူဦးရေ ၃၅၀ ဦး၊ စိုက်ဧက ၅၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေအဖြစ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်သိန်းပေါင်း ၂၅၀၀ ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင်လ ၂၂ ရက်နေ့ နံနက်ပိုင်းက အဆိုပါ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်း၊ အိမ်မဲရောဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဖေနှင့် ဒါရိုက်တာ၊ ရှယ်ယာရှင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နွယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**မြင့်နွယ်-အိမ်မဲ**

# လယ်ယာသီးနှံများ အာမခံအပ်နှံခြင်းနဲ့ အပ်နှံထားတဲ့ သီးနှံများအပေါ်တွင် ချေးငွေ ထုတ်ပေးခြင်းဆိုင်ရာကိစ္စအား ပြည်ကုန်စည်ဒိုင်တွင်ဆွေးနွေး

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (MPPA) နှင့်ပူးပေါင်းဆောင်ရွက်မည့် Myanmar International Commodity Exchange Limited (MICE) မှ တာဝန်ရှိသူများ၊ အိန္ဒိယကုန်သည်များ ပါဝင်သော အဖွဲ့ဟာ ဇူလိုင်လ ၁၉ ရက်နေ့က ပြည်မြို့၊ လမ်းရှည်လမ်းရှိ ပြည်ကုန်စည်ဒိုင်သို့ရောက်ရှိလာပြီး ကုန်သည်လုပ်ငန်းရှင် များနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပဲခူးတိုင်းအနောက် (တိုင်းခွဲ) ဥက္ကဋ္ဌ ဦးထိုင်ထိုင်နဲ့ အသင်းဝင်လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။ MICE ကုမ္ပဏီဟာ မြန်မာနိုင်ငံမှာ လယ်သမားအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် MPPA နှင့်ပူးပေါင်းပြီး စပါးနဲ့ပဲမျိုးစုံသီးနှံများကို တာဝန်ယူသိုလှောင်ထိန်းသိမ်းပေးခြင်းနဲ့ အဆိုပါသီးနှံအပေါ်တွင် ယူနိုက်တက်အမရာဘဏ်နဲ့ ချိတ်ဆက်ပြီး ချေးငွေထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံဆွေးနွေးကြတာဖြစ်ပါတယ်။ MICE ကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့တွင် အဓိကသိုလှောင်ရုံများထားရှိပြီးနယ်မြို့များတွင်လည်း ကုန်လှောင်ရုံများထားရှိကာ အပ်ကုန်သီးနှံတန်ဖိုးရဲ့ ၇၀ ရာခိုင်နှုန်းကို ချေးငွေထုတ်ပေးမည်ဖြစ်ကြောင်း၊ နယ်မြို့များရှိဒေသခံကုန်သည်များတွင် အဆင့်မီသိုလှောင်ရုံများရှိပါက ကုမ္ပဏီမှ ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်မြို့ရှိကုန်သည်များမှ ပြန်လည်ဆွေးနွေးရာတွင် သိုလှောင်ရုံငှားရမ်းအသုံးပြုရေးကိစ္စ၊ အပ်ကုန်များ လက်ခံရာတွင် အရည်အသွေးစစ်ဆေးခြင်းကိစ္စ၊ ငွေချေးရန်အတွက် ဒေသပေါက်ဈေးအရ တန်ဖိုးသတ်မှတ်ခြင်း ကိစ္စ၊ ပညာရှင်များထားရှိရေးကိစ္စနဲ့ အာမခံသိုလှောင်ထိန်းသိမ်းမှုအတွက် ကုန်ကျစရိတ်များ ကိစ္စတို့ကို အကြမ်းဖျဉ်း ဆွေးနွေးခဲ့ကြပါတယ်။

ယခုကဲ့သို့ MICE ကုမ္ပဏီနဲ့ ဒေသခံကုန်စည်ဒိုင် (ကုန်သည်စက်မှုအသင်း) တို့ပူးပေါင်းပြီး သီးနှံအာမခံအပ်နှံခြင်းနဲ့ သီးနှံအပေါင် ချေးငွေထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံတောင်သူများနဲ့ ကုန်သည်များအတွက် အကျိုးဖြစ်ထွန်းစေပြီး၊ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်ကြောင်းသိရပါတယ်။

**ဝင်းလဲ့ဝါ-ပြည်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Organizations News
Vol: 15, No.28 Monday July 27 2015

# ဂရိနိုင်ငံကို ကယ်တင်မှုအတွက် ယူရိုဇုန်ရှိ ဆင်းရဲတဲ့နိုင်ငံတွေက မေးခွန်းထုတ်

ဆလိုဗက်လူမျိုးများထက် ဝင်ငွေနှစ်ဆရနေတဲ့ ဂရိလူမျိုးများအတွက် ဆလိုဗက်ကီးယားနိုင်ငံအနေနဲ့ ကယ်တင်မှုချေးငွေပေးရမယ်လို့ဆုံးဖြတ်ခဲ့တာကိုနားမလည်နိုင်ကြောင်း ဆလိုဗက်ကီးယားနိုင်ငံမှ အငြိမ်းစားတစ်ဦးဖြစ်သူဘိုဇီနာဗာဂိုဗာက ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ ဂရိနိုင်ငံသားတွေဟာ ပျမ်းမျှပင်စင်လစာ ၈၃၃ ယူရိုရရှိနေချိန်မှာ ဆလိုဗက်ကီးယားနိုင်ငံသားတစ်ဦးရဲ့ ပင်စင်လစာ က ယူရို ၃၇၀ မျှသာရှိပါတယ်။

ဂရိနိုင်ငံကို ကယ်တင်မှုချေးငွေထုတ်ချေးရေးအတွက် အလူးအလဲရုန်းကန်နေချိန်တွင် ဂရိနိုင်ငံကို ကရုဏာရှိကြတဲ့သူတွေက ဥရောပရှိချမ်းသာသူနဲ့ ဆင်းရဲသူတို့အကြားအငြင်းပွားမှု သို့မဟုတ် ချမ်းသာတဲ့ဂျာမန်တို့က ဂရိတို့ကိုချိုးနှိမ်မှုအဖြစ်ယူဆကြပြီး ဂရိတို့ကို ကရုဏာသက်ကြပါတယ်။

အသက် ၆၀ ကျော်ပြီဖြစ်တဲ့ ဗာဂိုဗာနဲ့ အနှိပ်သည်အဖြစ်အသက်မွေးဝမ်းကျောင်းပြုသူ သူမရဲ့ခင်ပွန်းတို့က နီထရာမြို့ပေါ်မှာရှိတဲ့ အခန်းလေးခန်းပါတိုက်ခန်းကိုရောင်းချပြီး အနီးဝန်းကျင်ရှိကျေးရွာမှာ ဈေးသက်သာတဲ့ အိမ်တစ်လုံးကို ဝယ်ယူထားပါတယ်။

ကွန်မြူနစ်ဝါဒကို ကျင့်သုံးခဲ့တဲ့နိုင်ငံ ဖြစ်တဲ့ ဆလိုဗက်ကီးယားနိုင်ငံဟာ စီးပွားရေးက ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်စဉ်က ဆလိုဗက်ကီးယား လူမျိုးတို့ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲမျိုးကို ဂရိနိုင်ငံကလည်း ခါးစည်းခံစားရမယ့်အချိန်ကိုရောက်နေပြီလို့ အနှစ် ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားဝန်ထမ်းဖြစ်သူ ဗာဂိုဗာကယုံကြည်ထားပါတယ်။

"သူတို့က သူတို့ဝင်ငွေထက် ပိုပြီးသုံးစွဲခဲ့တာပဲ။ အခုတော့ သူတို့တစ်တွေခါးတောင်းကျိုက်ပြီး ကုန်းရုန်းလုပ်ရမှာပေါ့" လို့ ဂရိလူမျိုးတွေနဲ့ပတ်သက်ပြီး သူကပြောပါတယ်။

ဂရိကြွေးမြီအကျပ်အတည်းကာလအတွင်း သည်းခံစိတ်ရှည်စွာမျှဝေခံစားခဲ့ရတဲ့ နိုင်ငံခေါင်းဆောင်တွေထဲမှာ ဆလိုဗက်ကီးယားခေါင်းဆောင်လည်း ပါဝင်ပါတယ်။ ယခင်သီတင်းပတ်ကသဘောတူညီချက်အရ ကယ်တင်မှုချေးငွေယူရို ၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၄၀ ဘီလီယံ) ပေးဖို့ဆုံး ဖြတ်ထားပါတယ်။

ဂရိနိုင်ငံရဲ့ကြွေးမြီတွေကိုလျှော်ပစ်ရမယ်ဆိုရင် "သိက္ခာမဲ့ရာရောက် ပါလိမ့်မယ်။ စည်းကမ်းချက်တွေလိုက်နာဖို့ပျက်ကွက်မယ်ဆိုရင်တော့ ယူရိုဇုန်က ဂရိနိုင်ငံထွက်သွားဖို့ တိုက်တွန်းမှာဖြစ်ကြောင်း ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုကပြောပါတယ်။

"အတိတ်ကဆောင်ရွက်ခဲ့တာတွေနဲ့ပတ်သက်ပြီး ဂရိနိုင်ငံကပေးစရာရှိတာပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆလိုဗက်ကီးယားလည်း ကြမ်းတမ်းတဲ့လမ်းကိုလျှောက်ခဲ့ရတာပါပဲ။ စီးပွားရေးအရအားနည်းခဲ့တဲ့ကျွန်တော်တို့တောင်လုပ်နိုင်ရင် တခြားနိုင်ငံကလည်းလုပ်နိုင်ရမှာပေါ့"လို့ ဖီကိုက ဇူလိုင် ၂၁ ရက်ကပြောပါတယ်။

## ရေနံဈေးနှုန်းကျဆင်းခြင်းက ရေတိုသာဖြစ်မည်ဟု အိုပက်က ခန့်မှန်း

ယခုဇူလိုင်လအတွင်း ရေနံဈေးနှုန်းများကျဆင်းတာက ယာယီမျှသာဖြစ်ကြောင်းနဲ့ ဈေးကွက်ဝေစု ကာကွယ်ရေးအတွက် ထုတ်လုပ်မှုကိုဆက်လက်တိုးမြှင့်ထားမယ့် ရေနံတင်ပို့သောနိုင်ငံများအဖွဲ့(အိုပက်)ရဲ့ ဆုံးဖြတ်ချက်ကိုလမ်းလွဲသွားစေမှာ မဟုတ်ကြောင်းအိုပက်အဖွဲ့ဝင်နိုင်ငံများနဲ့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်တွေကပြောပါတယ်။

တရုတ်စတော့ဈေးတွေကျဆင်းမှုနဲ့ ဂရိကြွေးမြီအကျပ်အတည်းက ရေနံဝယ်လိုအားအတွက်စိုးရိမ်မှုတွေ မြင့်တက်စေခဲ့ပါတယ်။ ဒါ့အပြင် အီရန်နိုင်ငံအနေနဲ့ နျူကလီးယားသဘောတူညီချက်ကိုရရှိခဲ့တာကြောင့် ရေနံပိုမိုတင်ပို့လာမယ့် လက္ခဏာကို ပြသနေပါတယ်။ ဘရင့်ရေနံစိမ်းရဲ့ အခြေခံစံထားဈေးနှုန်းက ဇူလိုင်လထဲမှာ ၁၀ ရာခိုင်နှုန်းကျော်ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

အိုပက်ရဲ့ အဓိကမူဝါဒ အပြောင်းအလဲဖြစ်မယ့်နိုဝင်ဘာလမှာ ရေနံဈေးနှုန်းတွေ မြင့်တက်လာဖို့အတွက် ရေနံထုတ်လုပ်မှုကို လျှော့ချရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အိုပက်အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ လျှော့ချမှုမပြုဘဲ မူလရည်မှန်းချက်အတိုင်း တစ်နေ့စည်သန်း ၃၀ ဆက်လက် ထုတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဓိကအားဖြင့် အမေရိကန်အနေနဲ့ နှုန်းကျောက်နဲ့တခြားပြိုင်ဘက်တွေက ထုတ်လုပ်နေတဲ့ ရေနံတွေကြောင့် ရေနံဈေးကွက် ပျောက်မသွားအောင်ကာကွယ်တဲ့အနေနဲ့ ဆက်လက်ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဇူလိုင်လအတွင်း ကျင်းပခဲ့တဲ့ အစည်းအဝေးမှာလည်း ဒီမဟာဗျူဟာကိုပဲ အိုပက်အဖွဲ့က ဆက်လက်အတည်ပြုခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုခိုင်မာလာပြီး ရေနံ ဈေးနှုန်းတွေ မြင့်တက်လာလိမ့်မယ်လို့ ရေနံထုတ်လုပ်သူတွေကယုံကြည်ထားကြောင်း ကူဝိတ်ရေနံဝန်ကြီး အလီရှာလက်အိုမိုင်ယာက ဇူလိုင်လ ၂၁ ရက်နေ့ကပြောပါတယ်။

ဈေးနှုန်းက အကြာကြီး ကျဆင်းနေမှာမဟုတ်ကြောင်း၊ ဒါကြောင့်အိုပက်အဖွဲ့ကဒီမဟာဗျူဟာကို ပြောင်းလဲမှာမဟုတ်ကြောင်းနဲ့ ဝယ်လိုအား ခိုင်မာလာမယ်လို့ ခန့်မှန်းကြောင်း အိုပက်အဖွဲ့ဝင်နိုင်ငံ များမှ ကိုယ်စားလှယ်သုံးဦးကပြောပါတယ်။ အိုပက်အဖွဲ့အစည်းအဝေးကို ဒီဇင်ဘာ ၄ ရက်မှသာ ကျင်းပမှာ ဖြစ်ပါတယ်။

## အိုင်တီထုတ်ကုန်တွေကို အကောက်ခွန်လျှော့ချဖို့ ဒဗလျူတီအို စေ့စပ်ညှိနှိုင်းရေးမှူးတို့ သဘောတူ



သတင်းအချက်အလက် နည်းပညာ (အိုင်တီ) ထုတ်ကုန်တွေပေါ် ကောက်ခံတဲ့ အကောက်ခွန်တွေ ဖျက်သိမ်းဖို့နည်းလမ်းတွေ ရှာဖွေလျက်ရှိတဲ့ ကမ္ဘာ့ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းရေးမှူးတွေက အကောက်ခွန်လျှော့ချမယ့် စာရင်းထဲမှာ ပါဝင်တဲ့ အမယ်တွေကိုထပ်မံတိုးပေးဖို့ သဘောတူညီခဲ့ကြကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

အကောက်ခွန်လျှော့ချမယ့်စာရင်းမှာ အိုင်တီထုတ်ကုန် ၂၀၀ ခန့်တိုးချဲ့ပေးဖို့ နိုင်ငံပေါင်း ၅၄ နိုင်ငံကသဘောတူလက်ခံမယ့်အလားအလာရှိနေကြောင်း ပါဝင်ဆွေးနွေးသူတွေကပြောပါတယ်။ ဒီစာရင်းမှာပါဝင်နေတဲ့ထုတ်ကုန်တန်ဖိုးက နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ထရီလီယံနီးပါးရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဇူလိုင်လ ၁၈ ရက်နေ့မှာ ပြောပါ တယ်။

အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဂျပန်နဲ့ တခြားနိုင်ငံတွေက စေ့စပ်ညှိနှိုင်းရေးမှူးတွေဟာဂျီနီဗာရှိ ဥရောပသမဂ္ဂမစ်ရှင်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး သတင်းအချက်အလက်နည်းပညာသဘောတူစာချုပ် ကိုဇူလိုင်လ ၂၄ ရက်နေ့မှာ အပြီးသတ်ဆောင်ရွက်ခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ကုန်သွယ်ရေးကိုယ်စားလှယ် မိုက်ကယ်ဖရိုမန်းက ဒီသဘောတူညီချက်ကို "အဓိကအောင်မြင်မှု" အဖြစ်ခေါ်ဆိုခဲ့ပြီး ဒဗလျူတီအိုညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဘယ်ဒိုက ဒီဆွေးနွေးပွဲမှာ "သဘောတူညီချက်အတွက် အခြေခံ" ကိုရခဲ့ကြောင်း ပြောကြားခဲ့ပြီး လာမယ့်ရက်သတ္တပတ်အကုန်မှာ နောက်ဆုံးသဘောတူညီချက်ကိုရရှိလိမ့်မယ်လို့ ယုံကြည်ကြောင်း သူကပြောခဲ့ပါတယ်။

ထုတ်ကုန်စာရင်းထဲမှာ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ Magnetic Resonance Imaging (MRI) စက်များ၊ ဂျီပီအက်စ်ကိရိယာများ၊ အသံချဲ့စက်များနဲ့ ဗီဒီယိုဂိမ်းခုံများပါဝင်ပါတယ်။

ဒီသဘောတူစာချုပ်ကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကမ္ဘာ့စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးမှာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၉၀ ခန့် ပိုမိုမြင့်တက်လာလိမ့်မယ်လို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးအသင်းက ခန့်မှန်းထားပြီးလောလောဆယ်အကောက်ခွန်နှုန်း သုည ရာခိုင်နှုန်းအထိ လျှော့ချမပေးနိုင်သေးတဲ့ထုတ်ကုန်တွေကိုလည်း တဖြည်းဖြည်းလျှော့ချပေးဖို့ သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အာဆီယံပေါင်းစည်းရေးလမ်းကြောင်းပေါ် သို့ ဖိလစ်ပိုင်နိုင်ငံ ရောက်ရှိနေ

ယခုနှစ်အကုန်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ကို ဖွဲ့စည်းတဲ့အခါပါဝင်နိုင်ဖို့ ဖိလစ်ပိုင်နိုင်ငံက အပြည့်အဝ သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာန (Department of Trade and Industry-DTI) ဝန်ကြီး ဂရီဂရီအယ်လ်ဒိုမင်ဂိုရဲ့ပြောကြားချက်ကို ကိုးကားပြီး interaksyon ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံပေါင်းစည်းရေးမှာ အချက်အချာကျတဲ့ လွတ်လပ်၊ ဖြေလျှော့ပြီးပေါင်းစည်းမှုရှိတဲ့ဈေးကွက်တစ်ခုဖွင့်လှစ်နိုင်ရေးကို ဖိလစ်ပိုင်ကလည်း လိုက်ပါဆောင်ရွက်မှာဖြစ်ကြောင်း ဇူလိုင်လ ၂၂ ရက်က ကျင်းပတဲ့ The Manila Times and Business Forum မှာ DTI ဝန်ကြီးက ပြောပါတယ်။

"အာဆီယံ စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်တဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးမှာ လွယ်ကူချောမွေ့စေဖို့ တိုးမြှင့်ဆောင်ရွက်ရာမှာ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ စိတ်အားထက်သန်စွာပါဝင်မှာ ဖြစ်ပါတယ်။ ဆောင်ရွက်မယ့် အစီအမံတွေထဲမှာ အကောက်ခွန်နဲ့ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းတွေတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်နဲ့ပတ်သက်တဲ့ ပြဿနာတွေကို ရှာဖွေဖော်ထုတ်ခြင်း၊ အာဆီယံဒေသတွင်းမှာ သယ်ယူပို့ဆောင်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးစတဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းစတဲ့အချက်တွေပါဝင်ပါတယ်" လို့ ဒိုမင်ဂိုက ပြောပါတယ်။

ထုတ်ကုန်စံနှုန်း၊ သန့်ရှင်းရေးနဲ့ ပိုးမွှားကင်းစင်ရေး အစီအမံတွေနဲ့ သွင်းကုန်လိုင်စင်တို့အပါအဝင်အကောက်ခွန်မဟုတ်တဲ့အတားအဆီးအတွက် စိုးရိမ်ပူပန်မှုတွေမရှိအောင် ဖိလစ်ပိုင်နိုင်ငံက ကြိုးစားလျက်ရှိကြောင်း ဒိုမင်ဂိုကပြောပါတယ်။

အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဖိလစ်ပိုင်ယှဉ်ပြိုင်မှု ဥပဒေ (Philippine Competition Law) နဲ့ ပင်လယ်ပြင်သွားလာရေးနဲ့ပတ်သက်တဲ့ (Cabotage Law) ပြင်ဆင်မှုတွေမှာ ဖိလစ်ပိုင်အစိုးရက စီးပွားရေးဖြေလျှော့မှုတွေနဲ့ ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ထားကြောင်းလည်း ဝန်ကြီးကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြှင့်တင်ဖို့အတွက် ဖိလစ်ပိုင်နိုင်ငံက ဥပဒေသစ်များထုတ်ပြန်

ရေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ ပွင့်လင်းလာစေဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ဖိလစ်ပိုင်သမ္မတ ဘဲနစ်ဂနို အာကွီနိုက ဇူလိုင် ၂၁ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး ပြင်ပလောကနဲ့ အဆက်အသွယ်နည်းပါးနေတဲ့လုပ်ငန်းကဏ္ဍကို ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်လာအောင်ဆောင်ရွက်ပေးခဲ့ကြောင်း အေက်ဖ်ပီသတင်းမှာဖော်ပြပါတယ်။

အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေက ဖိလစ်ပိုင်သင်္ဘောလမ်းကြောင်းတွေကို ဆက်သွယ်အသုံးပြုနိုင်အောင် အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေက အများကြီး အထောက်အကူပေးပါတယ်။ ဒီဥပဒေ က ၇၉ နှစ်ကြာပြီဖြစ်တဲ့ ဥပဒေဟောင်းနေရာမှာ အစားထိုးဝင်ရောက်လာပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အကာအကွယ်ပေးသွားမှာ ဖြစ်ပါတယ်။

“ဥပဒေအဟောင်းက ပြည်တွင်းသင်္ဘောပို့ဆောင်ရေး လုပ်ငန်းတွေဖွံ့ဖြိုးဖို့အတွက် ဦးတည်ရေးဆွဲထားတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ သင်္ဘောအရေအတွက် တိုးမလာတဲ့အပြင် ဈေးကွက်တစ်ခုလုံးကို လူတစ်စုက ထိန်းချုပ်ခံရတဲ့ အခြေအနေမျိုးကို ဦးတည်သွားစေပါတယ်”လို့ လက်မှတ်ရေးထိုးပွဲအခမ်းအနားမှာ အာကွီနိုက ပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ သင်္ဘောပို့ဆောင်ရေးလုပ်ငန်းမှာ အလားအလာကောင်းများနဲ့ တည်ရှိနေသော်လည်း ၂၀၁၃ ခုနှစ်မှာ စုစုပေါင်းပြည်တွင်းကုန်ထုတ်လုပ်မှု၏ သုည ဒသမ ၂၃ ရာခိုင်နှုန်းမျှကိုသာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အစိုးရရဲ့စစ်တမ်းအရ သိရပါတယ်။ ဥပဒေသစ်အရဆိုပါက နိုင်ငံခြားမှာမှတ်ပုံတင်ထားတဲ့ ရေယာဉ်များကို သွင်းကုန်ပစ္စည်းများကိုသာ သယ်ယူနိုင်ဖို့ခွင့်ပြုထားပါတယ်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံမှထုတ်လုပ်တဲ့ ပို့ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင်လည်း ပြည်တွင်း၌သာ ခွင့်ပြုထားမှာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ ပထမဆုံး ပြဋ္ဌာန်းလိုက်တဲ့ လက်ဝါးကြီးအုပ်ဆန့်ကျင်ရေးအက်ဥပဒေကို အာကွီနိုက လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ ဒီအက်ဥပဒေရဲ့ရည်ရွယ်ချက်မှာ စီးပွားရေး လုပ်ငန်းများအား ပြင်းထန်တဲ့ယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးရန်ဖြစ်ပြီး ကုန်ပစ္စည်းများကို ထိုက်တန်တဲ့ဈေးနှုန်းချပြီး သတ်မှတ်ခြင်းကို ဟန့်တားပိတ်ပင်ထားပါတယ်။

အသစ်ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကို ဖောက်ဖျက်တဲ့တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီများအား ငွေဒဏ် ပီဆိုသန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်း) အပြင်ထောင်ဒဏ် ခုနစ်နှစ်လည်း ချမှတ်ခံရမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အင်ဒိုနီးရှား အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးမှုရှိ

အမေရိကန်ဒေါ်လာ ၂ ဘီလီယံသုံးစွဲပြီး ဂျကာတာမြို့တော်မှာတည်ဆောက်မယ့် လေဆိပ်မီးရထားလမ်း တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေမှုနဲ့ ဗျူရိုကရေစီအုပ်ချုပ်မှု စနစ်အတွင်းအားပြိုင်မှုတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေကို သမ္မတဂျိုကိုဝီဒိုဒိုက အရှိန်မြှင့်ဆောင်ရွက်သွားလိမ့်မယ်လို့ မျှော်လင့်နေကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် စိတ်ပျက်စရာဖြစ်ခဲ့ရကြောင်း ရိုက်တာ သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ်က သမ္မတဝီဒိုဒို တာဝန်စတင်ထမ်းဆောင်စဉ်က ဦးစားပေးအဖြစ် သတ်မှတ်ခဲ့တဲ့စီမံကိန်း ၁၀ ခုအနက် ထက်ဝက်နီးပါးက ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့တဲ့အတွက် နှောင့်နှေးကြန့်ကြာမှုတွေ ရှိခဲ့တာကို တွေ့ရပါတယ်။

“ပါဝင်ပတ်သက်နေတဲ့သူတွေအားလုံး စည်းချက်ညီညီဖြစ်စေဖို့အတွက် ပေါင်းစပ်ညှိနှိုင်းပေးမယ့်သူ လိုအပ်နေပါတယ်။ အခြေခံအဆောက်အအုံ အကောင်အထည်ဖော်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ဆုံးဖြတ်ချက်တွေနှေးကွေးနေရင် ဘယ်ကဏ္ဍကမှ လျှပ်ရှားအကောင်အထည်ဖော်နိုင်မဟုတ်ပါ ဘူး”လို့ အစိုးရပိုင် အခြေခံအဆောက် အအုံငွေကြေးထောက်ပံ့မှုလုပ်ငန်းဖြစ်တဲ့ Sarana Multi Infrastruktur (SMI) ရဲ့ ဦးစီးမှူး အမ်မာရှုရီမာတီနီက ပြောပါတယ်။

ခြောက်နှစ်နီးပါးတိုးတက်နှုန်း နှေးကွေးခဲ့တဲ့ စီးပွားရေးပြန်လည်ရှင်သန်ဖို့အတွက် သမ္မတကကြိုးပမ်း ဆောင်ရွက်နေချိန်မှာ နှစ်စဉ်လုပ်သား အင်အားစုထဲကို ဝင်ရောက်လာတဲ့ အင်ဒိုနီးရှားလူငယ်နှစ်သန်းအတွက် လုံလောက်တဲ့ အလုပ်အကိုင်တွေ ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖန်တီးရေးအတွက် သမ္မတက အချိန်ယူပြီး ကြိုးပမ်းလျက်ရှိပါတယ်။

မော်တော်ကားလမ်းတွေ၊ ဆိပ်ကမ်းတွေနဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်ဖို့ သူပေးထားတဲ့ ကတိတွေက အင်ဒိုနီးရှားရဲ့ အစဉ်အလာဖွံ့ဖြိုးရေးမောင်းနှင်အားကို ဖန်တီးရာမှာ အရေးပါတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းတွေက အလုပ်အကိုင်တွေကိုလျှော့ချ လျက်ရှိပါတယ်။

ဂျကာတာမြို့တော်ဝန်တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ ဝီဒိုဒိုက ဆယ်စုနှစ်တစ်စုနီးပါးတုံ့ဆိုင်းနေခဲ့တဲ့ ဂျကာတာမြို့ပတ်လမ်း တည်ဆောက်ရေးလုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သူသမ္မတဖြစ်လာတဲ့အချိန်မှာ နိုင်ငံတော်အဆင့်လုပ်ငန်းတွေကို အလားတူစွမ်းဆောင်နိုင်လိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက မျှော်လင့်ထားခဲ့ပါတယ်။

ဒါပေမယ့်လည်း ဝီဒိုဒိုအနေနဲ့ သမ္မတသက်တမ်းကာလကိုးလအတွင်းမှာ နိုင်ငံရဲ့ စီးပွားရေးဟာ အားတက်စရာအရိပ် အယောင်ကိုမတွေ့ရဘဲရှိခဲ့ရပါတယ်။

## ဗီယက်နမ်တွင် အကောင်အထည်ဖော်မှုနှေးကွေးနေတဲ့ စီမံကိန်းများအားစစ်ဆေးမည်



ပြည်နယ်ထဲမှာ လိုင်စင်ချထားပေးတဲ့ စီမံကိန်းတွေရဲ့ အရည်အသွေးနဲ့စွမ်းဆောင်ရည်တိုးတက်ကောင်းမွန်လာစေဖို့အတွက် တိုးတက်မှုနှေးကွေးလွန်းတဲ့ စီမံကိန်း ၇၄ ခုကို စစ်ဆေးဖို့ ဗီယက်နမ်အလယ်ပိုင်းဒေသရှိ ငယ်အန်းပြည်နယ်က စီစဉ်ထားကြောင်း ပြည်နယ်စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဌာနရဲ့အစီရင်ခံစာကို ရည်ညွှန်းပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

စီမံကိန်း အကောင်အထည်ဖော်တာ နှေးကွေးမှုမရှိစေဖို့အတွက် ရင်းနှီးမြှုပ်နှံမှုလိုင်စင်တွေ ချထားပေးခြင်းမပြုမီ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ငွေကြေးစွမ်းအားကို ပြည်နယ်အစိုးရက ဒီနှစ်အကုန်မှစပြီး အထူးအလေးပေး စစ်ဆေးသွားမှာဖြစ်ပါတယ်။ စီမံကိန်းတွေရဲ့ အကောင်အထည်ဖော်မှုကို အာမခံချက်ပေးတဲ့အနေနဲ့ လိုင်စင်ရရှိသူတွေက စဘော်ငွေ ပေးသွင်းထားရမှာဖြစ်ကြောင်း ဌာနက ပြောပါတယ်။

စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ တွေ့ရှိရတဲ့ အခက်အခဲတွေကို အချိန်မီဖြေရှင်းနိုင်ဖို့အတွက် လိုင်စင်ရစီမံကိန်းတွေရဲ့ တိုးတက်မှုအခြေအနေကို ဒေသဆိုင်ရာ အာဏာပိုင်တွေက ဂရုစိုက်စစ်ဆေးမှာဖြစ်ပါတယ်။ စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ ပျက်ကွက်ခဲ့ရင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေကို ဖျက်သိမ်းခံရမှာဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အာဏာပိုင်တွေက လုပ်ငန်းအကောင်အထည်ဖော်တာ ကြန့်ကြာနေတဲ့ စီမံကိန်း ၁၁၁ ခုကို စစ်ဆေးခဲ့ပြီး စီမံကိန်း ၆၀ ကို လိုင်စင်ရုပ်သိမ်းခဲ့ပါတယ်။

ယခုနှစ်မှစတင်ကာ ငယ်အန်းပြည်နယ်အတွင်း စီမံကိန်း ၉၃ ခုကို ခွင့်ပြုခဲ့ရာ တန်ဖိုးအားဖြင့် ဗီယက်နမ်ဒေါင် ၅၇ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁. ၂၈ ဘီလီယံ) ရှိခဲ့ပါတယ်။ စီမံကိန်းတန်ဖိုးပမာဏအနက် စီမံကိန်းသစ် ၇၃ ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံရရှိမှာဖြစ်ပြီး လက်ရှိဆောင်ရွက်နေဆဲ စီမံကိန်း ၂၀ က ရင်းနှီးမြှုပ်နှံမှု အဆင့်တိုးမြှင့်လို့ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ သန်းရရှိမှာဖြစ်ကြောင်း ဌာနဆိုင်ရာကိန်းဂဏန်းများအရ သိရပါတယ်။

၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်ဒေါင် ထရီလီယံ ၅၀ အပါအဝင် ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်ဒေါင် ၁၀၀ (အမေရိကန် ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံ) ရရှိဖို့ ပြည်နယ်အစိုးရက ဦးတည်ချက်ထား ဆောင်ရွက်နေပါတယ်။

## စီးပွားရေးလုပ်ငန်းတွေ မြှင့်တင်ဖို့ ထိုင်းအဲဝေးအင်တာနေရှင်နယ်က အထူးအဖွဲ့ဖွဲ့စည်း

ကမ္ဘာ့စီးပွားရေး မတည်မငြိမ်ဖြစ်ပွားနေချိန်မှာ ထိုင်းစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးဖို့နဲ့ လက်ရှိလုပ်ငန်းများကျဆင်းတဲ့ရာသီမှာ လုပ်ငန်း တိုးတက်ရေးအတွက် လုပ်ငန်းတွေ တိုးတက်အောင်မြှင့်တင်ပေးမယ့်စီမံချက်တွေကို ထိုင်းအဲဝေး အင်တာနေရှင်နယ် (Thai Airway International-THAI) က ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဖြစ်ပေါ်လာမယ့် ပြဿနာအရပ်ရပ်ကိုဖြေရှင်းဖို့အတွက် ထိုင်းလေကြောင်းလိုင်းက အဖွဲ့အမျိုးမျိုးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း THAI လေကြောင်းလိုင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ အာရီပွန်ဘူးချားအွမ်းကပြောပါတယ်။ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေထဲမှာ ဈေးကွက်ရှာဖွေရေး၊ ဘဏ္ဍာရေးနဲ့ လူသားအရင်းအမြစ်ဌာနတွေ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေနဲ့အတူ ဥက္ကဋ္ဌရဲ့ အတိုင်ပင်ခံတွေလည်း ပါဝင်ပါတယ်။

“လေကြောင်းလိုင်းလုပ်ငန်းတိုးတက်ရေးအတွက် ခိုင်မာတဲ့အဖွဲ့တွေကို ဖွဲ့စည်းဖို့ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။ တချို့ဌာနတွေမှာဆိုရင် အဖွဲ့အစည်းခေါင်းဆောင်တွေကို ရွေးချယ်ထားပြီး မဟာဗျူဟာသစ်တွေချမှတ်နေပါပြီ”လို့ သူကပြောပါတယ်။

လေကြောင်းလိုင်းရဲ့ အလားအလာတိုးတက်ဖို့နဲ့ ဝင်ငွေတိုးမြင့်စေဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့တဲ့ အဓိက ပုဂ္ဂိုလ်များအနက်တစ်ဦးက ယခင်က အရှေ့အလယ်ပိုင်းဒေသအခြေစိုက် လေကြောင်းလိုင်းတစ်ခုကို လုပ်ကိုင်ခဲ့ဖူးသူနိုင်ငံခြားသားတစ်ဦးဖြစ်ကြောင်း THAI ဥက္ကဋ္ဌ က ပြောပါတယ်။ အဲဒီပုဂ္ဂိုလ်ကိုခြောက်လသက်တမ်းစနစ်နဲ့ ငှားရမ်းပြီး လစာကို ဘတ် ၁၀ သန်း ပေးဖို့ရည်မှန်းထားပါတယ်။ ငှားရမ်းထားတဲ့ ပညာရှင်က အမျိုးသားလေကြောင်းလိုင်းရဲ့ ဈေးကွက်ရှာဖွေရေး နဲ့ စီးပွားရေးစီမံကိန်းတွေကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရာမှာ ကူညီဖို့ဖြစ်ကြောင်း သူကပြောပါတယ်။

THAI လေကြောင်းလိုင်းက မဟာဗျူဟာသစ်တွေချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးမှုနှေးကွေးနေတဲ့အချိန်မှာ ပိုမိုလျင်မြန်စွာတုံ့ပြန်နိုင်မယ့် အရောင်းဌာနလည်းပါဝင်ကြောင်း အာရီးပွန်က ပြောပါတယ်။ ဒီဌာနက ဆောင်ရွက်မဲ့ အစီအစဉ်တွေထဲမှာ ကြိုတင်လက်မှတ်ဝယ်ယူလာအောင်ဆွဲဆောင်မှုပေးနိုင်မယ့် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေနဲ့ ဈေးနှုန်းသတ်မှတ်တဲ့လုပ်ငန်းတွေပါဝင်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### အေသင် (ဂရိ)

ပေးချေရန်ရှိတဲ့ကြွေးမြီတွေကို ပေးချေဖို့အတွက် ဂရိအစိုးရကယူရို ၇ ဒသမ ၂ ဘီလီယံပေါင်းကူးချေးငွေကို ထုတ်ပေးဖို့ တာဝန်ယူလိုက်သဖြင့် တစ်လတာ ပိတ်ထားခဲ့တဲ့ စတော့အိတ်ချိန်းတွေကို ပြန်ဖွင့်လှစ်နိုင်ဖို့ ပြင်ဆင်လျက်ရှိတဲ့အတွက် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူတွေဟာ စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီတွေမှာ ငွေကြေးတွေ ပြန်လည်ထုတ်ယူခွင့်ရတော့မှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ပြည်တွင်းမော်တော်ကားသုံးစွဲသူတွေက နိုင်ငံခြားမှတင်သွင်းလာတဲ့ဇိမ်ခံကားများကို ဝယ်လိုအားမြင့်တက်နေပေမယ့် တောင်ကိုရီးယားရဲ့ မော်တော်ကားတင်ပို့မှုက ယခုနှစ်ဒုတိယသုံးလပတ်မှာ ယခင်နှစ်ကနဲ့နှိုင်းယှဉ်ရင် ၄ ဒသမ ၇ရာခိုင်နှုန်းကျဆင်းပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၁၁ ဒသမ ၀၉ ဘီလီယံထိရောက်ရှိခဲ့ကြောင်း ကိုရီးယားအကောက်ခွန်စာရင်းများကို ကိုးကားပြီး ဆင်ဟွာသတင်းမှာ ဇူလိုင်လ ၂၄ ရက်က ဖော်ပြပါတယ်။

### ချီကာဂို

အာရှဈေးကွက်တွေကို အာရုံစိုက် ဆောင်ရွက်နိုင်ဖို့အတွက် ကုမ္ပဏီက အလေးပေး ဆောင်ရွက်လျက်ရှိရာအမေရိကန်နိုင်ငံမှာရှိတဲ့ အီလီနွိုက်ပြည်နယ်က တစ်ခုတည်းသောစက်ရုံကို မစ်ဆူဘီရှီ မော်တော်ကား ကော်ပိုရေးရှင်းက ပြန်လည်ရောင်းချမှာ ဖြစ်ကြောင်း ဇူလိုင်လ ၂၄ ရက်နေ့က အတည်ပြုခဲ့တယ်လို့အေပီသတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

ဈေးကောင်းရနိုင်တဲ့ အရည်အသွေးကောင်း ဆန်တွေကို ပြန်လည်ခွဲထုတ်နိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေရတဲ့အတွက် Grade C (ဆန်ညံ့)လို့ သတ်မှတ်ထားတဲ့ စက်မှုသုံးဆန်တွေ ရောင်းချမယ့် လေလံပွဲကို ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ်လအထိရွှေ့ဆိုင်းလိုက်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

**SOUTH ASIA**

## ပြုပြင်ပြောင်းလဲမှုများနှောင့်နှေးမှုကြောင့် အိန္ဒိယနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှု အလားအလာမှေးမှိန်


အိန္ဒိယနိုင်ငံအတွက် များစွာလိုအပ်လျက်ရှိတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အစိုးရကမဆောင်ရွက်နိုင်တဲ့အတွက် ဧပြီလမှစ၍ အိန္ဒိယစီးပွားရေးလုပ်ငန်း အလားအလာတွေ မှေးမှိန်နေကြောင်း ရိုက်တာသတင်းဌာနရဲ့စစ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် ငွေကြေးဖောင်းပွမှုနှုန်းက တဖြည်းဖြည်း မြင့်တက်နေတဲ့အတွက် ဗဟိုဘဏ် အတိုးနှုန်းတွေကို ပုံမှန်အတိုင်း ထိန်းထားမယ့်လက္ခဏာကို တွေ့မြင်နေရပါတယ်။

အိန္ဒိယနိုင်ငံက ယခုနှစ်အတွင်း ဗဟိုဘဏ်အခြေခံအတိုးနှုန်းကို သုံးကြိမ်လျှော့ချပြီး ၇ ဒသမ ၂၅ ရာခိုင်နှုန်းထိ ထားရှိခဲ့ပါတယ်။ ချေးငွေလုပ်ငန်းတွေ တွင်ကျယ်လာစေဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေဖို့အတွက် ချေးငွေနဲ့ ပတ်သက်တဲ့ စည်းကမ်းချက်တွေကို လျှော့ချခဲ့ပါတယ်။ ဒါပေမယ့် အောင်မြင်မှု အနည်းငယ်သာ ရရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီမှာ ကုန်ဆုံးမယ့် ယခုဘဏ္ဍာနှစ်မှာ အိန္ဒိယစီးပွားရေးတိုးတက်မှုနှုန်းက ၇ ဒသမ ၃ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင် တိုးတက်မှုအနည်းငယ်သာရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက စီးပွားရေးပညာရှင် ၃၁ ဦးကို စစ်တမ်းကောက်ယူထားချက်အရ သိရပါတယ်။ လာမယ့်ဘဏ္ဍာနှစ်မှာ တိုးတက်မှုနှုန်း ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ပြုပြင်ပြောင်းလဲရေးတွေကို အခြေခံပြီးဖွံ့ဖြိုးတိုးတက်အောင် စတင်ဆောင်ရွက်ရာမှာ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို လျှော့ချခန့်မှန်းထားတာဖြစ်ပြီး ဒီလိုဆောင်ရွက်တဲ့အတွက် ဝန်ကြီးချုပ်မိုဒီရဲ့လွန်ခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကာလအတွင်း ပြောကြားခဲ့တဲ့ ကတိတွေအပေါ် ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို မှေးမှိန်စေခဲ့ပါတယ်။

**EU**

## ကမ္ဘာ့ပထမဆုံးငှက်ဖျားရောဂါ ကာကွယ်သည့် ထိုးဆေးထုတ်လုပ်ရန် အီးယူကသဘောတူညီ



ခြင်ကြောင့်ဖြစ်ပွားတဲ့ ငှက်ဖျားရောဂါကာကွယ်သည့် ထိုးဆေးကို ငှက်ဖျားရောဂါအန္တရာယ်ကို ရင်ဆိုင်နေရတဲ့ အာဖရိကတိုက်မှ ကလေးငယ်တွေအတွက် အသုံးပြုဖို့ လိုင်စင်ထုတ်ပေးသင့်ကြောင်း ဥရောပဆေးဝါးထုတ်လုပ်ရေး အေဂျင်စီက သဘောတူခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ပထမဆုံးငှက်ဖျားရောဂါကာကွယ်တဲ့ ထိုးဆေးကို ထုတ်လုပ်နိုင်ပြီလို့ cnbc ဝက်ဘ်ဆိုက်သတင်းမှာဖော်ပြထားပါတယ်။

ဒီထိုးဆေးကို RTS,S သို့မဟုတ် မော့စ်ကွီရစ် (Mosquirix) လို့ခေါ်ပြီး ဗြိတိသျှဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Glaxo SmithKline နဲ့ PATH Malaria Vaccine Initiative တို့ပူးပေါင်းပြီး ထုတ်လုပ်တာဖြစ်ပါတယ်။ ဒီထိုးဆေးက ကပ်ပါးပိုးရောဂါ ကာကွယ်ဖို့အတွက် ပထမဆုံးလိုင်စင်ရရှိတာဖြစ်ပြီး ဒီထိုးဆေးကိုသုံးတဲ့နိုင်ငံတွေမှာ လူသန်းပေါင်းများစွာ ငှက်ဖျားရောဂါပိုး ကူးစက်မှုကနေ ကာကွယ်ပေးမှာဖြစ်ပါတယ်။ ဆေးဝါးလိုင်စင်အတွက် ဥရောပဆေးဝါးအေဂျင်စီ (EMA) ရဲ့ ထောက်ခံချက်တွေရထားပြီးပြီဆိုရင် သာမန်အားဖြင့် ဥရောပကော်မရှင်က လအနည်းငယ်အတွင်းမှာ ထပ်ဆင့်ထောက်ခံချက်ပေးလေ့ရှိပါတယ်။

ဒီထိုးဆေးကို ထုတ်လုပ်ရာမှာ ဘီလ်နဲ့ မလင်ဒါဂိတ်ဖောင်းဒေးရှင်းက ငွေကြေးထောက်ပံ့မှုအချို့ ပေးထားတာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီထိုးဆေးနဲ့ပတ်သက်ပြီး လေ့လာ အကဲဖြတ်ချက်ပေးသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုဝင်ဘာလအတွင်းမှာ လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ပြီးတဲ့နောက် ဒီငှက်ဖျားရောဂါကာကွယ်မယ့် ထိုးဆေးကို အသုံးပြုလိုတဲ့နိုင်ငံတွေက အာဏာပိုင်တွေကို ထိုးဆေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ရှင်းပြမှာဖြစ်ပါတယ်။

ငှက်ဖျားရောဂါဟာ ကမ္ဘာပေါ်မှာရှိတဲ့ ကလေးငယ်တွေကို အများဆုံးသေဆုံးစေတဲ့ ရောဂါဖြစ်ပါတယ်။ တစ်မိနစ်ကို ကလေးတစ်ယောက်နှုန်းသေဆုံးနေပြီး တစ်နှစ်ကို လူဦးရေ သန်း ၂၀၀ ခန့်ဟာ ငှက်ဖျားရောဂါပိုး ကူးစက်ခံနေရပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ ငှက်ဖျားရောဂါပိုးကြောင့် လူပေါင်း ၅၈၄၀၀၀ ဦး သေဆုံးခဲ့ရကြောင်း WHO က ဖော်ပြပါတယ်။ အထူးသဖြင့် အာဖရိကတိုက်ရဲ့ ဆာဟာရသဲကန္တာရအနီးဝန်းကျင်မှာရှိတဲ့ နိုင်ငံတွေရဲ့ ကလေးတွေမှာ ငှက်ဖျားရောဂါ ပိုမိုဖြစ်ပွားလျက်ရှိတယ်လို့ ဆိုပါတယ်။

**EAST ASIA**

## မားစ်ရောဂါနဲ့ မိုးခေါင်ခြောက်သွေ့မှုကြောင့် တောင်ကိုရီးယား ဒုတိယသုံးလပတ် စီးပွားရေးကျဆင်း

အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ သို့မဟုတ် မားစ်ရောဂါ (Middle East Respira tory Syndrone) ဖြစ်ပွားမှုနဲ့ ယခုရာစုနှစ်အတွင်း ဆိုးရွားတဲ့မိုးခေါင်ခြောက်သွေ့မှု ပြင်းထန်မှုကြောင့် တိုင်းပြည် အထိနာခဲ့သဖြင့် ယခုနှစ်ဒုတိယသုံးလပတ်တွင် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု နှေးကွေးနိုင်ကြောင်း ဇူလိုင်လ ၂၃ ရက်က ဗဟိုဘဏ်မှထုတ်ပြန်တဲ့စာရင်းများအရ သိရပါတယ်။

ပထမ သုံးလပတ်အတွင်းက တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက သုည ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ဧပြီ-ဇွန်သုံးလပတ်အတွင်း သုည ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်နှုန်းကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်မှပဏာမ ထုတ်ပြန်မှုစာရင်းများအရ တွေ့ရပါတယ်။ ယခုထုတ်ပြန်တဲ့ စာရင်းက ယခုလစောစောပိုင်းက တောင်ကိုရီးယားဗဟိုဘဏ် အုပ်ချုပ်ရေးမှူးလီဂျူးယိုးခန့်မှန်းထားတဲ့ သုည ဒသမ ၄ ရာခိုင်နှုန်းအောက်ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ကျဆင်းရတဲ့ အကြောင်းရင်းကို ဗဟိုဘဏ်က ရှင်းလင်းတင်ပြမှု မရှိခဲ့ပါဘူး။

အာရှမှာ စီးပွားရေးအရ ဒုတိယအကြီးမားဆုံး ဖြစ်တဲ့တောင်ကိုရီးယားနိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးမှု ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပြီး နှစ်နှစ်ကျော်ကာလအတွင်း တိုးတက်မှု အနှေးဆုံးဖြစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ပထမသုံးလပတ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက နှစ်အလိုက်နှိုင်းယှဉ်ရင် ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။

“ဒုတိယသုံးလပတ်မှာ ဖွံ့ဖြိုးမှုကျဆင်းရတဲ့ အဓိက အကြောင်းတရားက မားစ်ရောဂါနဲ့ မိုးခေါင်ခြောက်သွေ့မှုတို့ရဲ့ ဂယက်ပဲဖြစ်ပါတယ်။ ဒီဂယက်က အထူးသဖြင့် ဝန်ဆောင်မှုကဏ္ဍမှာပိုမိုရိုက်ခတ်ပါတယ်”လို့ တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ စီးပွားရေးစာရင်းအင်းဌာနခွဲ ညွှန်ကြားရေးမှူးချုပ် ဂွန်ဆန်ချောက ပြောပါတယ်။

**SOUTH ASIA**

## စင်ကာပူရှိ ပုဂ္ဂလိကနေအိမ် ဈေးများကျဆင်း

စင်ကာပူရှိ ပုဂ္ဂလိကနေအိမ်ဈေးနှုန်းတွေက သတ္တမ သုံးလပတ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ရာ ၁၀ နှစ်တာကာလအတွင်း ဈေးနှုန်းကျဆင်းမှု အရှည်ကြာဆုံးဖြစ်ခဲ့ပြီး အိမ်ဈေးနှုန်းကျဆင်းရေး အစီအမံတွေကြောင့် ၂၀၁၅ ခုနှစ်အကုန်အထိ ဈေးတွေဆက်လက်အေးနေလိမ့်မယ်လို့လေ့လာဆန်းစစ်သူတွေက ခန့်မှန်းထားကြောင်း ရိုက်တာသတင်း မှာ ဖော်ပြထားပါတယ်။

ဈေးကွက်အစိတ်အပိုင်းအားလုံးမှာ ဈေးနှုန်းတွေ ကျဆင်းနေတဲ့အတွက် ဒုတိယသုံးလပတ်အတွက် ပုဂ္ဂလိကလူနေအိမ်ရာ အညွှန်းကိန်းက ယခင်သုံးလပတ်ကရှိခဲ့တဲ့ ၁၄၄ ဒသမ ၂ မှတ်အောက်ကို သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း မြို့ပြပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်တဲ့ကိန်းဂဏန်းတွေအရ သိရပါတယ်။

၂၀၀၉ ခုနှစ်နောက်ပိုင်းကစပြီး စင်ကာပူနိုင်ငံက ဈေးကွက်အေးစေမယ့် အစီအမံ အမြောက်အမြားကို စီစဉ်ဆောင်ရွက်ခဲ့ရာ အခွန်တံဆိပ်ခေါင်းတန်ဖိုးတိုးမြှင့်ခြင်းနဲ့ အပေါင်ခံထားတဲ့ စည်းကမ်းချက်တွေ တင်းကျပ်ခြင်းစတဲ့ အစီအမံတွေလည်း ပါဝင်ပါတယ်။

ဒီအစီအမံတွေကြောင့် အရောင်းပမာဏတွေ ကျဆင်းစေခဲ့ပါတယ်။ အစိုးရရဲ့ အစီအမံတွေကြောင့် ပုဂ္ဂလိကနေအိမ်တွေရဲ့ ဈေးနှုန်းတွေက ၂၀၁၄ ခုနှစ်မှာ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဒီလိုကျဆင်းမှုက ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့တာ ဖြစ်ပါတယ်။

အိမ်ခြံမြေဈေးတွေ အများကြီးလျင်မြန်စွာကျဆင်းစေမယ့် အစီအမံတွေ ဆောင်ရွက်မယ်ဆိုရင် ဈေးနှုန်းတွေတစ်ဟုန်ထိုးမြင့်တက်လာစေမယ့် အလားအလာတွေရှိနေရင် အစိုးရကဒီလိုလုပ်ဖို့ စဉ်းစားရမှာဖြစ်ကြောင်း သုတေသနနဲ့ အတိုင်ပင်ခံလုပ်ငန်း SLP International ရဲ့ အမှုဆောင်ဒါရိုက်တာ နီကိုလတ်မတ်ကပြောပါတယ်။

၂၀၁၅ခုနှစ်အတွင်း မှာ ဈေးနှုန်းတွေ ၅ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအတွင်း ကျဆင်းလိမ့်မယ်လို့ သူက ခန့်မှန်းပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်






ကမ္ဘာပေါ်မှာ စီးပွားရေးအရ ဒုတိယအကြီးမားဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေး နှေးကွေးကျဆင်းမှုအတွက် စိုးရိမ်ပူပန်မှုတွေရှိနေချိန်မှာ တရုတ်နိုင်ငံရဲ့ ကုန်ချောထုတ်လုပ်မှုအတွက် ကောက်ယူရရှိတဲ့ စစ်တမ်းတွေအရ စိတ်ပျက်စရာတွေတွေ့နေရတဲ့အတွက် အာရှငွေကြေးအများစုရဲ့ တန်ဖိုးတွေက ဇူလိုင်လ ၂၄ ရက်နေ့မှာကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဒေသတွင်းရှိ နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတွေ နှေးကွေးနေတာကို ကုစားဖို့အတွက် တရုတ်ဗဟိုဘဏ်၊ အင်ဒိုနီးရှား ဗဟိုဘဏ်နဲ့ ထိုင်းဗဟိုဘဏ်တို့အပါအဝင် အာရှဗဟိုဘဏ်တွေက ငွေကြေးမူဝါဒတွေကို ထပ်မံလျှော့ချဖို့ဆောင်ရွက်လာလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

ဒါပေမယ့် ဒီအခြေအနေနဲ့ ဆန့်ကျင်ပြီး စက်တင်ဘာမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးဖို့ စိုင်းပြင်းလျက်ရှိပါတယ်။ နောက်ဆုံးကောက်ယူထားတဲ့ ကိန်းဂဏန်းတွေအရ အလုပ်လက်မဲ့ အကျိုးခံစားခွင့်တောင်းခံတဲ့ အမေရိကန်နိုင်ငံသားအရေအတွက်ဟာ ယခင် ရက်သတ္တပတ်က ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ယူရိုဇုန်ကိုကြည့်ရင် ဒုတိယအကြိမ်ပြင်ဆင်ထားတဲ့ ချေးငွေအစီအမံတွေကို ဂရိပါလီမန်ကအတည်ပြုခဲ့ပါတယ်။ ဒါကြောင့် ဂရိနိုင်ငံအတွက် တတိယအသုတ်ကယ်တင်မှုချေးငွေပေးဖို့ဥရောပသမဂ္ဂနဲ့အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ စေ့စပ်ညှိနှိုင်းဖို့ လမ်းပွင့်သွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် ယူရိုတန်ဖိုးမြင့်မား လာတာကို တွေ့ရပါတယ်။

### တရုတ်ယွမ်

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနမှာ တရုတ်ယွမ်ငွေကြေးရဲ့ ဗဟိုဘဏ်ဖလှယ်နှုန်းကို ဇူလိုင်လ ၂၄ ရက်က သုည ဒသမ ဝ၃ ရာခိုင်နှုန်းမြှင့်တင်ပြီးတစ်ဒေါ်လာကို ၆ ဒသမ ၁၁၆၉ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ လက်ငင်းငွေကြေးဖလှယ်မှုဈေးကွက်မှ ယွမ်ငွေကြေး ရဲ့တန်ဖိုးကို ဗဟိုဘဏ် သတ်မှတ်နှုန်းရဲ့ ၂ ရာခိုင်နှုန်းကိုအတက်အကျထားခွင့်ပေးထားပါတယ်။

### အိန္ဒိယရူပီး

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးဖို့ ပြင်ဆင်နေတဲ့အတွက် ကမ္ဘာ့ဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်နေတာကြောင့် ဇူလိုင်လ ၂၄ ရက်နေ့နံနက်ပိုင်းမှာ အိန္ဒိယရူပီးတန်ဖိုးက သုည ဒသမ ၂၀ ရူပီးနှုန်း ကျဆင်းခဲ့ရာ တတိယမြောက်နေ့အဖြစ် ဆက်လက်ကျဆင်းခဲ့ပါတယ်။

ထို့ပြင် သွင်းကုန်လုပ်ငန်းရှင်များထံမှ ဝယ်လိုအား မြင့်မားလာတာနဲ့ ပြည်တွင်းရှယ်ယာဈေးကွက်မှ ရှယ်ယာဈေးတွေ ကျဆင်းတာကလည်း ရူပီးတန်ဖိုးကျဆင်းတာကို တွန်းအားပေးသလိုဖြစ်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေကပြောပါတယ်။

### ဂျပန်ယန်း

ယန်းငွေနဲ့ဒေါ်လာငွေကြေးတို့ ရဲ့ ဖလှယ်နှုန်းက ဇူလိုင် ၂၄ ရက်နေ့နံနက်ပိုင်း တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၅ ယန်းအထက် ရှိနေခဲ့ပါတယ်။ ဒေါ်လာ ယန်း ဖလှယ်နှုန်းက ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီက နယူးယောက်မှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၈၇ ယန်း နှုန်းနဲ့ တိုကျိုမှာ ၁၂၃ ဒသမ ၇၈ ယန်း ရှိခဲ့ရာမှ ဇူလိုင်လ ၂၄ ရက် နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၂၃ ဒသမ ၈၈ ယန်းနှုန်း ဖြစ်ခဲ့ပါတယ်။

ယူရိုငွေကြေးက ဇူလိုင်လ ၂၃ ရက် ညနေပိုင်း နယူးယောက်မှာ တစ်ယူရိုကို (၁ ဒသမ ဝ၉၇၈ ဒေါ်လာ)၊ ၁၃၆ ဒသမ ဝ၁ ယန်းနဲ့ လည်းကောင်း၊ တိုကျိုမှာ တစ်ယူရိုကို (၁ ဒသမ ဝ၉၈၅ ဒေါ်လာ) ၁၃၅ ဒသမ ၉၈ ယန်းရှိခဲ့ရာမှ ဇူလိုင်လ ၂၄ ရက်မှာ တစ်ယူရိုကို (၁ ဒသမ ဝ၉၈၇ ဒေါ်လာ) ၁၃၆ ဒသမ ၁၁ ယန်း နှုန်းထိ ရောက် ရှိခဲ့ ပါတယ်။

### မလေးရှားရင်းဂစ်

အမေရိကန်ဒေါ်လာကို ဝယ်ယူလိုသူများပြားလာတဲ့အတွက် ဇူလိုင်လ ၂၄ ရက်နေ့မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုး ကျဆင်းလာခဲ့ပါတယ်။

ရင်းဂစ်နဲ့ ဒေါ်လာဖလှယ်နှုန်းက ဇူလိုင်လ ၂၂ ရက်နေ့မှာ တစ်ဒေါ်လာကို ၃ ဒသမ ၈ဝ၄၅ ရင်းဂစ် နှုန်းရှိခဲ့ရာမှ ဇူလိုင်လ ၂၃ ရက်ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၈ဝ၈ဝ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ်ဆိုတဲ့ သတင်းက ဒေါ်လာဝယ်လိုအား မြင့်မားစေပြီး တခြားငွေကြေးတန်ဖိုးတွေကို ကျဆင်းစေကြောင်း ဝယ်ရောင်းသမားတွေက ပြော ပါတယ်။

ဒါပေမယ့် ရင်းဂစ်တန်ဖိုးက အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ မြင့်တက်ခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

တောင်ကိုရီးယားမှာ မားစ်ရောဂါဖြစ်ပွားမှုနဲ့ အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်းမှာ အတိုးနှုန်းတွေ တိုးမြှင့်ပေးမယ့်သတင်းတွေ ထွက်ပေါ်နေချိန်မှာ တောင်ကိုရီးယားစီးပွားရေး တိုးတက်နှုန်းကလည်း ရည်မှန်းချက်နဲ့ လွဲချော်ခဲ့ရပါတယ်။ ဒါကြောင့် ဝမ်ငွေကြေး တန်ဖိုးက ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင် ကျဆင်းခဲ့ပါတယ်။

ဘလွမ်းဘတ်က ပြုစုထားတဲ့ ကိန်းဂဏန်းတွေအရ ဆိုးလ်မြို့မှာ ဇူလိုင် ၂၄ ရက်က ဝမ်ငွေတန်ဖိုးက ရက်သတ္တပတ်အလိုက် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၆၇ ဒသမ ၈၇ဝမ် နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ထိုင်းဘတ်ငွေတန်ဖိုးက ဇူလိုင်လ ၂၄ ရက်နေ့မှာ သုည ဒသမ ၃၆ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၃၄ ဒသမ ၈၇ ဘတ်နှုန်းရှိခဲ့ ပါတယ်။ ဘတ်ငွေကြေးတန်ဖိုးကျဆင်း တာက စီးပွားရေးကို ချိန်သားကိုက်ညှိရာမှာ အခက်အခဲ ဖြစ်စေတဲ့အတွက် ဗဟိုဘဏ်က ဈေးကွက်ကို အနီးကပ်စောင့်ကြည့်နေကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်ရဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ခန်တာဗန်ဆူချာရီတာကူး က ဇူလိုင်လ ၂၃ ရက်နေ့က ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## မူဝါဒရေးရာဘဏ်များအတွက် တရုတ်နိုင်ငံက ငွေအမြောက်အမြားဖြည့်ဆည်း

တရုတ်နိုင်ငံရဲ့ မူဝါဒရေးရာဘဏ်များအတွက် တရုတ်ဗဟိုဘဏ်နဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဒေါ်လာဘီလီယံပေါင်းများစွာ ဖြည့်ဆည်းပေးမှာဖြစ်ကြောင်း ဇူလိုင်လ ၂၁ ရက်နေ့က ပြည်တွင်းက ဘဏ္ဍာရေးမဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ Caixin မှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် သတင်းရရှိတဲ့ ရင်းမြစ်ကိုဖော်ပြထားခြင်းမရှိပါဘူး။

တရုတ်ဗဟိုဘဏ်က တရုတ်နိုင်ငံပို့ကုန်သွင်းကုန်ဘဏ် (Exim) အတွက် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံထုတ်ပေးပြီး တရုတ် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုဘဏ်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ယွမ်ဘီလီယံ ၁ဝဝ (အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ) ဖြည့်ဆည်းပေးမှာဖြစ်ကြောင်း Caixin မဂ္ဂဇင်းမှာ ဖော်ပြထားပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ရိုက်တာသတင်းဌာနရဲ့ ဆက်သွယ်မေးမြန်းမှုကို မူဝါဒဘဏ်နှစ်ခုစလုံးက တုံ့ပြန်ပြောကြားခြင်း မရှိပါဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်ဖို့နဲ့ ကမ္ဘာ့ဈေးကွက်မှာတရုတ်ကုမ္ပဏီတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ပေးနိုင်ဖို့အတွက် တရုတ်အစိုးရကမူဝါဒရေးရာ ငွေချေးဘဏ်တွေမှာ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

တရုတ်နိုင်ငံမှာ အကြီးဆုံးဖြစ်တဲ့ မူဝါဒဆိုင်ရာငွေချေးဘဏ်ကြီး China Development Bank Corp (CDB) အတွက် ဗဟိုဘဏ်မှမတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံဖြည့်ဆည်းပေးမှာဖြစ်ကြောင်း ယခင်ရက်သတ္တပတ်က ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ တရုတ်ဗဟိုဘဏ်က စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၉၉ ဘီလီယံထည့်ဝင်ပြီးနောက် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ နေရာကိုဗဟိုဘဏ်က အစားထိုးဝင်ရောက်လာပြီး CDB နဲ့ Exim ဘဏ်တို့ရဲ့ အများဆုံးရှယ်ယာဝင်ဖြစ်လာကြောင်းမှာ Caixin ဖော်ပြပါတယ်။

## ရင်းဂစ်ငွေကြေးတန်ဖိုး မတည်ငြိမ်မှုမှ ကာကွယ်ရန် မလေးရှားကုမ္ပဏီများကို တိုက်တွန်း

မလေးရှား ပို့ကုန်တိုးတက်အောင်ဆောင်ရွက်ရာမှာ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုခြင်း အပြင် ဒေါ်လာနဲ့ဖလှယ်ရာမှာ လက်ရှိနှုန်းထားက ပို့ကုန်လုပ်ငန်းတွေအတွက် အကောင်းဆုံးအနေအထားဖြစ်နေတဲ့အတွက် အဲဒီအခြေအနေတွေကိုထိန်းထားနိုင်ဖို့အတွက် အကာအကွယ်တွေစီမံထားဖို့ မလေးရှားကုမ္ပဏီတွေကို တိုက်တွန်းထားကြောင်း Bername သတင်းမှာ ဖော်ပြပါတယ်။

ဒေါ်လာတန်ဖိုး ကျဆင်းခဲ့တဲ့အတွက် ဒေါ်လာနဲ့ ဝင်ငွေရရှိတဲ့ မလေးရှားပို့ကုန်လုပ်ငန်းရှင်တွေအကျိုးအမြတ်များ ခံစားရရှိခဲ့ကြောင်း၊ ဒါပေမယ့် ရင်းဂစ်တန်ဖိုးက ယာယီအားဖြင့် ကျဆင်းတတ်တဲ့အတွက် အကောင်းဆုံးဖြစ်မယ့်ငွေလဲနှုန်းကို ထိန်းထားနိုင်အောင် ဆောင်ရွက်ဖို့လိုကြောင်း၊ မလေးရှားပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (Malaysia External Trade Development Corporation-Matrade) ရဲ့ အမှုဆောင်အရာရှိချုပ် ဒါတွတ်ဒူကီဖလီမာမွတ်ကပြောပါတယ်။

အကာအကွယ်လုပ်တဲ့နည်းလမ်း (Hedge Method) ကကုန်ကျစရိတ်နည်းကြောင်း၊ ဒါကြောင့်ဘဏ်တွေနဲ့ ငွေကြေးအဖွဲ့အစည်းတွေညှိနှိုင်းကြည့်ဖို့လိုကြောင်း သူကပြောပါတယ်။ ကုန်ထုတ်လုပ်မှုတိုးတက်ဖို့နဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ပိုမိုတိုးတက်လာစေဖို့အတွက် အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေ အနေနဲ့ ကုန်ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ဖို့ သူကတိုက်တွန်းပါတယ်။

ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချဖို့နဲ့ နိုင်ငံခြားငွေဖလှယ်ရာမှာ ဆုံးရှုံးမှုတွေကိုကာကွယ်နိုင်ဖို့အတွက် ပြည်တွင်းကုန်ကြမ်းတွေကို ပိုမိုသုံးစွဲဖို့ SME တွေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေကို တိုက်တွန်းပါတယ်။ ရင်းဂစ်ငွေကြေးတန်ဖိုးက ဇူလိုင်လ ဒုတိယပတ်ထဲမှာ ခြောက်နှစ်အတွင်း အနိမ့်ဆုံးနှုန်းအထိကျဆင်းခဲ့ပါတယ်။

ငွေကြေးဖလှယ်နှုန်း မတည်ငြိမ်တာနဲ့ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းရတဲ့ အကြောင်းအရင်းက ဂရိကြွေးမြီအကျပ်အတည်းနဲ့ အမေ ရိကန်အတိုးနှုန်းတွေတိုးမြှင့်ပေးမယ့် အလားအလာစတဲ့အချက်တွေကြောင့် ဖြစ်ကြောင်း ငွေကြေးဈေးကွက်ကုန်သည်တွေက ခန့်မှန်းပါတယ်။



## သားနဲ့ သမီးကို သူ့ရဲ့ရုပ်ရှင်ကားတွေ မကြည့်ဖို့ ပိတ်ပင်ခဲ့တဲ့ မိုက်ကယ်ဒေါက်ဂလပ်စ်

သားနှစ်ယောက်နဲ့ သမီးတစ်ယောက်တို့ရဲ့ဖခင်တစ်ဦး ဖြစ်တဲ့ ဟောလိဝုဒ်ရဲ့ ထင်ရှားကျော်ကြားတဲ့ အမေရိကန် ရုပ်ရှင်မင်းသား မိုက်ကယ်ဒေါက်ကလပ်စ်က သူ့ရဲ့သား နှစ်ယောက်နဲ့ သမီးတစ်ယောက်တို့ကို သူရိုက်ကူးခဲ့တဲ့၊ သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို မကြည့်ဖို့ ပိတ်ပင်တားမြစ်ထားတယ်လို့ ဆိုပါတယ်။

အဲဒီလိုတားမြစ်ရတဲ့အကြောင်းက သူ့ရဲ့သားနဲ့သမီးတွေဟာ အသက်ငယ်သေးလွန်းတဲ့အတွက် ဒီလိုရုပ်ရှင်ကားတွေကို ကြည့်ရှုဖို့ ဖခင်တစ်ယောက်အနေနဲ့ ခွင့်မပြုရတာဖြစ်တယ်လို့ မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။ မိုက်ကယ်ဒေါက်ဂလပ်စ်မှာ လက်ရှိဇနီးဖြစ်တဲ့ ရုပ်ရှင်မင်းသမီးကက်သရင်းဇီတာဂျုံးနဲ့ရခဲ့တဲ့ ၁၄နှစ်အရွယ် သားတစ်ယောက်နဲ့ ၁၂ အရွယ် သမီးတစ်ယောက်ရှိပြီး ဇနီးဟောင်း ဒီနာဒရာလူကာနဲ့ရခဲ့တဲ့သားတစ်ဦးတို့ရှိပါတယ်။

"ကျွန်တော့်ရဲ့သားနဲ့သမီးတို့ကို ကျွန်တော်တို့တွေ ဖန်သားပြင်ပေါ်မှာ သရုပ်ဆောင်နေတဲ့ရုပ်ပုံတွေကို မမြင်မတွေ့စေချင်ဘူး။ သူတို့ဟာ ငယ်သေးတဲ့အတွက် ဘာကိုမှ ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိသေးဘူး။ ကျွန်တော် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ကားတွေ၊ ကျွန်တော် ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ဇာတ်ကားတွေဟာ အသက်အရွယ်အရ ကန့်သတ်တားမြစ်ထားတဲ့ဇာတ်ကားတွေ ဖြစ်နေလို့ပါ"လို့ ဒေါက်ဂလပ်စ်က ပြောကြားခဲ့ပါတယ်။

အသက် ၇၀ အရွယ်ရှိပြီဖြစ်တဲ့ ဒေါက်ဂလပ်စ်ဟာ ၁၉၈၄ ခုနှစ်ကစတင်ပြီး ဟောလိဝုဒ်ရုပ်ရှင်လောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့ပါတယ်။ အဓိကအားဖြင့် သူဟာ စိတ်ကူးယဉ်ဆန်တဲ့ အချစ်ဇာတ်ကားတွေကို ရိုက်ကူးခဲ့တာဖြစ်သလို အဲဒီဇာတ်ကားတွေနဲ့လည်း အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒါ့အပြင် သူဟာ လိင်ကိစ္စနဲ့ပတ်သက်တဲ့ ပညာပေးဇာတ်ကားတွေကိုလည်း ရိုက်ကူးခဲ့တဲ့အတွက်ကြောင့် ခုလိုတားမြစ်ထားတာဖြစ်တယ်လို့ ဆိုပါတယ်။



## ဒေါ်လာငါးသိန်းတန် လည်ဆွဲကို လက်ဆောင်ရခဲ့တဲ့ မာရီယာကာရေး

အမေရိကန်အဆိုတော် မာရီယာကာရေးဟာ ဇူလိုင်လ ၂၂ ရက်နေ့ကကျင်းပခဲ့တဲ့ ဂီတဖျော်ဖြေပွဲမှာ အမေရိကန်ဒေါ်လာ ငါးသိန်းတန်လည်ဆွဲကို လက်ဆောင်ရရှိခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီလည်ဆွဲဟာ ၁၈ ကာရက်ရှိတဲ့ စိန်တွေနဲ့စီခြယ်ထားတာဖြစ်ပြီး အသည်းပုံသဏ္ဍာန်ရှိတယ်လို့ဆိုပါတယ်။ မာရီယာကာရေးဟာ အဲဒီလည်ဆွဲကို ဝတ်ဆင်ပြီး သီချင်းတွေ သီဆိုခဲ့တဲ့အတွက် ပရိသတ်တွေရဲ့အားပေးမှုကို အပြည့်အဝ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

မာရီယာကာရေးဟာ ပြီးခဲ့မေလအတွင်းက လာ့စ်ဗီးဂတ်စ်မှာကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာ ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ပါကာနဲ့တွေ့ဆုံခဲ့ပြီး အချိန်အနည်းငယ်အတွင်းမှာပဲ ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။

အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မာရီယာကာရေးဟာ သူ့ရဲ့ခင်ပွန်းဟောင်း နစ်ကင်နွန်နဲ့ လမ်းခွဲခဲ့ပြီးနောက် ဂျိမ်းစ်ပါကာနဲ့တွေ့ခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးရဲ့ တွေ့ဆုံမှုဟာ သိပ်မကြာလှသေးပေမယ့် ဂျိမ်းစ်ပါကာက တော့ လက်ထပ်ဖို့ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ ဂျိမ်းစ်ဟာ မာရီယာနဲ့လက်ထပ်ပြီးပါက အနည်းဆုံးကလေးတစ်ယောက် ယူဖို့အထိ စဉ်းစားထားတယ်လို့ ဆိုပါတယ်။ အသက် ၄၇နှစ်အရွယ်ရှိတဲ့ ဂျိမ်းစ်ဟာ ကလေးသုံးဦးပိုင်ဆိုင်တဲ့ ဖခင်တစ်ယောက်ဖြစ်သလို မာရီယာကာရေးကလည်း သားသမီးနှစ်ဦးကို ပိုင်ဆိုင်ထားတဲ့ မိခင်တစ်ဦးဖြစ်ပါတယ်။ ဂျိမ်းစ်ရဲ့စကားကို မာရီယာကလည်း ထောက်ခံခဲ့တယ်လို့ဆိုပါတယ်။

"ကျွန်မလည်း ကလေးလိုချင်တာပါ။ ကျွန်မ အသက်မကြီးသေးပါဘူး"လို့ မာရီယာက ပြောခဲ့ပါတယ်။

## Sex Tapeကို အွန်လိုင်းပေါ်တင်ခဲ့လို့ အမေရိကန်ဒေါ်လာ နှစ်သန်း ဒဏ်ရိုက်ခံခဲ့ရတဲ့ 50 Cent



50 Centလို့လူသိများနေတဲ့ အမေရိကန်ရက်ပါအဆိုတော် ခရစ်ဂျိမ်းစ်ဂျက်ဆင်ကို မဟာတ္တန်တရားရုံးက အမေရိကန်ဒေါ်လာ နှစ်သန်း ပေးဆောင်စေဖို့ ဇူလိုင်လ ၂၄ရက်နေ့က အမိန့်ချမှတ်ခဲ့ပါတယ်။

50 Cent ဟာ သူနဲ့အွန်လိုင်းပေါ်မှာခင်မင်ရင်းနှီးခဲ့တဲ့ လက်စတိုးနီးယား လီဗင်ဆန်နဲ့ ချစ်ကြိုက်ခဲ့ပါတယ်။ သူတို့နှစ်ဦးရဲ့ လိင်ဆက်ဆံနေတဲ့ပုံကို 50 Cent က ခိုးကြောင်ခိုးဝှက်ရိုက်ကူးထားပြီး အများပြည်သူသိရှိအောင် အွန်လိုင်းပေါ် တင်ခဲ့တဲ့အတွက် လက်စတိုးနီးယားက တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။

လက်စတိုးနီယားရဲ့ တိုင်တန်းချက်ကို မဟာတ္တန်တရားရုံးက လက်ခံခဲ့ပြီး စွဲချက်တင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ 50 Cent ကို တရားရုံးက အမေရိကန်ဒေါ်လာ နှစ်သန်းလျော်ကြေးပေးဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။

ဒီအမိန့်ဟာ 50 Cent အတွက် သက်သာတဲ့အမိန့်ဖြစ်တယ်လို့ ဆိုပါတယ်။ တရားရုံးအနေနဲ့ 50Cent ကို အမြင့်ဆုံးအပြစ်ဒဏ်အဖြစ် အမေရိကန် ဒေါ်လာ ငါးသန်းပေးဆောင်ရမှာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီ Sex Tape ကို အွန်လိုင်းပေါ်တင်ပြီး သိပ်မကြာခင်မှာပဲ ကြည့်ရှုသူ တစ်သန်းကျော်သွားခဲ့တာကြောင့် Youtube မှာ စံချိန်တင်လောက်တဲ့ ပရိသတ်ကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။

လက်စတိုးနီးယားက တရားစွဲဆိုချိန်မှာ 50Cent ဟာ သူ့ကို မဟုတ်မမှန် တရားစွဲဆိုခဲ့တယ်လို့ လတ်စတိုးနီးယားကို ပြောကြားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ 50 Cent ဟာ လတ်စတိုးနီးယားကို တောင်းပန်စကားဆိုဖို့ ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။

တရားရုံးက အမိန့်ချမှတ်ပြီးချိန်မှာ လက်စတိုးနီးယားက "တကယ်တော့ သူ့ကို 50 Cent လို့တောင် မခေါ်သင့်တော့ပါဘူး။ ခုဆို သူရဲ့တန်ဖိုးက ဒေါ်လာ နှစ်သန်းဖြစ်သွားပြီ"လို့ ပြောကြားခဲ့ပါတယ်။

## ထွက်ရှိတော့မယ့် Mission Impossible ဇာတ်ကားမှာ စွန့်စားခန်းတွေ ပိုလုပ်ပြထားတယ်ဆိုတဲ့ တွမ်ခရုဇ်

Mission Impossible ဇာတ်လမ်းတွဲတွေကို စတင်ထွက်ရှိစဉ်ကတည်းက ရိုက်ကူးခဲ့ပြီးကမ္ဘာတစ်လွှားက ရုပ်ရှင်ကြည့်ပရိသတ်တွေ ကြိုက်နှစ်သက်ခဲ့တဲ့ အက်ရှင်မင်းသား တွမ်ခရုဇ်က မကြာမီထွက်ရှိတော့မယ့် Mission Impossible ဇာတ်ကားဖြစ်တဲ့ Rogue Nation ဇာတ်လမ်းမှာ စွန့်စားခန်းတွေကို အရင်ဇာတ်လမ်းတွေထက်ပိုပြီး လုပ်ပြထားတယ်လို့ ဆိုပါတယ်။

အဲဒီ Mission Impossible ဇာတ်ကားတိုင်းမှာ တွမ်ခရုဇ်ဟာ ကြည့်ရှုသူပရိသတ်တွေကို ရင်သပ်ရှုမောဖွယ်ရာဖြစ်အောင် သူ့ရဲ့စွန့်စားခန်းတွေကို သရုပ်ဆောင်ထားပါတယ်။

အဲဒီဇာတ်ကားမှာ တွမ်ခရုဇ်ဟာ ဗြိတိသျှရုပ်ရှင်မင်းသား ဆီမွန်ပက်ဇ်နဲ့ ပူးတွဲသရုပ်ဆောင်ထားပါတယ်။ အဲဒီဇာတ်ကားကိုရိုက်ကူးစဉ်မှာတွမ်ခရုဇ်ဟာ ဒဏ်ရာအနည်းငယ်ရခဲ့တာကြောင့် ဇာတ်ကားရိုက်ကူးမှုအနည်းငယ် နှောင့်နှေးခဲ့ရပေမယ့် အချိန်မီထွက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဆီမွန်ပက်ဇ်က "တွမ်ဟာ တကယ့်ကို ချစ်ဖို့ကောင်းတဲ့သူပါ။ သူနဲ့တွဲပြီး အလုပ်လုပ်ရတာ ကောင်းတယ်။ သူဟာ အလုပ်ကို စိတ်ဝင်တစားနဲ့လုပ်တတ်သလို သူသရုပ်ဆောင်နေတာကို ကြည့်ရတာ အပြင်က လူတစ်ယောက် တကယ်ဖြစ်နေသလိုမျိုးကို ခံစားရတယ်"လို့ ပြောကြားခဲ့ပါတယ်။

အဲဒီဇာတ်ကားပြသဖို့ စီစဉ်နေချိန်မှာပဲ တွမ်ဟာ သူ့ရဲ့လက်ထောက်ဖြစ်တဲ့ အေမီလီသောမတ်စ်နဲ့ ချစ်ကြိုးသွယ်နေတယ်လို့ မီဒီယာတွေက ထုတ်ဖော် ရေးသားခဲ့ပါတယ်။ ဒါပေမယ့်လည်း တွမ်က အဲဒီသတင်းတွေဟာ မဟုတ်ဘူးလို့ ငြင်းပယ်ခဲ့ပေမယ့် အိမ်ထောင်သုံးဆက် ရှိခဲ့ဖူးတဲ့ တွမ်ဟာ မိန်းမချောလေးတွေ စွဲလမ်းလောက်တဲ့ အနေအထားမှာ ရှိနေဆဲပဲဖြစ်တယ်လို့ သတင်းတွေက ထုတ်




ဖော်ရေးသားခဲ့ကြပါတယ်။

အဲဒီဇာတ်ကားကို အမေရိကတိုက်အတွင်းမှာ ဇူလိုင်လ ၃၁ရက်နေ့မှာ စတင်ပြသမှာဖြစ်ပါတယ်။


U THAMARDI
INTERNATIONAL SERVICES CO.,LTD
JAPAN နိုင်ငံထုတ် အရည်အသွေးမြင့် မော်တော်ယာဉ်များကို ဈေးနှုန်းချိုသာစွာဖြင့်
လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုများပေး၍ ရောင်းချပေးနေပါသည်။
HOT LINE
95(09)5112878
HIRE PURCHASE
အရစ်ကျ ဝယ်ယူသည့်စနစ်ဖြင့် တက်နှင့်ချိတ်ဆက် ဝယ်ယူနိုင်မည့်
အထူးအခွင့်အရေး BB TAXI များကိုပါ ရောင်းချပေးနေပါသည်။
မော်တော်ယာဉ်အရောင်းပြခန်း
HIRE PURCHASE
အမှတ် - ၃၃(က)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၆၅၉၅၃၊ ၀၁ - ၈၅၅၀၆၂၅၊ ၀၉ - ၅၁၁၂၈၇၈၊ ၀၉ - ၇၃၁၁၆၈၉၈
Fax : 01-565953, E-mail : uthamardi@gmail.com, aungsaysu@gmail.com


U THAMARDI
INTERNATIONAL SERVICES CO.,LTD
JAPAN နိုင်ငံထုတ် အရည်အသွေးမြင့် မော်တော်ယာဉ်များကို ဈေးနှုန်းချိုသာစွာဖြင့်
လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုများပေး၍ ရောင်းချပေးနေပါသည်။
CNG
CNG
9709
HIRE PURCHASE
အရစ်ကျ ဝယ်ယူသည့်စနစ်ဖြင့် တက်နှင့်ချိတ်ဆက်
ဝယ်ယူနိုင်မည့် အထူးအခွင့်အရေး
BB TAXI များ ကိုပါရောင်းချပေးနေပါသည်။
အမှတ် (၃၃ - က)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၆၅၉၅၃၊ ၀၁ - ၈၅၅၀၆၂၅၊ ၀၉ - ၅၁၁၂၈၇၈၊ ၀၉ - ၇၃၁၁၆၈၉၈

COMMERCE INTERNATIONAL

# ဇီဝလောင်စာဆီဘက်ကို လေကြောင်းလိုင်းများ မျက်စိကျလာ

တရုတ်၊ အိန္ဒိယနဲ့ အင်ဒိုနီးရှားအပါအဝင် အာရှနိုင်ငံများရဲ့ ပြည်သူတွေ ပိုမိုကြွယ်ဝလာကြပြီး အားလပ်ရက် သို့မဟုတ် စီးပွားရေးလုပ်ငန်းအတွက် ခရီးထွက်တဲ့ အခါလေကြောင်းလိုင်းဘက်ကို ဦးလှည့်လာကြပါတယ်။

ဒါကြောင့် လေကြောင်းလိုင်းတွေအတွက် ငွေကြေးဆိုင်ရာ အခွင့်အလမ်းတွေ အများကြီး ရရှိစေနိုင်ပါတယ်။ လာမယ့် နှစ် ၂၀ အတွင်း ကမ္ဘာတစ်ဝန်းမှာ လေကြောင်းနဲ့ခရီးသွားမယ့် ဦးရေက တစ်နှစ်ကို ၇ ဒသမ ၃ ဘီလီယံထိတိုးပြီး နှစ်ဆတက်လာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေး အသင်း (International Air Transport Association) က ပြောပါတယ်။

ဒါပေမယ့် ဂျက်လေယာဉ်တွေမှာ သုံးစွဲရတဲ့ လောင်စာဆီနေရာမှာ အစားထိုးလောင်စာဆီ သုံးစွဲမှုမရှိဘူးဆိုရင် ခရီးသွားလာတဲ့ဦးရေ ကြီးထွားလာမှုကြောင့် ကမ္ဘာ့လေကြောင်းလိုင်းတွေမှာ လေယာဉ်တွေရဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ကန့်သတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်လာနိုင်တာကြောင့် ခြိမ်းခြောက်မှုအန္တရာယ်တွေနဲ့ ကြုံတွေ့ရလာလိမ့်မယ်လို့ လေကြောင်းလုပ်ငန်းအတွင်း ဆောင်ရွက်နေသူအများစုက ယုံကြည်ထားပါတယ်။



ဘိုအင်းလေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီရဲ့ သဘာဝပတ်ဝန်းကျင် မဟာဗျူဟာဌာနက အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ တရုတ်၊ ဘရာဇီး၊ ဂျပန်နဲ့ ယူအေအီးနိုင်ငံတွေမှာ ဇီဝလောင်စာဆီ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဓာတ်ငွေ့ထုတ်လွှတ်မှုကန့်သတ်တဲ့ နည်းဥပဒေ ကန့်သတ်ချက်တွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ကား၊ ထရပ်ကားနဲ့ မီးရထားတွေကို လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နဲ့ ဟိုက်ဒရိုဂျင်တို့ကိုသုံးပြီး တစ်နေ့နေ့မှာ မောင်းနှင်လို့ရနိုင်ပါတယ်။

ဒါပေမယ့်ခရီးသည်၁၀၀ကျော် သူတို့ရဲ့ လက်ဆွဲအိတ်နဲ့ ကုန်စည်စတာတွေကို ပေ ၃၅၀၀၀ မြင့်တဲ့ ကောင်းကင်ထဲမှာ သယ်ယူပို့ဆောင်ဖို့နဲ့ တိုက်တစ်တိုက်ကနေ တစ်တိုက်ကို ပျံသန်းပေးဖို့က စွမ်းအင်အများကြီးလိုမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ အရည်လောင်စာဆီကသာ စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ မော်တော်ကားတွေအတွက် လောင်စာဆီရဲ့ ၁၀ ရာခိုင်နှုန်းနီးပါးကို ဖြည့်ဆည်းပေးနိုင်တဲ့ ပြောင်းကထုတ်တဲ့ အမေရိကန်ရဲ့ ဇီဝလောင်စာဆီကလည်း အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း၊ လေလွင့်ပစ္စည်း သို့မဟုတ် လူစားသုံးလို့မရတဲ့ သီးနှံတွေကထုတ်မယ့် ခေတ်မီတဲ့ ဇီဝလောင်စာဆီနဲ့သာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ **UNT**


စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၁၂၊ ၀၉-၇၇၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၁၉၇၊ ၀၁၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ X ၃၂ နှင့် ၇၇ X ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE : 27th July 2015

<< May And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | | | S/O CUT | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | | | S/O CUT | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | | | S/O CUT | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 5.7.2015 | |
| | | | S/O CUT | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | | | S/O CUT | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | | | S/O CUT | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioni Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်သုံနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။